ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ သောကြာနေ့၊ (4-7-2003) (၃၉၂၁)

ကတညုတာ
တော် မင်္ဂလ မုတ္တမံ။

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

စာအုပ်စာတမ်းများနှင့် မဂ္ဂဇင်းများ ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော အမျိုးသမီးရေးရာ လုပ်ငန်း လှုပ်ရှားမှု ဓာတ်ပုံပြကွက်များ၊ အမျိုးသမီးရေးရာနှင့်ပတ်သက်သော စာအုပ်စာတမ်းများနှင့် မဂ္ဂဇင်းများကို ကြည့်ရှုကြစဉ်။ (ကြေးမုံ)

မြန်မာ့လူ့ဘောင်မှာ အမျိုးသမီးများအတွက် အခွင့်အရေးဆုံးရှုံးမှု မရှိဘူးဆိုသည်မှာ အမှန်အကန်ဖြစ် ဗဟိုမှ အမျိုးသမီးရေးရာတာဝန်ရှိသူများ တိုင်းနှင့်ပြည်နယ်အနှံ့ ကျေးရွာများအထိ ကွင်းဆင်းစည်းရုံးပညာပေး မြန်မာအမျိုးသမီးငယ်ရွယ်များအကြား အသိအမြင်လွဲမှားမှုနှင့် တိုင်းတစ်ပါးအားကိုးလိုစိတ်များ လျော့ပါး ယခုဆိုလျှင် လူမှောင်ခိုပွဲစားများ၏ တစ်ဖက်လှည့်ဖြင့် ရောင်းစားခံရမှုများ တဖြည်းဖြည်းကျဆင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ၂၀၀၂ခုနှစ်တွင် အဆင့်မြင့်ပညာဆည်းပူးခဲ့သော အသက်အရွယ်အကြီးဆုံး အမျိုးသမီး အသက်(၈၉)နှစ်ရှိ စာရေးဆရာမကြီး မမြတ်လေး(ခေါ်) ဒေါ်သိန်းဆိုင်အား အမျိုးသမီးရေးရာကော်မတီက ပေးအပ်သည့် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ချီးမြှင့်စဉ်။ (ကြေးမုံ)

ရန်ကုန် ဇူလိုင် ၃

၂၀၀၃ခုနှစ် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်၍ ထူးချွန်ဆုချီးမြှင့်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တရားသူကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ၂၀၀၃ခုနှစ် မြန်မာအမျိုးသမီးများနေ့ကျင်းပရေး လုပ်ငန်းကော်မတီဝင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းနှင့် ခရိုင်များမှ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အနုပညာရှင်များ၊ အလှူရှင်များ၊ ထူးချွန်အမျိုးသမီးများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို ရည်စူးဂုဏ်ပြုထားသော **မြန်မာအမျိုးသမီးများနေ့** ဆိုသည့် နေ့ထူးနေ့မြတ်ကြီး ယခုကဲ့သို့ တင့်တင့်တယ်တယ် ပေါ်ထွန်းလာခြင်းသည် မြန်မာအမျိုးသမီးများ၏ လေးစားဂုဏ်ယူ မြတ်နိုးဖွယ် ဂုဏ်ဒြပ်များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၄-၇-၂၀၀၃
(သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျေးလက်ပြည်သူများ ဝင်ငွေတိုးစေရေး စပါးခင်းများ၌ ငါးမျိုး စိုက်ထည့်ဆောင်ရွက်

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသော အချိန်အခါဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးတွင် အခြေခံဖြစ်သည့် ကျေးလက်ဒေသများ၌ မိရိုးဖလာသမားရိုးကျနည်းလမ်းများကို ချဲ့ထွင်၍ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

သဘာဝရေခံ၊ မြေခံကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသည့်ဒေသများတွင် သီးနှံစွမ်းအား တိုးမြှင့်ပေးနိုင်ရေးအတွက် ခေတ်မီနည်းပညာများ ဖြန့်ဝေကျင့်သုံးစေလျက်ရှိသည်။ သီးနှံအရည်အသွေးမြင့်မားပြီး အထွက်တိုးသည့် မျိုးကောင်းမျိုးသန့်သီးနှံများကို ပံ့ပိုးကူညီလျက်ရှိပေသည်။ တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ပေးလျက်ရှိသည်။

စပါး၊ ငါးစီမံကိန်းတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်သည့် စပါးစိုက်ခင်းများ၌ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန်လ ၂၇ ရက်နေ့က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပဲခူးမျိုးသန့်ခြံ၌ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက်အားပေးကြပြီး ငါးမျိုးများထည့်ပေးခဲ့ကြသည်။

စပါးရိတ်သိမ်းချိန်တွင် လယ်ကွင်းများအတွင်း ရေလျော့သဖြင့် ငါးခူ၊ ငါးရံ့၊ ငါးပြေမ၊ ငါးဖယ်စသော သဘာဝ ငါးမျိုးစုံတို့သည် ရေနက်ကွင်းများ၊ ချောင်းလက်တက်များ၊ ချိုင့်များ၊ ကျင်းများ၌ စုဝေးခိုအောင်းကြသောကြောင့် အဆိုပါငါးများကို ဖမ်းဆီးထုတ်လုပ်နိုင်ခြင်းဖြင့် တောင်သူလယ်သမားများ ဟင်းစားအဖြစ် ဝင်ငွေတိုးတက်မှုရရှိခဲ့ကြသည်။

စပါးနှင့် ငါးများ ရောနှောမွေးမြူရာ၌ စပါးစိုက်ပျိုးရန် မိုးရေ သို့မဟုတ် ဆည်ရေသည် ငါးများ၏ ဇီဝစက်ဝန်း တစ်ခုအတွက် သော်လည်းကောင်း၊ သက်တမ်းတစ်ခုအတွက်သော်လည်းကောင်း မှီခိုနိုင်သောနေရာဖြစ်သည်။ ငါးများက စပါးစိုက်ကွင်းရှိ ကဏန်းများ၊ ခရုများ၊ ခြင်သားလောင်းများ၊ ပိုးမွှားများကိုစားသုံးကြသည်။ ငါးများကြောင့် မြေဆီလွှာ နူးညံ့စေခြင်း၊ ရေမှော်ပင်များ ရှင်းလင်းပေးခြင်း၊ ငါးများစွန့်ထုတ်သော အညစ်အကြေးကြောင့် မြေသြဇာ ပိုမိုကောင်းမွန်စေခြင်းတို့ကြောင့် စပါးအထွက်နှုန်းတိုးတက်မှုကို အထောက်အကူပြုပေသည်။

ထို့ကြောင့် စပါးခင်းများ၌ ငါးမျိုးများစိုက်ထည့်ပေးခြင်းသည် ကျေးလက်ဒေသ ပြည်သူများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေလျက်ရှိသည်။ စိုက်ပျိုးရေးကို အခြေခံ၍ ငါးမွေးမြူ ထုတ်လုပ်နိုင်သဖြင့် တောင်သူလယ်သမားများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးတက် ရရှိစေနိုင်မည်ဖြစ်သည်။ စပါးခင်းများ၌ ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကျင်းပသည့်နေ့က လယ်မြေ ၄၇၄ ဧကအတွက် တလားဗီးယား၊ ငါးခူ၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး ငါးမျိုးများကို တစ်ဧကလျှင် ကောင်ရေ၅၀၀နှုန်းဖြင့် ကောင်ရေ နှစ်သောင်းသုံးထောင်ကျော် ဖြန့်ဝေထည့်ပေးခဲ့ကြောင်းသိရသည်။

စပါးစိုက်ခင်းများ၌ ငါးပိုမိုထွက်ရှိရေးလုပ်ငန်း စီမံချက်ကို ၂၀၀၂ခုနှစ်က စတင်ဆောင်ရွက်ခဲ့သည်။ ယခု ၂၀၀၃-၂၀၀၄ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့ပူးပေါင်းပြီး ပြည်နယ်၊ တိုင်း ခုနစ်ခုတို့၌ ဧက ၅၅၀၀တွင် ငါးမျိုးများ စိုက်ထည့်ပေးမည်ဖြစ်ကြောင်းသိရသည်။

စပါးခင်းများ၌ ငါးမျိုးစိုက်ထည့်သည့်လုပ်ငန်းကို ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လယ်မြေဧက ၅၅၀၀ တွင် ဆောင်ရွက်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မျိုးစပါးစိုက်ဧကပေါင်း ၁၂ သန်းကျော်ရှိရာ အဆိုပါ စပါးစိုက်ခင်းများ၌ ငါးမျိုးထည့်သွင်းမွေးမြူခြင်းလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်စွာဆောင်ရွက်နိုင်လျှင် မြန်မာနိုင်ငံ၏ ရေချိုငါးထုတ်လုပ်မှုသည် လက်ရှိအနေအထားထက် ပိုမိုတိုးတက်ထွက်ရှိလာမည်ဖြစ်သည်။

စပါးနှင့်ငါး စိုက်ပျိုးမွေးမြူရာတွင် စပါးစိုက်ဧကမြေ မလျော့ပါးစေဘဲ လယ်ကွက်များတွင် ငါးများခိုနားရန် နေရာ ပြုလုပ်ပေးမှုအတွက် လယ်တစ်ဧကတွင် ၀ ဒသမ ၀၃ ဧက (လယ်တစ်ဧက၏ ၃ ရာခိုင်နှုန်းခန့်သာ) ထားရှိရန် စီစဉ်ထားကြောင်းသိရသည်။

သို့ဖြစ်ရာ ကျေးလက်တောင်သူလယ်သမားများအတွက် စပါးအထွက်တိုးပြီး ဝင်ငွေတိုးတက်ရရှိစေမည့် စပါးခင်းများ၌ ငါးမျိုးစိုက်ထည့်မွေးမြူသည့်လုပ်ငန်းကို ယခုထက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေး စည်းရုံးပြသအကောင်အထည်ဖော်ကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

အီရတ်သို့ အမေရိကန်တပ်ဖွဲ့ ပိုမိုစေလွှတ်ရန် ပေါလ်ဘရီမာကြိုးပမ်း တရားဥပဒေစိုးမိုးမှု ပြန်လည်ဖြစ်ပေါ်ရေးအတွက် တိုက်တွန်းဆော်သြ

ဖီလာဒဲဖီးယား ဇူလိုင် ၃

အီရတ်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုပြန်လည်ဖြစ်ပေါ်ရေး ပိုမိုမြန်ဆန်စေရန်အတွက် အီရတ်ရှိ အမေရိကန် အုပ်ချုပ်ရေးမှူးပေါလ်ဘရီမာက ယင်းနိုင်ငံသို့ အမေရိကန်တပ်သားများနှင့် အရပ်သားများကို ပိုမိုစေလွှတ်ပေးရန် တိုက်တွန်းဆော်သြထားကြောင်း၊ သို့ရာတွင် အမေရိကန်စစ်ဌာနချုပ်က အဆိုပါတိုက်တွန်းချက်အား ငြင်းဆိုထားကြောင်း ဖီလာဒဲဖီးယားအင်ကွာရာ သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြလိုက်သည်။

အီရတ်နိုင်ငံတွင် အမေရိကန် ဆန့်ကျင်ရေးစိတ်ဓာတ် တိုးပွားနေပြီး အမေရိကန်တပ်ဖွဲ့များအား တိုက်ခိုက်မှု အရှိန်မြင့်တက်နေစဉ်အတွင်း ပေါလ်ဘရီမာ၏ တောင်းဆိုချက်ကို အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က ပြန်လည်သုံးသပ်နေသည်ဟု အမည်မဖော်သည့် အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းစာကဖော်ပြသည်။

အီရတ်နိုင်ငံ၏ တရားဥပဒေစိုးမိုးရေး ဖြစ်ပေါ်စေရန်နှင့် အမေရိကန်တပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများ တားဆီးနိုင်ရန်အတွက် ဘရီမာက အီရတ်သို့ စစ်သည်များ နောက်ထပ်စေလွှတ်ပေးရန် တောင်းဆိုထားကြောင်း၊ လာမည့်ရက်သတ္တပတ်တွင် အမေရိကန်စစ်ဌာနချုပ်၌ အကြီးအကဲအဖြစ် တာဝန်ယူမည့် အမေရိကန်ကြည်းတပ်မတော် ဗိုလ်ချုပ်ကြီး ဂျွန်အဘိုင်ဇစ်က တပ်သားများထပ်မံဖြည့်၊ မဖြည့်၊ တပ်သားအသစ် ထား၊ မထား သို့မဟုတ် အခြားပုံစံကွဲပြားသည့် တပ်သားများအား သုံး၊မသုံး စသည့် ကိစ္စများကို လေ့လာလျက်ရှိကြောင်း ဖော်ပြပါ ပင်တဂွန်စစ်ဌာနချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ အလားတူတောင်းဆိုချက်များ ယခင်ကမရှိခဲ့ကြောင်း၊ မိမိတို့တပ်ဖွဲ့များအား အန္တရာယ်ပေးမည့်ဆက်ဒမ်ဟူစိန်အား သစ္စာခံသူအကြွင်းအကျန်များ ယခုထက်တိုင် ရှိနေသေးကြောင်း၊ တစ်ဖက်မှကြည့်ပါက တပ်သားအများအပြားထားပါက ပစ်မှတ်ပိုများပြားလာမည်ဖြစ်ကြောင်း ၎င်းတာဝန်ရှိပုဂ္ဂိုလ်က ဆက်လက် ပြောကြားသည်။

အီရတ်နိုင်ငံတွင် ယခုအခါ အမေရိကန်တပ်သား ၁၄၆၀၀၀၊ ဗြိတိသျှနှင့် အခြားတပ်သားများ ၁၂၀၀၀ခန့်ရှိနေသည်။ အီရတ်နိုင်ငံ တည်ငြိမ်စေရေးအတွက် ကူညီပံ့ပိုးရန် အခြားနိုင်ငံပေါင်း ၃၀ကျော်က တာဝန်ယူထားကြောင်း၊ သို့မဟုတ် နောက်ထပ်တပ်များစေလွှတ်ရန်ကတိပြုထားကြောင်း ၎င်းပုဂ္ဂိုလ်ကပြောကြားသည်။ သို့ရာတွင် ကတိကဝတ်ပြုသည့်တပ်သားအရေအတွက်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာ သတင်းများ

ငါးမျိုးတိုးပွားရေး ကမ္ဘောဒီးယားဆောင်ရွက် ငါးသားပေါက်များလွှတ်

ဖနွမ်းပင် ဇူလိုင် ၃

ကမ္ဘောဒီးယားနိုင်ငံတွင် ငါးမျိုးတိုးပွားစေရန် ကြိုးပမ်းဆောင်ရွက်ချက်တစ်ရပ်အဖြစ် နိုင်ငံ၏ မြစ်ချောင်းအင်းအိုင်များတွင် ငါးကောင်ရေ တိုးပွားစေရန် ငါးသားပေါက်များ လွှတ်ပေးသည့် အခမ်းအနားတစ်ရပ်ကို အင်္ဂါနေ့က ကျင်းပရာ ဝန်ကြီးချုပ် ဟွန်ဆန် တက်ရောက်အားပေးခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ရေသတ္တဝါလောက စည်ပင်ဖွံ့ဖြိုးလာစေရန် အစိုးရက မြှင့်တင်အားပေးလျက်ရှိပြီး ယင်းနိုင်ငံ၏ ပထမဆုံးသော အမျိုးသားရေလုပ်ငန်းများနေ့ကို အင်္ဂါနေ့က ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းစာများတွင် ဗုဒ္ဓဟူးနေ့က ရေးသားဖော်ပြကြသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့သို့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရော ဗုဒ္ဓဟူးနေ့က ရောက်ရှိနေစဉ် အီရတ်လူမျိုးစစ်သည်ဟောင်းများက ၎င်းတို့၏ လုပ်ခလစာများ ပြန်လည်ရရှိရန် တောင်းဆိုသည့် ဆန္ဒပြပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ (ပုံမှာ အီရတ်လူမျိုး စစ်သည်ဟောင်းများ၏ ဆန္ဒပြပွဲတွင် ဗြိတိသျှစစ်သည်များက စောင့်ကြပ်နေစဉ်။)

အိန္ဒိယ-ပါကစ္စတန် ဘတ်စ်ကားပြေးဆွဲမှုလုပ်ငန်းစတင်မည်

ပို့လူးဝစ် ဇူလိုင် ၃

အိန္ဒိယနှင့်ပါကစ္စတန် နိုင်ငံအကြား ဆက်သွယ်သည့် ဘတ်စ်ကားပြေးဆွဲသည့် လုပ်ငန်းများကို ဇူလိုင် ၁၁ရက်တွင် ပြန်လည် စတင်နိုင်မည်ဟု မျှော်မှန်းကြောင်း အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

နျူကလီးယား လက်နက်ပိုင်ဆိုင်သည့် ပြိုင်ဘက် နှစ်နိုင်ငံ ဖြစ်ကြသော အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံတို့အကြား တင်းမာမှုများ လျှော့ချနိုင်စေရန် ရည်ရွယ်ဆောင်ရွက်သည့် အစီအစဉ်များ၏ တစ်စိတ်တစ်ဒေသအရ နှစ်နိုင်ငံဆက်သွယ်သော ဘတ်စ်ကား ခရီးစဉ် လုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သည်။

အိန္ဒိယနှင့်ပါကစ္စတန်တို့အကြား ဘတ်စ်ကားပြေးဆွဲသည့် လုပ်ငန်းကို ဇူလိုင် ၁ရက်တွင် စတင်နိုင်ရန် မျှော်မှန်းခဲ့သော်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှု မပြီးပြတ်သေးသဖြင့် စတင်နိုင်ခြင်း မရှိသေးကြောင်း အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး ဂျက်စဝန်ဆင်းက မောရစ်သျှနိုင်ငံသို့ အလည်အပတ်သွားရောက်စဉ် ပို့လူးဝစ်မြို့၌ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်သို့ လေကြောင်းခရီးစဉ် ပျံသန်းရေး အီဂျစ်လေကြောင်းဌာန ဆွေးနွေးမည်

ကိုင်ရို ဇူလိုင် ၃

အီဂျစ်လေကြောင်းဌာနသည် မြို့ပြလေကြောင်းပျံသန်းရေးဌာန အာဏာပိုင်များနှင့် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်သို့ လေကြောင်း ပျံသန်းမှု ပြန်လည်စတင်ရေးကိစ္စကို စနေနေ့တွင် ဆွေးနွေးမည်ဖြစ်ကြောင်း၊ မြို့တော် ဘဂ္ဂဒက်သို့ လေကြောင်းခရီးစဉ်များ ပြေးဆွဲမှုကို အမြန်ဆုံးစတင်ရန် လိုလားလျက်ရှိကြောင်း အဆိုပါ လေကြောင်းဌာန၏ စီးပွားရေးဆိုင်ရာ ညွှန်ကြားရေးမှူးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံသို့ လေကြောင်းခရီးစဉ်များ ပျံသန်းမှုလုပ်ငန်းကို အမြန်ဆုံးစတင်ရန် အီဂျစ်လေကြောင်းဌာနက အဆင်သင့်ရှိနေကြောင်း ဆီအယ်လ်ဇူမာက သတင်းထောက်များအား ပြောကြားသည်။ ကိုင်ရို-ဘဂ္ဂဒက် လေကြောင်းခရီးစဉ် ပြန်လည်စတင်ရန် စီးပွားရေးအရ လေ့လာမှုများပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အီဂျစ်လေကြောင်းဌာနက ဘဂ္ဂဒက်သို့ လေကြောင်းခရီးစဉ် ပျံသန်းရေးအတွက် နိုင်ငံတကာ လေကြောင်းပို့ဆောင်ရေးအဖွဲ့ (အိုင်အေတီအေ)၏ အမှုန်ရုံးမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဘဂ္ဂဒက်သို့ လေကြောင်းပျံသန်းမှု ခရီးစဉ်စတင်ရေးအတွက် အီရတ်ရှိ အမေရိကန်ဦးဆောင်သည့် တပ်ပေါင်းစုကြားဖြတ်အာဏာပိုင်အဖွဲ့ (စီပီအေ)နှင့် ဆွေးနွေးညှိနှိုင်းရန် နိုင်ငံတကာ မြို့ပြလေကြောင်း ပျံသန်းရေးအဖွဲ့ (အိုင်စီအေအို)က အခွင့်အာဏာ ပေးထားသည်ဟု ဇူမာက ထပ်လောင်း ပြောကြားသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်သို့ အရပ်ဘက်ဆိုင်ရာ လေကြောင်းပျံသန်းမှု ခရီးစဉ်များတွင် ပါဝင်နိုင်ရန်အတွက် လျှောက်လွှာများတင်သွင်းကြရန် လေကြောင်းဌာနများသို့ စီပီအေက အင်္ဂါနေ့တွင် ဖိတ်ခေါ်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန် မရိန်းစစ်သည် မိုင်းဖိုးရှင်းလင်းစဉ်သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၃

အီရတ်နိုင်ငံ အလယ်ပိုင်း ကာဘာလာမြို့အနီးတွင် မြေမြှုပ်မိုင်းဖိုးရှင်းလင်းရေးလုပ်ငန်းတစ်ရပ် ဆောင်ရွက်စဉ် ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ အမေရိကန် မရိန်းစစ်သည်တစ်ဦး သေဆုံးပြီး အခြားစစ်သည်သုံးဦး ဒဏ်ရာရရှိသည့်ဖြစ်ရပ် ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်တွင် အီရတ်လူမျိုး မိုင်းရှင်းလင်းရေးလုပ်သားတစ်ဦးမှာလည်း ဒဏ်ရာရရှိခဲ့ရကြောင်း အမေရိကန် ဗဟိုစစ်ဌာနချုပ်က ထုတ်ပြန်သည့်ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။

အင်တာနက်။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အီရတ်နိုင်ငံတွင် လူမျိုးပေါင်းစုံပါဝင်သော အစိုးရအဖွဲ့ ဖွဲ့စည်းသင့် အမေရိကန်တပ်ဖွဲ့၏ ကျူးကျော်သိမ်းပိုက်မှု အဆုံးသတ်ရန် တိုက်တွန်း

နာဂျက်ဖ် ဇူလိုင် ၂

အီရတ်နိုင်ငံရှိ ရှီးယားမွတ်စလင် အသိုက်အဝန်းသည် အီရန်နိုင်ငံ၏ သြဇာသက်ရောက်မှုနှင့်အတူ လှုပ်ရှားနေသည်ဆိုသော ပြောဆိုချက်များကို ရှီးယားမွတ်စလင်ခေါင်းဆောင်နှစ်ဦးက အင်္ဂါနေ့တွင် ငြင်းဆိုလိုက်ကြသည်။ အီရတ်နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သော အစိုးရအဖွဲ့တစ်ရပ် ဖွဲ့စည်းသင့်ပြီး အမေရိကန်၏ ကျူးကျော်သိမ်းပိုက်မှု အဆုံးသတ်သင့်ကြောင်း ၎င်းတို့က ပြောကြားကြသည်။

အီရတ်နိုင်ငံဆိုင်ရာ အစ္စလမ္မစ်တော်လှန်ရေး ဦးစီးကောင်စီအကြီးအကဲ မိုဟာမက်ဘာကီယာ အယ်လ်ဟာခင်မ်သည် အီရန်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်သူဖြစ်သည်ဟု အမေရိကန်အစိုးရအဖွဲ့အတွင်း သတိပေးချက်များ ပေါ်ထွက်လာခဲ့သည်။ ဟာခင်မ်သည် ဆက်ဒမ်ဟူစိန်အစိုးရ ပြုတ်ကျသွားချိန်အထိ အီရန်နိုင်ငံတွင် ခိုလှုံနေထိုင်ခဲ့သူဖြစ်သည်။

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့သည် မြို့တော်ဘဂ္ဂဒက်ရှိ ဟာခင်မ်၏ ရုံးခန်းများကို မကြာသေးမီရက်များအတွင်း အကြိမ်တော်တော်များများ ရှာဖွေစစ်ဆေးခဲ့သည်။

သြဇာညောင်း

အီရန်နိုင်ငံသည် အီရတ်ရှိ ရှီးယားမွတ်စလင်များအပေါ် သြဇာညောင်းသည်ဆိုသော ပြောဆိုချက်များကို ရှီးယားမွတ်စလင်ခေါင်းဆောင် နှစ်ဦးက ပယ်ချခဲ့သည်။

အီရတ်အစိုးရအဖွဲ့ကို အီရတ်ပြည်သူလူထု၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည် ဖြစ်ကြောင်း၊ အမေရိကန်ဦးဆောင်တပ်ဖွဲ့၏ ကျူးကျော်သိမ်းပိုက်မှုသည် ငြိမ်းချမ်းသော နည်းလမ်းဖြင့် အဆုံးသတ်ရမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားကြသည်။

အင်တာနက်။

ဖော်လူဂျာမြို့တွင် ပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက်အနောက်ဘက် ၃၁မိုင်အကွာ ဖော်လူဂျာမြို့ရှိ အယ်လ်ဟက်ဆန် ဗလီဝတ်ကျောင်း၏ ခြံဝင်းအတွင်း ဇွန် ၃၀ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ လူငါးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။

(ဓာတ်ပုံ–အင်တာနက်)

ပြောက်ကျားစနစ်ဖြင့်တိုက်ခိုက် ဒဏ်ရာရရှိခဲ့သော အမေရိကန်စစ်သည် သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၃

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် အင်္ဂါနေ့က ဖြစ်ပွားခဲ့သည့် ပြောက်ကျား တိုက်ခိုက်မှု တစ်ရပ်အတွင်း ဒဏ်ရာရရှိခဲ့ရသော အမေရိကန် စစ်သည်တစ်ဦးသည် ရရှိခဲ့သော ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း အမေရိကန်တပ်ဖွဲ့က ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ယခုသေဆုံးသွားသူမှာ အမေရိကန် အမှတ် ၃၅၂ မြို့ပြရေးရာများတပ်ဖွဲ့မှ စစ်သားတစ်ဦးဖြစ်သည်။ မြို့ပြရေးရာများတပ်ဖွဲ့သည် တိုက်ခိုက်ရေးဘက်ဆိုင်ရာ တပ်ဖွဲ့မဟုတ်ဘဲ အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၌ ပါဝင်ကူညီရန် ယင်းနိုင်ငံသို့ စေလွှတ်ခံရသည့် တပ်ဖွဲ့ဖြစ်သည်။

အမေရိကန် စစ်ဘက်ဆိုင်ရာယာဉ်တန်း တစ်တန်းသည် မြို့တော်ဘဂ္ဂဒက်ရှိ အဝေးပြေး လမ်းမတစ်ခုပေါ်တွင် ချုံခိုတိုက်ခိုက်ခံခဲ့ရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက် ဟာဒီသာမြို့ရှိ မြို့တော်ခန်းမပြင်ပတွင် သိမ်းဆည်းရမိထားသော အမြောက်ကျည်ဆန်ခွံများကို အီရတ်ရဲအရာရှိများက စစ်ဆေးလျက်ရှိစဉ်။ (မကြာသေးမီက ယင်းမြို့ရှိလက်နက်သိုလှောင်ရုံတစ်ရုံ၌ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။) *(ဓာတ်ပုံ–အင်တာနက်)*

အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်ရန် အီရန်လက်ခံ နျူစက်ရုံစစ်ဆေးခွင့်ပြုရေး လက်မှတ်ထိုးရန် ခါးခါးသီးသီးငြင်းဆို

တီဟီရန် ဇူလိုင် ၂

အီရန်နိုင်ငံက ၎င်းနိုင်ငံ၏ နျူကလီးယားလက်နက်စက်ရုံများကို တင်းတင်းကျပ်ကျပ်စစ်ဆေးရေးနှင့်ပတ်သက်၍ တိုက်တွန်းမှုကို ခါးခါးသီးသီးငြင်းဆိုခဲ့ပြီးနောက် မကြာမီအတွင်း ကုလသမဂ္ဂနျူကလီးယားစောင့်ကြည့်ရေးအဖွဲ့အကြီးအကဲ မိုဟာမက်အယ်လ်ဘာရာဒေးကို ဖိတ်ကြားမည်ဖြစ်ကြောင်း တရားဝင်အိုင်အာအင်အေသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြလိုက်သည်။

ဖိတ်ခေါ်ရန်ရည်ရွယ်

အီရန်နိုင်ငံသို့ အလည်အပတ်ရောက်နေသော ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဂျက်စထရောက အီရန်နိုင်ငံက နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အကြီးအကဲနှင့် ဆွေးနွေးရန် ဖိတ်ခေါ်ရန်ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်ဟု အီရန် အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် ဟက်ဆန်ရိုဟာနီ၏ ပြောကြားချက်ကို အိုင်အာအင်အေသတင်းဌာနက ကိုးကား၍ ဖော်ပြသည်။

အီရန်အစိုးရက အီရန်ရှိနျူကလီးယားစက်ရုံများကို အိုင်အေအီးအေက ခြွင်းချက်မရှိ ချက်ချင်းစစ်ဆေးရန် လက်မှတ်ထိုးရေးကိစ္စကို ဂျက်စထရောက ထပ်တလဲလဲ တောင်းဆိုမှုအား တနင်္ဂနွေနှင့် တနင်္လာနေ့က ခါးခါးသီးသီး ငြင်းဆိုခဲ့သည်။

အီရန်တာဝန်ရှိပုဂ္ဂိုလ်များက ၎င်းတို့သည် အိုင်အေအီးအေ၏ နောက်ဆက်တွဲစာချုပ်အား တင်းကျပ်စွာစစ်ဆေးရေးနှင့် ပတ်သက်၍ လက်မှတ်ထိုးရန်ကိစ္စကို ဘေးဖယ်ထားသည်ဟု ပြောကြားခဲ့ကြောင်း၊ သို့ရာတွင် အီရန်နိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင် ထုတ်လုပ်နိုင်မည့် အနောက်အုပ်စု၏ နည်းပညာကို ပိုင်ဆိုင်ခွင့်ပြုနိုင်ရန် အီရန်အစိုးရက တောင်းဆိုကြောင်း ပြောကြားသည်။

မေးခွန်းထုတ်

အီရန်က အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်ရေးကို လက်ခံကြောင်း၊ သို့ရာတွင် နျူကလီးယားမပြန့်ပွားရေးစာချုပ်အဖွဲ့ဝင်များက အီရန်နိုင်ငံအား ယင်းကဏ္ဍနှင့်ပတ်သက်၍ မည်သည့်အတွက်ကြောင့် အကူအညီ မပေးနိုင်သနည်းဟု မေးခွန်းထုတ်လျက်ရှိကြောင်း အီရန်သမ္မတ မိုဟာမက်ခါတာမီက ဂျက်စထရောအား ပြောကြားသည်။

အီရန်ရှိ နျူကလီးယားလက်နက်စက်ရုံများအား တင်းတင်းကျပ်ကျပ် စစ်ဆေးမှုကို လက်မှတ်ရေးထိုးခြင်းဖြင့် နျူကလီးယား လက်နက်များအား ပုန်းလျှိုးကွယ်လျှိုးဖြင့် ထုတ်လုပ်ရန် ကြိုးပမ်းမည့် သံသယများကို ဖယ်ရှားပစ်စေနိုင်ကြောင်း အယ်လ်ဘာရာဒေးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်မှ လုယက်ထားသော အဖိုးတန်ပစ္စည်းများ အီရန်သို့ ခိုးထုတ်ရောင်းချရန် ဦးတည်လျက်ရှိ

ဟက်အမ်ရန် ဇူလိုင် ၂

အီရတ်နိုင်ငံမှ အီရန်နယ်စပ်သို့ ဖောက်ထားသော အဝေးပြေးလမ်းမကြီးမှာ အီရတ် အဖိုးတန်ပစ္စည်းများ ခိုးထုတ်ရာ မှောင်ခိုလမ်းသဖွယ် ဖြစ်နေသည်။

ဆက်ဒမ် ဟူစိန် အစိုးရ ပြုတ်ကျပြီးနောက် အစိုးရပိုင်ဂျင်နရေတာများ၊ ရေနံတူးစင်များ၊ ဘိလပ်မြေဖျော်စက်များ၊ ဝန်ချီစက်ကြီးများ၊ စက်ရုံသုံးစက် ကိရိယာ များ တင်ဆောင်ထားသည့် ယာဉ်များမှာ အီရတ်နိုင်ငံအတွင်း ဝင်ရောက်ရန် တန်းစီ စောင့်ဆိုင်းနေကြသည်။

နိုင်ငံ တည်ဆောက်ရေးတွင် အထူးလိုအပ်သည့်လုယက်ထားသော ပစ္စည်းများကို မှောင်ခိုခိုးထုတ်ရာတွင် အမေရိကန် တပ်များကရော၊ အီရတ်ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့ကပါ တားဆီးပိတ်ပင်ခြင်းမပြုပေ။

နိုင်ငံတစ်ဝန်းလုယက်မှုများမှာ နိုင်ငံပြန်လည်တည်ဆောက်ရေးကို ဖျက်ဆီး နေသည့် ဆက်ဒမ်ဟူစိန်အား သစ္စာခံသူများသာ ဖြစ်သည်ဟု အမေရိကန်အရာရှိများက အကြိမ်ကြိမ် ပြစ်တင်ပြောဆိုသည်။

အင်တာနက်။

မြို့တော်ဘဂ္ဂဒက် မြို့လယ်ဒေသတွင် ဇူလိုင် ၁ ရက်က အမေရိကန်တပ်ဖွဲ့မှ ဟမ်းဗီးမော်တော်ယာဉ်တစ်စီးကို မည်သူမည်ဝါမှန်း မသိရသော တိုက်ခိုက်ရေးသမားများက ဒုံးကန်အားသုံးဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သည် လေးဦး သေဆုံးရပြီး အခြားနှစ်ဦးဒဏ်ရာရရှိခဲ့သည်။ (ဘဂ္ဂဒက်တွင် ကင်းလှည့်စောင့်ကြပ်နေသော အမေရိကန်စစ်သည်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက် နိုင်ငံတကာလေဆိပ်အနီး အမေရိကန်စစ်ယာဉ်တန်းကို တိုက်ခိုက်

ဘဂ္ဂဒက် ဇူလိုင် ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်လေဆိပ်အနီးတွင် ဒုံးကန်အားသုံးဗုံးဖြင့် တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်စစ်ဘက်ဆိုင်ရာယာဉ်တန်းတစ်ခုမှ အမေရိကန်စစ်သည်တစ်ဦး အနည်းငယ်ဒဏ်ရာရရှိသည့်ဖြစ်ရပ် အင်္ဂါနေ့က ဖြစ်ပွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဖြစ်ပွား

မြို့တော်ဘဂ္ဂဒက်ရှိ နိုင်ငံတကာလေဆိပ်အနီးရှိ လမ်းမပေါ်တွင် အဆိုပါတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် မြို့တော်ဘဂ္ဂဒက်မြောက်ဘက်ရှိဒေသများတွင် လက်နက်ကိုင်ခုခံရေးသမားများအား ချေမှုန်းသည့်စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်နေစဉ် အဆိုပါတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

ပစ်မှတ်ထား

ယင်းဖြစ်စဉ်တွင် အမေရိကန်စစ်သည်တစ်ဦး အနည်းငယ်ဒဏ်ရာ ရရှိသွားကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အမေရိကန်စစ်ဘက်ဆိုင်ရာ မော်တော်ယာဉ်တန်းများအား ပစ်မှတ်ထား တိုက်ခိုက်သည့်ဖြစ်ရပ်များ အီရတ်နိုင်ငံတွင် ဆက်တိုက်ဖြစ်ပွားခဲ့သည်။

ချုံခိုတိုက်ခိုက်

မကြာသေးမီရက်သတ္တပတ်များအတွင်း၊ အထူးသဖြင့် ဆွန်နီမွတ်စလင်တို့နေထိုင်ရာ အီရတ်နိုင်ငံအလယ်ပိုင်းတွင် ဆက်ဒမ်ဟူစိန်အား သစ္စာခံသူများက အမေရိကန်စစ်သည်များအား ချုံခိုတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။

ယခုအခါ အီရတ်နိုင်ငံတွင် စစ်သည်ပေါင်း ၁၅၆၀၀၀ ခန့် ဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့သည် ချုံခိုတိုက်ခိုက်မှုများ အဆုံးသတ်စေမည့် စစ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။ ***အင်တာနက်။***

အမေရိကန်တပ်များအား မကြာမီက တိုက်ခိုက်မှု ဆက်ဒမ်ဟူစိန်အစိုးရ၏ ကွန်မန်ဒိုများ ပါဝင်

ဘဂ္ဂဒက် ဇူလိုင် ၂

အီရတ်အားသိမ်းပိုက်ထားသည့် အမေရိကန်တပ်များအား မကြာမီက တိုက်ခိုက်မှုများ၏ နောက်ကွယ်တွင် ဆက်ဒမ်ဟူစိန်အစိုးရ၏ ကွန်မန်ဒိုများရှိနေကြောင်း ဖမ်းမိသော သို့မဟုတ် သေဆုံးသော တိုက်ခိုက်ရေးသမားများ ထံမှရရှိသည့် အထောက်အထားများက ပြသနေသည်ဟု အမေရိကန် အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ယမန်နေ့က ပြောကြားလိုက်သည်။

ဗီယက်နမ်စစ်ပွဲနှင့်မတူ

အီရတ်စစ်ပွဲမှာ ဗီယက်နမ်စစ်ပွဲနှင့် မတူညီကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်က အခိုင်အမာ ပြောကြားနေစဉ်တွင် ပေါလ်ဘရီမာက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ကွဲပြားခြားနား

အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်က အီရတ်စစ်ပွဲမှာ ဗီယက်နမ်စစ်ပွဲနှင့်မတူကြောင်း၊ အချိန်အားဖြင့်လည်း ကွာခြားကြောင်း၊ ခေတ်အားဖြင့်လည်းကောင်း နေရာအားဖြင့်လည်းကောင်း ကွဲပြားခြားနားကြောင်းဖြင့် အမေရိကန်ဌာနစစ်ချုပ်တွင် ပြောကြားလိုက်သည်။

ပေါလ်ဘရီမာက ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်အား သံယောင်လိုက်ကာ မကြာမီက တိုက်ခိုက်မှုများမှာ ဆက်ဒမ်ဟူစိန်အား သစ္စာခံသူ တိုက်ခိုက်ရေးသမားများက ပိုမိုပြင်းထန်စွာ တိုက်ခိုက်လာခြင်းဖြစ်သည်ဆိုခြင်းကို ပယ်ချလိုက်သည်။

ထုတ်ဖော်ပြောဆို

သို့သော် အီရတ်သို့လာရောက်သည့် အမေရိကန်အထက်လွှတ်တော်အမတ်များက အမေရိကန်တို့အနေဖြင့် စစ်ပွဲအောင်မြင်ပြီးဆုံးပါပြီဟု မကြေညာမီအထိ အထိအခိုက်အကျဆုံးများနိုင်ကြောင်း ထုတ်ဖော်ပြောဆိုသည်။

သိရမည်

အမေရိကန်စစ်သားများအနေဖြင့် အီရတ်တွင် ပိုမိုရှည်ကြာစွာ တိုက်ခိုက်ကြရဦးမည်ကို အမေရိကန်ပြည်သူတို့ သိရမည်ဖြစ်ကြောင်း အထက်လွှတ်တော်အမတ်များက ပြောဆိုသည်။

ပါဝင်

ကိုယ်စားလှယ်အဖွဲ့တွင် ရီပတ်ဗလီကင် အမတ်လေးဦးနှင့် ဒီမိုကရက်တစ်အမတ်ငါးဦး စုစုပေါင်း အထက်လွှတ်တော်အမတ် ကိုးဦးပါဝင်သည်။

အင်တာနက်။



လုံခြုံရေးသတိတိုးမြှင့်

အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန်အား သစ္စာခံသည့် တိုက်ခိုက်ရေးသမား အကြွင်းအကျန်တို့ကို နှိမ်နင်းသည့် စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်နေသော်လည်း ချုံခိုတိုက်ခိုက်မှုများ ဆက်လက်ပေါ်ပေါက်နေသေးရာ အမေရိကန်တပ်ဖွဲ့ဝင်များမှာ လုံခြုံရေးသတိ တိုးမြှင့်ထားသည်။

(ဓာတ်ပုံ-အင်တာနက်)

နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေး တိုးမြှင့်ရန် အီသီယိုးပီးယားနှင့် အီရီထရီးယားကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တိုက်တွန်း

ကုလသမဂ္ဂ ဇူလိုင် ၂

ထာဝရတည်မြဲမည့် ငြိမ်းချမ်းရေးရရှိစေရေးအတွက် ပုံမှန်ဆက်ဆံရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရန် အီသီယိုးပီးယားနှင့် အီရီထရီးယားနိုင်ငံတို့အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တိုက်တွန်းလိုက်သည်။

ထာဝရတည်မြဲရေး

အီရီထရီးယား-အီသီယိုးပီးယား ငြိမ်းချမ်းရေးသည် အရေးပါသည့် အဆင့်တွင်ရှိနေကြောင်းနှင့် ထာဝရတည်မြဲမည့် ငြိမ်းချမ်းရေးကို ယာယီအစီအစဉ်များပေါ်တွင် အခြေမခံနိုင်ကြောင်း တနင်္လာနေ့ကထုတ်ပြန်သည့် လုံခြုံရေးကောင်စီသို့တင်ပြသော အစီရင်ခံစာတွင် အာနန်ကဖော်ပြထားသည်။

လေးစားမှုရှိ

ယေဘုယျအားဖြင့် အာဖရိကဦးချိုဒေသမှ အဆိုပါနှစ်နိုင်ငံသည် ကုလသမဂ္ဂငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့ (အမ်မီး)နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်းနှင့် နှစ်နိုင်ငံအကြားရှိ ယာယီကြားခံဇုန် တည်မြဲရေးကို လေးစားမှုရှိကြကြောင်း ၎င်းကပြောကြားသည်။

အရေးကြီး

ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကို ကြိုဆိုကြောင်းနှင့် ဒေသတွင်း၌ ရေတိုကာလတည်ငြိမ်ရေးအတွက် ထိန်းထားရေးမှာ အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကိုကင်း ၁ဒသမ၃တန် ကော့စတာရီကာ၌ ဖမ်းဆီးရမိ

ဆန်ဟိုဆေး ဇူလိုင် ၂

ကိုကင်း ၁ ဒသမ ၃ တန် တင်ဆောင်ထားသည့် ကိုလံဘီယာ ရေယာဉ်တစ်စင်းအား ကော့စတာရီကာနှင့် အမေရိကန်ရေယာဉ်များက ဖမ်းဆီးမိကြောင်း လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

“ကားလိုစ်ဒေးဗစ်”အမည်ရှိအဆိုပါရေယာဉ်အား ပစိဖိတ်သမုဒ္ဒရာအတွင်း ပနားမားနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသည့် ပန်တာဘူရီကာကျွန်းအနီး မိုင် ၁၀၀ ခန့်အကွာတွင် လွန်ခဲ့သည့် စနေနေ့က ကြားဖြတ်ဟန့်တားဖမ်းဆီးမိခြင်းဖြစ်ကြောင်း ကော့စတာရီကာနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပက်ထရစ်စီကဘယ်တိုဒါနိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တရုတ်နိုင်ငံက ကြိုဆိုထောက်ခံ

ဘေဂျင်း ဇူလိုင် ၂

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထောက်ခံသည့် ပါလက်စတိုင်းနှင့် အစ္စရေးတို့၏ အပြုသဘောဆောင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား တရုတ်နိုင်ငံက ကြိုဆိုထောက်ခံကြောင်းဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကွန်ကွမ်က တနင်္လာနေ့က ပြောကြားလိုက်သည်။

မှတ်ချက်ချ

ပါလက်စတိုင်းအုပ်စုများဖြစ်သည့် ဖာတာ၊ ဟားမားစ်၊ အစ္စလမ္မစ်ဂျီဟက်တို့က အစ္စရေးအား စစ်ရေးအရ တိုက်ခိုက်နေမှုကို ရပ်ဆိုင်းနေမှုနှင့် ဂါဇာကမ်းမြောင်ဒေသရှိ နေရာများမှ အစ္စရေးတပ်သားများ ရုပ်သိမ်းရေးနှင့် စပ်လျဉ်းသည့် ကြေညာချက်ကို ဝေဖန်ပြောကြားရန် မေးမြန်းရာတွင် ကွန်ကွမ်က ဖော်ပြပါအတိုင်း မှတ်ချက်ချပြောကြားလိုက်ခြင်းဖြစ်သည်။

ပါလက်စတိုင်းနှင့် အစ္စရေးတို့ချမှတ်သည့် အပြုသဘောဆောင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တရုတ်ပြည်က လက်ခံကြိုဆိုကြောင်း၊ ယင်းကြောင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေမှုကို ထွင်းဖောက်ကျော်လွှားနိုင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ကွန်ကွမ်က ပြောကြားသည်။

မျှော်လင့်ထား

အစ္စရေးနှင့် ပါလက်စတိုင်းနှစ်ဦးနှစ်ဖက်စလုံးက ၎င်းတို့၏ ကြိုးပမ်းမှုများကို ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တိုးမြှင့်ပြုလုပ်နိုင်မည်ဖြစ်ကာ တာဝန်ယူထားမှုများအား ဖြည့်ဆည်းပေးနိုင်မည်ကို မျှော်လင့်ထားကြောင်း ကွန်ကွမ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ အမေရိကန်ပြည်သူလူထု၏ ယုံကြည်မှုစိတ်ဓာတ်ကျဆင်း

ဝါရှင်တန် ဇူလိုင် ၃

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က အီရတ်တွင် စစ်အောင်နိုင်ပြီးကြောင်း ကြေညာပြီးသည့်နောက် အီရတ်စစ်ပွဲနှင့်ပတ်သက်၍ အမေရိကန်ပြည်သူလူထု၏ယုံကြည်မှုစိတ်ဓာတ်သည် သိသိသာသာ ကျဆင်းသွားကြောင်း ဆန္ဒသဘောထား ကောက်ယူမှုစစ်တမ်းအရ အင်္ဂါနေ့တွင် သိရှိရသည်။

၅၆ ရာနှုန်း

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များအတွက် အခြေအနေများသည် ကောင်းမွန်လျက်ရှိကြောင်း ဆန္ဒပြန်ကြားသူ အမေရိကန်ပြည်သူ ၅၆ ရာနှုန်းရှိပြီး လွန်ခဲ့သည့်လအတွင်းက ၇၀ ရာနှုန်းရှိရာမှ ကျဆင်းခဲ့ခြင်းဖြစ်ပြီး မေလ ၇ ရက်က ၈၆ ရာနှုန်းအထိပင်ရှိခဲ့သည်။ ၈၆ ရာနှုန်း အမေရိကန်ပြည်သူများ ထောက်ခံခဲ့စဉ်အခါက သမ္မတဘုရှ်က ယခုထက်တိုင်ဖြစ်ပွားနေသည့် အကြမ်းဖက်မှုစစ်ပွဲတစ်ရပ်အပေါ် အောင်ပွဲဆင်နွှဲခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု ယူအက်စ်အေတူဒေးစီအင်အင်သတင်းဌာနက ကောက်ယူသည့်စစ်တမ်းအရ သိရှိရသည်။

ဆန္ဒပြန်ကြားသူအားလုံး၏သုံးပုံတစ်ပုံကျော်ဦးရေ ၃၇ ရာနှုန်းက အမေရိကန်အစိုးရသည် အီရတ်တွင် တားမြစ်ထားသည့် အဖျက်လက်နက်များရှိ၊ မရှိနှင့်စပ်လျဉ်း၍ အမေရိကန်ပြည်သူတစ်ရပ်လုံးအား လွဲမှားစွာဦးဆောင်ခဲ့သည်ဟု ပြောကြားမှုသည် ဇွန်လစောစောပိုင်းနှင့် မေလနှောင်းပိုင်းကာလရှိခဲ့သည့် ၃၁ ရာနှုန်းထက် မြင့်မားလာခဲ့ခြင်းဖြစ်သည်။

အတိုးအဆုတ်ရှိနိုင်

အမေရိကန်အစိုးရက အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်အား ဖမ်းဆီးနိုင်မည် သို့တည်းမဟုတ် သုတ်သင်နိုင်မည်နှင့်ပတ်သက်သည့် ယုံကြည်မှုစိတ်ဓာတ်သည် ၃၆ ရာနှုန်းရှိရာမှ ကျဆင်းခဲ့သည်။

ဖော်ပြပါဆန္ဒသဘောထားကောက်ယူမှုကို တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ခြင်းဖြစ်ပြီး ယင်းကောက်ယူမှုစစ်တမ်းကိန်းဂဏန်းများသည် ၃ ရာနှုန်းသာ အတိုးအဆုတ်ရှိနိုင်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်သြဇာလွှမ်းမိုးမှု မရှိဟု အီရတ်ရှီးယားခေါင်းဆောင်နှစ်ဦးငြင်းဆို
အီရတ်အချုပ်အခြာအာဏာကို အစိုးရများက လေးစားရန်သတိပေး

နာဂျက်ဖ် ဇူလိုင် ၃

အီရတ် ရှီးယားမွတ်စလင်အများစု၏ ထိပ်တန်းခေါင်းဆောင်နှစ်ဦးက ၎င်းတို့၏လှုပ်ရှားမှုအဖွဲ့အပေါ် အီရန်က သြဇာလွှမ်းမိုးမှုမရှိကြောင်း ငြင်းဆိုလိုက်ကြပြီး လူမျိုးစုများ ပါဝင်သည့် အီရတ်အစိုးရ ဖွဲ့စည်းရေးနှင့်တကွ အမေရိကန်ဦးဆောင်သည့် တပ်များ သိမ်းပိုက်မှုအဆုံးသတ်ရေး တောင်းဆိုလိုက်ကြသည်။

- သတိထားစရာ -

မိုဟာမက်ဘာကာအမ်ဟာကင်၏ အီရတ်အစ္စလမ္မစ်တော်လှန်ရေး ဦးစီးကောင်စီမှာ ဆက်ဒမ်ဟူစိန်အား ဖယ်ရှားမပြီးမီကအီရန်တွင် အခြေစိုက်ခဲ့သည့်အတွက် ဤလှုပ်ရှားမှုအဖွဲ့အနေဖြင့် အီရန်နှင့်အဆက်အသွယ်ကောင်းမွန်သည့်အတွက် အမေရိကန်အစိုးရအဖို့ သတိထားစရာဖြစ်နေသည်။ အမေရိကန်တပ်များက ဘဂ္ဂဒက်ရှိ ထိုလှုပ်ရှားမှုအဖွဲ့၏ ရုံးများကို လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက အကြိမ်ကြိမ် ဝင်ရောက်ရှာဖွေခဲ့သည်။

- ငြင်းဆို -

သို့သော် အီရတ်နိုင်ငံအတွင်း အီရန်ရှီးယားမွတ်စလင်တို့က သြဇာလွှမ်းမိုးရန်ကြိုးပမ်းနေသည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း မိုဟာမက်ဘာကာ အယ်ဟာကင်က ငြင်းဆိုသည်။

မိမိတို့၏ တောင်းဆိုချက်မှာ အီရတ်ပြည်သူတို့က အစိုးရတစ်ရပ်ဖွဲ့စည်းရေးနှင့် ငြိမ်းချမ်းရေးနည်းလမ်းများဖြင့် အမေရိကန်သိမ်းပိုက်ထားမှု အဆုံးသတ်အောင် ပြုလုပ်ရေးပင်ဖြစ်ကြောင်း အယ်ဟာကင်က အေပီကို ပြောကြားလိုက်သည်။

- လွှမ်းမိုးမှုမရှိ -

အခြားသော အီရတ်ရှိ ရှီးယားခေါင်းဆောင်တစ်ဦးဖြစ်သူ အယာတိုလာ အလီ ဟူစိန်နီအယ်စစ္စတာနီကလည်း ၎င်းလှုပ်ရှားမှုအဖွဲ့အပေါ် အီရန်၏ သြဇာလွှမ်းမိုးမှုမရှိဟု ငြင်းဆိုလိုက်သည်။

အီရတ်အရေးနှင့်စပ်လျဉ်း၍ မိမိတို့အနေဖြင့် မည်သည့်နိုင်ငံခြားအဖွဲ့နှင့်မျှ အဆက်အသွယ်မရှိကြောင်း အယ်စစ္စတာနီက သတင်းထောက်တစ်ဦး၏ မေးမြန်းချက်ကို ဖြေကြားလိုက်သည်။

- လေးစားသင့် -

အစိုးရအားလုံးအနေဖြင့် အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အီရတ်ပြည်သူတို့၏ ဆန္ဒကိုလေးစားသင့်ကြောင်း၊ သူတစ်ပါးပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုသင့်ကြောင်း အယာတိုလာ အယ်စစ္စတာနီက တိုက်တွန်းလိုက်သည်။ ***အင်တာနက်။***

လက်နက်များ ပြန့်ကျဲ

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်အနောက်မြောက်ဘက်ရှိ ဟာဒီသာမြို့တွင် ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် လက်နက်များ ပြန့်ကျဲလျက်ရှိသည်ကိုတွေ့ရစဉ်။ (ဆက်ဒမ်ဟူစိန် အစိုးရလက်ထက်က အမြောက်လက်နက်ကြီး တပ်ဖွဲ့၏ သိုလှောင်ရုံအဖြစ် အသုံးပြုခဲ့သော နေရာ၌ တည်ရှိခဲ့သော လက်နက်များမှ ကြေးသတ္တုများကို ရရှိနိုင်ရန် ဒေသခံများက တစ်စစီဖြုတ်ယူရာမှ မတော်တဆပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွား ခဲ့ရာတွင် လူ ၁၅ ဦးထက်မနည်းသေဆုံးခဲ့ရပြီး လူလေးဦးထက်မနည်းဒဏ်ရာ ရရှိခဲ့ရသည်။)

(ဓာတ်ပုံ-အင်တာနက်)

တရုတ်ပြည် အရှေ့မြောက်ပိုင်း ဂျီလင်ပြည်နယ် ချွန်ချန်မြို့တွင် ကူးစက်မြန် ပြင်းထန် နမိုးနီးယား အဆုတ်ရောင်(ဆားစ်)ရောဂါ တိုက်ဖျက်ရေး နည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းပြပွဲတစ်ရပ်ကို ဇူလိုင် ၁ရက်က ကျင်းပရာ ရောဂါပိုးကာကွယ်ရေး ဝတ်စုံသစ်တစ်မျိုးကို ပြသစဉ်။ (ယင်းပြပွဲ၌ နည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်း ၁၅၀၀ခန့်ကို ပြသခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့် ပြင်သစ် ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေး
နိုင်ငံတကာပြဿနာများတွင် အမြင်သဘောထားချင်းတူညီ

ဘေဂျင်း ဇူလိုင် ၃

တရုတ်ကာကွယ်ရေးဝန်ကြီး ကောင်ဂန်ချွန်သည် ပြင်သစ်ကာကွယ်ရေးဝန်ကြီး မိုက်ကယ် အယ်လီရော့မာရီနှင့် ဘေဂျင်းတွင် တနင်္လာနေ့က တွေ့ဆုံဆွေးနွေးကြသည်။

အဆင့်သစ်တစ်ရပ်ဆီသို့

တရုတ်နှင့် ပြင်သစ်နိုင်ငံတို့သည် ဘက်စုံချစ်ကြည်ရေးမိတ်ဆွေအဖြစ် ၁၉၉၇ခုနှစ်က ဖွဲ့စည်းထူထောင်ပြီးခဲ့သည့်နောက် နှစ်နိုင်ငံ၏ ချစ်ကြည်ရေးဆက်ဆံမှုဖလှယ်မှုနှင့် ပတ်သက်၍ ရှည်လျားသောသမိုင်းကြောင်းရှိခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးသည် အဆင့်သစ်တစ်ရပ်ဆီသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း ဗဟိုစစ်ကော်မရှင်နှင့် နိုင်ငံတော်ကောင်စီဝင်လည်းဖြစ်သူ ကောင်ဂန်ချွန်က ပြောကြားသည်။

အခြေအနေမတည်မငြိမ်မှုလက္ခဏာများ တိုးမြင့်ဖြစ်ပေါ်နေသော်ငြားလည်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးသည် အဓိကရည်ရွယ်ချက်အဖြစ် ဆက်လက်တည်ရှိနေဦးမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးစောင့်ရှောက်ထိန်းသိမ်းရမည့် တာဝန်ဝတ္တရားနှင့် နှစ်ဦးနှစ်ဝဖွံ့ဖြိုးမှုတိုးမြှင့်ရန်လိုအပ်ကြောင်း ကောင်ဂန်ချွန်က ဆက်လက်ပြောကြားသည်။

ကိုယ်ပိုင်ဟန်ဖြင့် ပြုပြင်ပြောင်းလဲရေး

တရုတ်လက်နက်ကိုင်တပ်မတော်က ကိုယ်ပိုင်ဟန်ဖြင့် ပြုပြင်ပြောင်းလဲရေးတိုးမြှင့်ရန်အတွက်နှင့် အမျိုးသားကာကွယ်ရေးနှင့် တပ်မတော်ခေတ်မီစေရေးအတွက်အခြားနိုင်ငံများမှ စစ်ဘက်ဆိုင်ရာပြောင်းလဲမှုသင်ခန်းစာများကို သင်ယူရဦးမည်ဟု ကောင်ဂန်ချွန်က ထပ်လောင်းပြောကြားသည်။

တရုတ်နှင့် ပြင်သစ်နှစ်နိုင်ငံနှင့် တပ်မတော်တို့အနေဖြင့် မကြာမီနှစ်များအတွင်း ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံမှုကို ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာပြဿနာများနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက်က တူညီသောသဘောထားအမြင်များရှိကြောင်း အယ်လီရော့မာရီကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မင်္ဂလာစံကျောင်း (၁၁) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၃

ပုဇွန်တောင် ညောင်တုန်းကျောင်းတိုက် မင်္ဂလာစံကျောင်းတွင် ရှင်ဣန္ဒိဗလကို အကြောင်းပြု၍ စာသင်သံဃာတော် အရှင်မြတ်တို့အား (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီထိ ကျင်းပမည်ဖြစ်၍ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်နှင့် နဝကမ္မအလှူငွေများကို ကျောင်းအကျိုးတော်ဆောင် ဦးစိုးတင်၊ ဦးရွှေအေးနှင့် နီးစပ်ရာကျောင်းအကျိုးဆောင်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပြိုးခြံဌေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြင့်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဂုဏ်ယူဖွယ်၊ ပီတိဖြစ်ဖွယ် ဆောင်ရွက်မှုများ

မောင်စိုးထိုက်(သုံးဆယ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံသို့ သက်ကြီးစာပေပညာရှင်များအတွက် Ladder shower chair (သက်ကြီးမသန်စွမ်းသူများ ရေချိုးရာတွင် သုံးစွဲသော ကုလားထိုင်) ငါးလုံးအား ၂၅-၆-၂၀၀၃ နေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ၌ ကျင်းပသည့် ဆေးနှင့်ဆေးပစ္စည်း ပေးအပ်လှူဒါန်းပွဲတွင် ကိုယ်စားလှယ် တက်ရောက်လက်ခံ ပေးရန် ဖိတ်ကြားလာသဖြင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ကိုယ်စား စာရေးသူအား ကိုယ်စားလှယ် အဖြစ် အလှူပစ္စည်းလက်ခံရန် တာဝန်ပေးစေလွှတ်ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေး၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်၊ ဆေးရုံအုပ်ကြီးများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လှူဒါန်းရခြင်းအကြောင်းနှင့် အသင်း ဆိုင်ရာ သိမှတ်ဖွယ်များအား ထည့်သွင်းရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက လှူဒါန်းသော ဆေးနှင့်ဆေးပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပေးအပ်ရာ ရန်ကုန်တိုင်းအတွင်းရှိ လှိုင်၊ ကျောက်တန်း၊ မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းများတွင် အသုံးပြုရန်အတွက် လူနာတင်ခုတင် ခြောက်လုံးကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးက လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီးနှင့် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတို့သို့ အထူးလူနာတင်ခုတင် တစ်လုံး၊ ခွဲစိတ်ခန်းသုံးကိရိယာများ၊ လမ်းလျှောက်နိုင်ရန် အထောက်အကူပြုကိရိယာငါးခု၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျန်းမာရေးပညာပေးစာအုပ်များကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်ကလည်းကောင်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာအတွက် ထက်လင်းတိုင်းရင်းဆေးများ၊ ဘိုင်အိုမင်အားဆေးများ၊ လမ်းလျှောက်နိုင်ရန် အထောက်အကူပြုကိရိယာများနှင့် သက်ကြီးရွယ်အိုများ အတွက် ရေချိုးထိုင်ခုံနှစ်လုံးတို့ကို နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ကလည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ သက်ရွယ်ကြီးစာပေပညာရှင်များ အသုံးပြုရန်အတွက် ရေချိုးခန်းသုံး ထိုင်ခုံငါးလုံးကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)ကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

ထို့နောက် ဌာန၊အဖွဲ့အစည်းများကိုယ်စားကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝမ်းမောင်က ကျေးဇူးတင်စကား ပြောကြားပါသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် ယနေ့လှူဒါန်းသည့် ပစ္စည်းများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုကြပါသည်။

လှူဒါန်းသည့်ပစ္စည်းများသည် သိန်းပေါင်းများစွာ တန်ဖိုးရှိသလို ကျန်းမာရေးအတွက် အထူးအထောက်အကူ ဖြစ်စေမည့် ဆေးနှင့်ဆေးပစ္စည်းများ ဖြစ်ပါသည်။ ယခုကဲ့သို့ လှူဒါန်းနိုင်ခြင်းသည် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် လေးစားဂုဏ်ပြုကြသော ပြည်တွင်း၊ ပြည်ပ စေတနာရှင်များက စေတနာအလျောက် လှူဒါန်းမှုများအား လူသားအကျိုးပြု ဆောင်ရွက်နိုင်ရန် ထပ်ဆင့်လှူဒါန်းခြင်းဖြစ်ကြောင်း ပေါ်လွင်လှပေသည်။

စာရေးသူအနေနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုရာတွင်-

(က) အသင်းနှစ်ပတ်လည် ညီလာခံအခမ်းအနား၊
(ခ) ဆေးလိပ်ကင်းစင်နယ်မြေ၊ မြေစိုက်ပိုစတာစိုက်ထူခြင်း၊
(ဂ) အလုပ်ရုံဆွေးနွေးပွဲ၊
(ဃ) Youth Camp သင်တန်းများ၊
(င) စိတ်ကျန်းမာရေး အသိပညာပေးဆိုင်ရာသင်တန်း၊
(စ) ကမ္ဘာ့မိခင် နို့တိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနား၊
(ဆ) လူငယ်လူရွယ်တိုင်း၏ Peer Group ဆွေးနွေးပွဲ၊ (HIV/AIDS)
(ဇ) မိသားစုဝင်ငွေတိုးရေး၊
(ဈ) ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးသင်တန်း၊
(ည) ပြည်ပနိုင်ငံအသီးသီးမှ ဧည့်သည်များလာရောက်ခြင်း၊ လှူဒါန်းခြင်းမှတ်တမ်းများ၊
(ဋ) ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးသွားခြင်း၊
(ဌ) ပြည်နယ်နှင့်တိုင်းအသင်းများ၏ လှုပ်ရှားမှုများ၊
(ဍ) မွေးရာပါချို့ယွင်းချက် ခွဲစိတ်ကုသပေးမှုများ၊
(ဎ) အထွေထွေကျန်းမာရေးစောင့်ရှောက်မှုများ၊
(ဏ) ကျောင်းနေရွယ်ကလေးငယ်များ ကျောင်းနေနိုင်ရေး၊
(တ) တိုင်းရင်းဆေးသင်တန်းပို့ချခြင်း၊ ပိုလီယိုကာကွယ် ဆေး တိုက်ကျွေးခြင်း၊
(ထ) အာဟာရချို့တဲ့ကလေးများ ကျန်းမာရေးစစ်ဆေး ပေးခြင်း။ စသည့် မှတ်တမ်းဓာတ်ပုံများစွာကို ကြည့်ရှုပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး

အသင်းကြီး၏ ကြိုးပမ်းဆောင်ရွက်မှုများကို များစွာဂုဏ်ယူနေမိပါသည်။

စာရေးသူအနေနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများစွာ အနက် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ပြုပြင်ကုသပေးမှုကို ပို၍ပီတိဖြစ်ကာ သာဓုခေါ်မိပါသည်။ အဘယ်ကြောင့် ဆိုသော် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်က စာရေးသူ၏ ရပ်ဆွေရပ်မျိုး သာယာဝတီခရိုင် သုံးဆယ်မြို့ မြောက်ပန်းဆွဲ ကျေးရွာနေ ကိုသန်းရွှေ-မအေးမြင့် လယ်သမားမိသားစုတွင် မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ သမီးကလေး မွေးဖွားသဖြင့် မိသားစုမှာ စွန့်ပစ်ရန်လည်းအခက်၊ ပြုပြင်ကုသရန် လည်း ငွေကြေးမပြည့်စုံဖြစ်နေသဖြင့် သေရာရှင်ရာပါရမည့် အရေးကြောင့် ဆွေမျိုးများစုဆောင်းငွေဖြင့် ရန်ကုန် ဆေးရုံကြီးတွင် အကြိမ်ကြိမ် တက်ရောက်ပြုပြင်ခဲ့ရသည်။ ထိုစဉ် ကာလက ဆရာဝန်ကြီး ဦးသက်ထားဝေ၊ နောက်ပိုင်း ဆရာဝန်ကြီး ဒေါ်မေစန်းတို့က မျက်နှာအလှပြင်ပေးခဲ့ကြသဖြင့် ကိုသန်းရွှေ-မအေးမြင့်တို့၏ သမီးလေးမှာ လှလှပပ ဖြစ်သွားခဲ့ရသည်။ ယခင်က တိုင်းနှင့်ပြည်နယ်အသီးသီး နယ်စွန်နယ်ဖျားတို့တွင် မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ကလေးများ မည်မျှသည် ဆေးဖိုးဝါးခမပေးရသည့်တိုင် ရန်ကုန်ဆေးရုံကြီးသို့လာရန် လမ်းစရိတ်ပင်မရှိပါက သေရာ ရှင်ရာပါမည့် အကျည်းတန်အရုပ်ဆိုးကလေးများစွာ ရှိနေကြရမည်ကို မှန်းဆကြည့်နိုင်ပါသည်။

သို့သော် ယနေ့ကာလ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးမှ ကျေးလက်ဒေသအရောက် မွေးရာပါအာခေါင်ကွဲ၊ နှုတ်ခမ်းကွဲများ ပြုပြင်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများက စာရေးသူကို သာဓုအကြိမ်ကြိမ် ခေါ်မိစေရန် ဆွဲဆောင်နေပေသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်း သာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် သို့ အမြန်ဆုံးရောက်ရှိစေရန်အတွက် ပြည်သူလူထုနှင့် လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် လူဦးရေ

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဌာန၊ အဖွဲ့အစည်းများသို့ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ အမှာစကားပြောကြားစဉ်။ (ဓာတ်ပုံ-ဇော်မင်းလတ်)

အများစုဖြစ်သော အမျိုးသမီးများနှင့်ကလေးများကို ကိုယ်စား ပြုသည့် လူမှုရေးအသင်းကြီးအဖြစ် တက်ကြွစွာ ပါဝင် လှုပ်ရှားလျက်ရှိသည်ကို အားရကျေနပ်ဖွယ် တွေ့ရှိရပေ သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ဉာဏ် ပညာဖွံ့ဖြိုး၍ ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်ရာ နိုင်ငံတော်၏ လူမှုရေး ဦးတည်ချက်တစ်ရပ်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဦးတည်ချက်ကို အကောင် အထည်ဖော်ရာတွင် အမျိုးသမီးများနှင့် ကလေးများ အပါ အဝင် မိသားစုဝင်အားလုံး ပူးပေါင်းပါဝင်ကြရမှာ ဖြစ်ပါ သည်။ ထို့ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပညာ ရေးနှင့် ကျန်းမာရေး အဆင့်အတန်း တိုးတက်ရေးကြိုးပမ်း ဆောင်ရွက်ရာတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းကြီး၏ ဆောင်ရွက်မှုများသည် အရေးပါသောအခန်း ကဏ္ဍမှ အကျိုးပြု ပါဝင်လျက်ရှိပေသည်။

နိုင်ငံတော်၏ လူ့စွမ်းအားစု ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် ဝင်ငွေအဆင့်အတန်းသာမက ပညာရည် ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဖွံ့ဖြိုးမှုတို့ကိုပါ ထည့်သွင်း တွက်ချက် သည့်အစဉ်အလာများ ဖြစ်ထွန်းလာသည်နှင့်အညီ မိခင်နှင့် ကလေးများ၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးအတွက် ကြိုးပမ်းရာတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ ဆောင်ရွက်ချက် များသည် များစွာအထောက်အကူပြုလျက် ရှိပါသည်။

နိုင်ငံတော်၏ လူဦးရေအများစုဖြစ်သော မိခင်နှင့် ကလေးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤအသင်း ကြီး၏ ဆောင်ရွက်ပေးလျက်ရှိသော ပညာပေးမှုလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားပေးမှုအစီအစဉ်များ၊ ပညာရေး၊ ကျန်းမာ ရေး၊ ဝင်ငွေတိုးရေးဆိုင်ရာ ဆောင်ရွက်ပေးမှုများ၊ သုတေ သနပြုဆောင်ရွက်ချက်များနှင့် လူမှုရေးကူညီဆောင်ရွက်မှု များစသည့်များလှစွာသော အကျိုးပြု ကြိုးပမ်းချက်များအနက် ပညာပေးမှုအစီအစဉ်သည် အရေးပါသော လုပ်ငန်းစဉ် တစ်ရပ် ဖြစ်ပေသည်။ အသင်းကြီး၏ မွန်မြတ်အေးချမ်းသော စေတနာ၊ မေတ္တာ ရောင်ပြန်ဟပ်မှုကို ပေါ်လွင်စေလျက် ရှိပေသည်။ ဤကောင်းမြတ်သောအစဉ်အလာကို အခွန့်ရှည် စွာ ထိန်းသိမ်းမြှင့်တင်သွားရန် လမ်းညွှန်ထားပါသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းသည် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး နှင့်ဘဝအဆင့်အတန်း မြင့်မားလာစေရေးအတွက် စောင့်ရှောက် မှုပေးရန်နှင့် မြန်မာနိုင်ငံလူ့အဖွဲ့အစည်းများကို ပံ့ပိုးကူညီဖို့ အတွက်ဖြစ်ရာ ဤယုံကြည်ချက်သည်ပင် ဂုဏ်ယူစရာ ဖြစ်ပါသည်။

တူညီသောမေတ္တာစိတ်ကိုဦးတည်၍ ရွှေဝါရောင်လွှမ်း နေသော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတို့မှာ Golden land မှ အမိမြန်မာပြည်သူများအနေနှင့် ထင်ရှားလှပ တောက်ပ စေသည်။

ရှေးယခင်က မိခင်နှင့်ကလေး စောင့်ရှောက်ရေး အဖွဲ့များသည် တစ်မြို့စီသာရှိပြီး မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)အနေဖြင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ကျေးရွာအနှံ့အသင်းခွဲများ စနစ်တကျ ဖွဲ့စည်းတည်ထောင်ခြင်း မရှိသေးပေ။ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)ဖြစ်မြောက်ပြီး မိခင်နှင့်ကလေးလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်ရန်နှင့် မိခင်နှင့်ကလေးများ ကျန်းမာဖွံ့ဖြိုးတိုးတက်စေရန် ဦးဆောင် မှုပေးနိုင်သော အသင်းကြီးတစ်သင်း ဖြစ်မြောက်ရန် ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြခဲ့ပါသည်။

၁၉၉၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကို စတင်ဖွဲ့စည်းခဲ့ပေသည်။ မြန်မာ နိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် တစ်နိုင်ငံလုံးအတွက် လူထုအကျိုးပြုလုပ်ငန်းများကို အရှိန် အဟုန်မြင့်မားစွာ အကောင်အထည်ဖော်ပြီး ဆောင်ရွက် နေသည်မှာ ဂုဏ်ယူလေးစားရပေမည်။ ယခုအခါ အသင်း ဝင်ပေါင်း သုံးသန်းကျော် ရှိနေပြီဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်း၏ သက်တမ်းသည် ၁၃ နှစ်ခရီးရောက်ရှိနေပြီ ဖြစ်ပါသည်။ မိခင်နှင့်ကလေးများသည် နိုင်ငံတော်လူဦးရေ ၏ ထက်ဝက်ကျော်ပမာဏရှိသော စွမ်းအားစု ကြီးတစ်ရပ် ဖြစ်ပေသည်။ အမိမြန်မာနိုင်ငံတော်တွင် ထိုစွမ်းအားစုကြီး မားမားမတ်မတ်ဖြစ်ရန် အသင်းကြီး၏ မေတ္တာ၊ စေတနာ များသည် မိခင်နှင့်ကလေးများ၏ ကျန်းမာရေး စောင့်ရှောက် ရေးသာမက မိသားစုဝင်ငွေတိုးရေး၊ ပညာရေးစသည့် လုပ်ငန်းပေါင်း ၂၁ မျိုးကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လှုပ်ရှားနေပေသည်။

- သားဆက်ခြားရေးလုပ်ငန်း၊
- ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ် တိုက်ဖျက်ရေး လုပ်ငန်း၊
- အဆုတ်၊ တီဘီရောဂါ၊ အနာကြီးရောဂါ တိုက်ဖျက်ရေး လုပ်ငန်း၊
- အမျိုးသမီးများတွင်အဖြစ်များသည့် ကင်ဆာရောဂါ

စောစီးစွာသိရှိညွှန်းပို့ကုသနိုင်ရေးလုပ်ငန်း အစရှိသဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ အကူ အညီဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ အထူးအောင်မြင်လျက် ရှိပါသည်။ **မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းကြီး၏ ဆောင်ရွက်မှုအဝဝသည် ပြည်သူလူထု အကျိုးရှိလာသဖြင့် ဂုဏ်ယူဖွယ် ပီတိဖြစ်ဖွယ်** ရှိလာ ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကျမ်းကိုး:-

၁။ မေတ္တာစမ်းရေမဂ္ဂဇင်း (၂၀၀၂-၂၀၀၃)

၂။ ၂၅-၆-၂၀၀၃ နေ့ လှူဒါန်းပွဲမှတ်တမ်း

ချမ်းမြေ့မြိုင်ကျောင်းတိုက် ဝါဆိုသင်္ကန်းလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၃

မင်္ဂလာဒုံမြို့နယ် လေးဒေါင့်ကန်ရပ် ချမ်းမြေ့မြိုင်ကျောင်းတိုက် ဆဋ္ဌမအကြိမ်စုပေါင်းဝါဆိုသင်္ကန်း လှူဒါန်းပွဲကို ၁၃၆၅ခု ဝါဆိုလဆန်း ၈ရက်၊ (ဇူလိုင် ၆ရက်) တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဟုသိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ဩစတြေးလျနိုင်ငံနေ စေတနာရှင် မြန်မာများ၏ မွန်မြတ်သောအလှူ

ဒေါက်တာမျိုး(ဆေး-၁)

၂၀၀၃ ခုနှစ် ဇွန်လ ၂၅ ရက်နေ့က ကျင်းပခဲ့သော အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ ဩစတြေးလျနိုင်ငံနေ စေတနာရှင် မြန်မာနိုင်ငံသားများမှ မြန်မာနိုင်ငံ၏ ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) SARSရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျန်းမာရေးသုံးပစ္စည်းများ ကျပ်သိန်း ၆၀ ဖိုးခန့် ပေးအပ်လှူဒါန်းသော သတင်းကို MRTVအစီအစဉ်တွင် ကြည့်ရှုရသဖြင့် ဩစတြေးလျနိုင်ငံနေ မြန်မာတစ်ဦးအနေဖြင့် မိမိတို့၏ လုပ်အား ချွေးနှဲစာမှ စုဆောင်းလှူဒါန်းမှုအလှူကို ကြီးကြပ်စီစဉ်ပေးခဲ့သော မြန်မာနိုင်ငံတော် အကြီးအကဲများ၊ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်တကွ သံရုံးဝန်ထမ်းများကို ကျေးဇူးတင်မိသလို ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် တတ်နိုင်သလောက် ကုသိုလ်ပြုပေးနိုင်ခဲ့ခြင်းအတွက်လည်း လွန်စွာပီတိဖြစ်မိပါသည်။

ကျွန်မတို့ ဩစတြေးလျနိုင်ငံနေ မြန်မာတို့သည် ဇာတိချက်ကြွေမွေးရပ်မြေ မြန်မာပြည်နှင့် မိုင်ပေါင်းထောင်ချီဝေးသော တစ်ပြည်ခြားတွင် အလုပ်လုပ်ကိုင်ကာ ကြာမြင့်စွာ နေထိုင်နေကြပါသော်လည်း အမိမြေ၏ ငြိမ့်ညောင်းသာယာသော ဘုရားဆည်းလည်းသံများ၊ အခါကြီးရက်ကြီးများတွင် ကုသိုလ်ရေး အလှူအတန်းများကို အချိန်အခါသင့်တိုင်း ရော်ရမ်းတမ်းတနေခဲ့ကြရပါသည်။ တစ်ကမ္ဘာလုံးသို့ ထုတ်လွှင့်သော MRTV အစီအစဉ်များမှ နိုင်ငံတော် အကြီးအကဲများ၏ ဘုရားထီးတော်တင်ပွဲများ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ စသည့် အလှူအတန်းများကို ကြည့်ရှုပြီး သာဓုခေါ်ခဲ့ကြရသလို ကျွန်မတို့ ကိုယ်တိုင်ကိုယ်ကျလည်း တတ်စွမ်းသရွေ့ အမျိုး၊ ဘာသာ၊ သာသနာနှင့် တိုင်းပြည်အတွက် ထည့်ဝင်လှူဒါန်းလိုသော စိတ်ဆန္ဒတို့သည် ကြာမြင့်စွာကပင် ဖြစ်ပေါ်နေခဲ့ကြရပါသည်။ နိုင်ငံခြားရောက် မြန်မာများအနေဖြင့် ကိုယ့်တိုင်းပြည် အေးချမ်းသာယာကာ တရားဥပဒေစိုးမိုးမှု၊ တိုးတက်ဖွံ့ဖြိုးမှုတို့ကို ကြားရ၊ သိရမှ မိမိတို့ ဆွေမျိုးမိတ်သင်္ဂဟများအတွက် စိတ်ချရကာ အလုပ်ခွင်တွင် နောက်ဆံမတင်းဘဲ ကောင်းစွာအလုပ်လုပ်ကိုင်နိုင်ကြပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက ကောင်းစွာဦးဆောင်စီမံခန့်ခွဲလုပ်ဆောင်နေပေရာ မြန်မာနိုင်ငံရှိ မိဘဆွေမျိုးများ၏ ဘဝလုံခြုံရေး အတွက် စိတ်အေးကြရပါသော်လည်း မကြာသေးခင်က ကမ္ဘာပေါ်တွင် ပေါ်ပေါက်လာခဲ့သော ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) SARSရောဂါသည် အာရှတစ်ခွင်တွင် ပျံ့နှံ့လာခဲ့သောကြောင့် မြန်မာပြည်သူများ၊ မိဘဆွေမျိုးများကို လွန်စွာမှပင် စိတ်ပူပန်သောကဖြစ်ခဲ့ကြရပါသည်။ ဩစတြေးလျနိုင်ငံအနေဖြင့် အာရှတိုက်နှင့် သမုဒ္ဒရာခြားနေသောကြောင့် အဆိုပါရောဂါပျံ့နှံ့မှုကို သိပ်စိတ်မပူရသော်လည်း ရေ၊ မြေ၊ လေချင်း ဆက်စပ်နေသော မြန်မာနိုင်ငံအတွက် အထူးပင် စိတ်ပူပန်သောက ဖြစ်ခဲ့ကြရပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် အာဆီယံခေါင်းဆောင်များ၏ SARSရောဂါနှင့် ပတ်သက်သော ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အဆိုပါရောဂါ ကြိုတင်ကာကွယ်ရေးကို အမျိုးသားလုပ်ရှားမှုအသွင် ဆောင်ရွက်ကာ လူဝင်မှုကြီးကြပ်ရေးနှင့် ကျန်းမာရေးဝန်ထမ်းများကလည်း SARS ရောဂါ ကာကွယ်ရေးအတွက် ရှေ့တန်းစခန်းများ ဖြစ်ကြသော ရေဆိပ်၊ လေဆိပ်၊ နယ်စပ်ဂိတ်များတွင် အသက်ကို ပဓာနမထားဘဲ ရောဂါလက္ခဏာရှိသူများကို စစ်ဆေးရှာဖွေခြင်း၊ လိုအပ်သလို ဆေးကုသမှုများ ပြုလုပ်ခြင်းတို့ကို တက်ကြွစွာပါဝင်ခဲ့ကြ၍လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးများတွင်ပင် ကူးစက်ဖြစ်ပွားသော အဆိုပါရောဂါဆိုးသည် မြန်မာနိုင်ငံတွင် လုံးဝဖြစ်ပွားမှုမရှိကြောင်း ထုတ်ဖော်ကြေညာနိုင်မှုအပေါ် မြန်မာနိုင်ငံသားတစ်ဦးပီပီ ဂုဏ်ယူမိပါသည်။

ထိုကဲ့သို့ မြန်မာပြည်တွင်းတွင် အမျိုးသားရေးအသွင် ရောဂါကာကွယ်ရေး လုပ်ဆောင်နေမှုကို ပြည်ပရှိ မြန်မာသံရုံးများမှ ဦးဆောင်၍ SARS ရောဂါ ကာကွယ်ကုသရေး ပစ္စည်းကိရိယာများ ပေးပို့လှူဒါန်းခြင်းဖြင့် ပံ့ပိုးပေးနေသလို ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများမှ ဦးဆောင်၍ ဩစတြေးလျနိုင်ငံနေ စေတနာရှင် မြန်မာနိုင်ငံသားများက လှူဒါန်းမှုကို အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ကျွန်မတို့ ဩစတြေးလျနိုင်ငံရောက် မြန်မာများအနေဖြင့်လည်း လွန်စွာမှပင် ဝမ်းမြောက်ကြရပါသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဩစတြေးလျနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ စေတနာရှင် မြန်မာနိုင်ငံသားများက ပေးပို့လှူဒါန်းခဲ့ရာ ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်စား ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ လွှဲပြောင်းပေးအပ်ခဲ့မှုကို ဆစ်ဒနီမြို့မှနေ၍ MRTVအစီအစဉ်တွင် ကြည့်ရှုခဲ့ရရာ ပီတိများ ရင်ထဲတလှပ်လှပ် ခံစားခဲ့ရပါသည်။ လွှဲပြောင်းပေးအပ်ခဲ့သော ပစ္စည်းများမှာ Ear Digital Thermometer ၈၀ ခု၊ Goggles ၂၀ ခု၊ Gowns ၁၀၀ ခု၊ Examination Gloves ၃၀၀၀ ခု၊ Face Mask ၂၁၀၀ ခု၊ Alcohol Swabs ၈၀၀ ခု၊ ကျန်းမာရေးပညာပေးစာစောင်များ၊ ဆေးပညာဂျာနယ်များ၊ ဆေးရုံသုံးပစ္စည်း ၂၂ မျိုး၊ စုစုပေါင်း ကိုးမျိုးဟုလည်း သိရှိလိုက်ရပါသည်။

အဆိုပါအလှူသည် လေးစားဂုဏ်ပြုထိုက်သော ဩစတြေးလျနိုင်ငံနေ စေတနာရှင် မြန်မာများ၏ မွန်မြတ်သော အလှူတစ်ခုဖြစ်သလို မြန်မာနိုင်ငံကို ပိတ်ဆို့ပါ၊ အရေးယူပါဟု တစာစာအော်နေကြသော ပြည်ပအားကိုး ကိုလိုနီနယ်ချဲ့လမ်းပြ ပုဆိန်ရိုးတို့ အင်အားစုစည်းရာ ဘူမိနက်သန်တစ်ခုဖြစ်သော ဩစတြေးလျမြေပေါ်တွင် မြန်မာနိုင်ငံကို သစ္စာရှိသူ၊ မြန်မာပြည်သူတို့နှင့် အရေးကြီးလျှင် သွေးနီးသူ မျိုးချစ်မြန်မာတို့က ပုဆိန်ရိုးတို့၏ တားမြစ်ဟန့်တားမှုကို အောင်မြင်စွာကျော်လွှားကာ မြန်မာနိုင်ငံသို့ ဩစတြေးလျနိုင်ငံမှ ပထမဦးဆုံးအကြိမ် ပေးပို့လှူဒါန်းမှုတစ်ရပ်လည်း ဖြစ်ပေသည်။

စာရေးသူသည် ၁၉၉၁-၁၉၉၂ ခုနှစ် တစ်ဝိုက်က နီပေါနိုင်ငံရှိ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာ လုမ္ဗိနီဥယျာဉ်တွင် မြန်မာနိုင်ငံ အစိုးရက ဆောက်လုပ်လှူဒါန်းနေသော သာသနာ့အဆောက်အအုံများအတွက် အလှူတော်ငွေကို ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတစ်ဆင့် မိမိ၏ချွေးနှဲစာမှ တတ်နိုင်သလောက် လှူဒါန်းခဲ့ဖူးပါသည်။ သို့သော်လည်း နောက်ပိုင်းတွင် နယ်ချဲ့ဆရာကြီးများက ဒေါ်လာ နည်းနည်းပါးပါးပေးပြီး မြန်မာနိုင်ငံနှင့် အစိုးရအပေါ် သားပုပ်လေလွင့် အမျိုးမျိုးနှင့် မြန်မာနိုင်ငံကို မတရားပိတ်ဆို့ဖို့ အပတ်စဉ် ထုတ်လွှင့်စေခိုင်းထားသော SBSရေဒီယို မြန်မာပိုင်းအစီအစဉ်အပါအဝင် အမျိုးသားသစ္စာဖောက် ဒေါ်လာမစို့မပို့စား ပြည်ပြေးတို့၏ ကျက်သရေမင်္ဂလာမရှိသော အသံလွှင့်ချက်များကြောင့် ထိုသူတို့၏ အမိပြည်တိုးတက်ရေးအပေါ် မနာလိုမရှုဆိတ် ပိတ်ပင်ဟန့်တားမှုကို ဩစတြေးလျနိုင်ငံရောက် မြန်မာလူမျိုးတို့ တကယ်ပဲ ယုံကြည်ကာ သူတို့လုပ်စေချင်သလို လုပ်ကြပြီလောဟု စိတ်ပူပင်ခဲ့ရပါသည်။

သို့ပါသော်လည်း ယခုလှူဒါန်းပွဲတွင် တကယ်တော့လည်း အရေးကြီးလျှင် သွေးနီးခဲ့ကြပေသည်။ ဘေးပြောတာကို မယုံ၊ သွေးပြောတာကို ယုံခဲ့ကြပေသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာ့တပ်မတော်နှင့် မြန်မာသံရုံးဝန်ထမ်းများ၏ ဝံသာနုရက္ခိတတရားနှင့်အညီ အလှူထမြောက်အောင် ကြီးကြပ်စီစဉ်ဆောင်ရွက်မှုအောက်ဝယ် ဩစတြေးလျနိုင်ငံရောက် စေတနာရှင် မြန်မာများက လွန်စွာမှပင် ဝမ်းသာအားရဖြစ်ခဲ့မိပါသည်။

ဩစတြေးလျနိုင်ငံသည် လူမျိုးဘာသာပေါင်းစုံ မူဝါဒကို ကျင့်သုံးသော နိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ လူမျိုးဘာသာပေါင်းစုံကို လက်ခံသော၊ လူမျိုးစုတိုးတက်ရေးအတွက် တက်ကြွစွာအားပေးနေသော နိုင်ငံရေးပေါ်လစီကိုလည်း ကျင့်သုံးပါသည်။ Globalization သဘောအရ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်တည်ငြိမ်မှု၊ မြန်မာနိုင်ငံသားတို့၏ ကျန်းမာရေး၊ လုံခြုံရေးသည် အာဆီယံဒေသတစ်ခုလုံး၏ တည်ငြိမ်မှုအကျိုးစီးပွားကို အဓိကဆက်နွှယ် အကျိုးပြုနေသည့်အားလျော်စွာ အာဆီယံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သော ဩစတြေးလျနိုင်ငံ၏ အကျိုးစီးပွားကိုလည်း အကြောင်းအကျိုးပြနေပေသည်။ ထို့ကြောင့်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူ့အခွင့်အရေး သင်တန်းပေးခြင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီ စသော အကူအညီများကို ဩစတြေးလျအစိုးရက မြန်မာနိုင်ငံကို ပေးနေပေသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ အပြန်အလှန် နားလည်မှုရှိနေသောအခြေအနေ၊ ဆက်ဆံကောင်းမွန် တည်ငြိမ်နေသော အခြေအနေနှင့်တကွ ဩစတြေးလျအစိုးရက မြန်မာနိုင်ငံနှင့် အစိုးရအပေါ် ကူညီမှုတို့ကို တိုင်းပြည်နှင့်လူမျိုးကို တကယ်ချစ်သည့် ဩစတြေးလျနိုင်ငံနေ မြန်မာလူမျိုးတိုင်းက လိုလားကြစမြဲဖြစ်သည်။

ဩစတြေးလျနိုင်ငံတွင် နှစ်ပေါင်းများစွာအခြေချနေထိုင်ကာ အလုပ်အကိုင်၊ စီးပွားရေးအတည်တကျဖြစ်နေကြသော မြန်မာများစွာပင် မြန်မာနိုင်ငံနှင့်တကွ မြန်မာသံရုံးဝန်ထမ်းတို့အပေါ် စေတနာရှိကြပေသည်။ ဩစတြေးလျနိုင်ငံတွင် အမြဲတမ်းနေခွင့်ရပါသော်လည်း မြန်မာနိုင်ငံသားအဖြစ်ကို မစွန့်လွှတ်ဘဲ မြန်မာနိုင်ငံကူးလက်မှတ်ကို ဆက်လက်ကိုင်ဆောင်ကြသော မြန်မာများစွာ ရှိကြသလို ဩစတြေးလျနိုင်ငံသားခံယူပြီးသော်လည်း မြန်မာနိုင်ငံတိုးတက်စည်ပင်မှုကို လိုလားသူ၊ နိုင်ငံအပေါ် သံယောဇဉ်ရှိသူ၊ နိုင်ငံတော်ကို ချစ်သူ မြန်မာနိုင်ငံသားများစွာရှိနေကြပါသည်။ မနေ့တစ်နေ့ကမှ ဒုက္ခသည်ဖောင်ပျက်ကာ ရေမျောကမ်းတင်လူတစ်စု မကြာသေးမီကမှ ဩစတြေးလျနိုင်ငံသို့ ရောက်လာပြီး နောက်မှလည်း လာသေး၊ အထက်စီးလည်း နေချင်သေးဟူသောသဘောဖြင့် မစားရဝခမန်း စကားကြီးစကားကျယ်တွေပြော၊ နိုင်ငံကို ပိတ်ဆို့ဖို့၊ လူမျိုးကို အညွန့်ချိုးဖို့ မျိုးဖျက်ဝါဒီတွေက နိုင်ငံရေးစတန့်ထွင်ကာ ဘယ်လောက် မြန်မာနိုင်ငံကို ပိတ်ဖို့၊ ဆို့ဖို့၊ အရေးယူဖို့ ပြောပြော၊ ဘယ်လိုပင် ဟန့်တား ဟန့်တား ဩစတြေးလျနိုင်ငံရောက် မျိုးချစ်မြန်မာတို့၏ မြန်မာနိုင်ငံနှင့် အစိုးရအပေါ်ထားရှိသော နားလည်မှု၊ စေတနာနှင့် မျိုးချစ်စိတ်ဓာတ်ကိုတော့ဖြင့် ဘယ်သောအခါမှ ချိုးဖျက်ဟန့်တား၍ မရနိုင်ပါ။

ဩစတြေးလျနိုင်ငံတွင် ကာယဉာဏအလုပ်လုပ်ရသူများအဖို့ တစ်ပတ်တစ်ပတ်ကို အလုပ်ခွင်ဖိအားများစွာနှင့် နေထိုင်ဖို့ လူနေမှုစရိတ်စကများစွာတို့ကို ရင်ဆိုင်လျက် ဖြတ်သန်းကြရပါသည်။ တစ်လတစ်လ မိမိတို့လုပ်ခကို အိမ်သို့ ပြန်ပို့နိုင်သောအချိန်သည် ပျော်ရွှင်ကြည်နူးဖွယ်အချိန်တစ်ခု ဖြစ်ပါသည်။ ထိုကဲ့သို့ မိမိတို့ဝမ်းရေးအတွက် ချွေးနှင့်စက်ကာ ရှာဖွေရသောငွေမှ မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားတို့၏ ကျန်းမာရေးအတွက် SARSရောဂါ ကာကွယ်ရေးတွင် တစ်တပ်တစ်အားပါဝင်ကာ ပေးပို့လှူဒါန်းသော ဆေးပစ္စည်းကိရိယာများ၊ ရောဂါကာကွယ်စမ်းသပ်ရာမှာ အသုံးပြုသော ပစ္စည်းများကို စေတနာမြောက်အောင် လက်ခံဆောင်ရွက်ပေးသော နိုင်ငံတော်အကြီးအကဲများနှင့် လှူဒါန်းမှုကိစ္စ အထမြောက်အောင် ဦးဆောင်ပါဝင်လှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံသို့ရောက်အောင် ပံ့ပိုးကူညီပေးခဲ့သည့် ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်တကွ သံရုံးအမှုထမ်းများကိုလည်း ကျေးဇူးအထူးတင်ထိုက်ပေသည်။ သွေးချင်း၊ လုပ်ဖော်ကိုင်ဖက် အလှူရှင်အားလုံးတို့၏ မွန်မြတ်လှသော စေတနာကိုလည်း ဂုဏ်ပြုရင်းဖြင့် **ဩစတြေးလျနိုင်ငံနေ စေတနာရှင်မြန်မာများ၏ မွန်မြတ်သော အလှူ**ကို သာဓုအနုမောဒနာ ခေါ်ဆိုရပါကြောင်း။ ။

အောင်လံစိန်စည်ရိပ်သာ ဝါတွင်းသုံးလ တရားစခန်း

ရန်ကုန် ဇူလိုင် ၃

အောင်လံမြို့ မန်ကျည်းကုန်း ရပ်ကွက် မဟာစည်ဩဝါဒခံ စိန်စည်သာသနာ့ရိပ်သာ ဝါတွင်းသုံးလ တရားစခန်းပွဲကို ဇူလိုင် ၁၃ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်၍ ဇူလိုင် ၁၂ရက် မွန်းလွဲ ၂နာရီအရောက် ကြွရောက်၍ တရားအားထုတ်နိုင်ကြောင်းနှင့် တရားစခန်းဝင် ယောဂီသူတော်စင်တို့အား လှူဒါန်းလိုပါက ရိပ်သာ ဖုန်း ၀၆၉-၂၁၂၃၁ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းနှင့် မဟာစည် နယ်လှည့်ဓမ္မကထိက ဆရာတော်များ ဥပုသ်နေ့တိုင်း ကြွရောက်၍ တရားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သာသနာ သာစည်ကျောင်းတိုက် တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၃

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၂)ရပ်ကွက် သာသနာသာစည်ကျောင်းတိုက် နာယကဆရာတော်နှင့် ဘဒ္ဒန္တ ဝိဇေယျ(သာသနဓဇ ဓမ္မာစရိယ)တို့သည် ဇူလိုင် ၉ ရက်မှ ၁၅ ရက်ထိ ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော်တို့ကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဇူလိုင် ၈ ရက် ညနေအရောက် လာကြရန်နှင့် ဆွမ်းဘောဇဉ် လှူဒါန်းလိုသူများ ကျောင်းတိုက်ဖုန်း-၅၈၀၀၇၅နှင့် ၅၈၀၁၂၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သဒ္ဓမ္မဇောတိကာရုံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၃

မင်္ဂလာတောင်ညွန့်မြို့နယ် (စံပြ)ပုသိမ်ညွန့်ရပ်ကွက်လုံးဆိုင်ရာ သဒ္ဓမ္မဇောတိကာရုံ အကျိုးတော်ဆောင်အဖွဲ့မှ ရပ်ကွက်အတွင်းရှိ ကျောင်းတိုက်များ၌ ဝါကပ်တော်မူကြမည့် သံဃာတော်တို့အား (၁၅)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဝါတွင်းလပြည့်နေ့တိုင်း ဓမ္မသဘင်(နေ့တရားပွဲ)ကို ဇူလိုင် ၁၃ ရက်(ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဓမ္မာရုံကြီးတွင် ဝါတွင်းဝါပ ဥပုသ်နေ့တိုင်း သီလဆောက်တည်ပွဲကို နံနက် ၉နာရီခွဲတွင် ပြုလုပ်လျက်ရှိပြီး ဝါတွင်းလပြည့်နေ့တိုင်း မွန်းလွဲ ၁နာရီတွင် နိုင်ငံကျော် ဓမ္မကထိကကျောင်းကုန်း အရှင်စန္ဒသာရ (ဓမ္မဇောတိကာရာမ ရွှေကျင်စာသင်တိုက်)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဟု သိရသည်။ (က-ပ)

ဝါဆိုသင်္ကန်းများ ဝယ်ယူလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၃

ဝိနည်းတော်နှင့်အညီ အသစ်ချုပ်လုပ်ထားသော အလျား၊ အနံပြည့် ပါရမီတံဆိပ် ဝါဆိုသင်္ကန်းများကို ဌာနဆိုင်ရာနှင့် ကုမ္ပဏီအသင်းအဖွဲ့များအား ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးနေပြီဖြစ်သည်။ ဝါဆိုသင်္ကန်း ဝယ်ယူလှူဒါန်းလိုကြသော ရဟန်း၊ ရှင်၊ လူ ပြည်သူများသည် ဦးသက်ခိုင်ဦး-ဒေါ်သန်းသန်းနွဲ့ ပါရမီသင်္ကန်းတိုက် ဆိုင်(၁)၊ အမှတ်(၅၁၇)၊ သုနန္ဒာလမ်းမကြီး၊ (၄)ရပ်ကွက်၊ ကြိုးတံတားအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နှင့် ဆိုင်(၂)၊ အမှတ်(၈၅) မြိတ်လမ်းမကြီးနှင့် စည်ပင်လမ်းမကြီးထောင့်၊ (၁၉)ရပ်ကွက် တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ မဟာသုဒဿနာရာမ စာသင်တိုက် ပရိယတ္တိသာသနပါလအဖွဲ့မှဦးဆောင်၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီ၌ မဟာသုဒဿနာရာမ စာသင်တိုက်တွင် ကျင်းပမည်ဖြစ်၍ စီဝိုင်စီ သင်္ကန်းတစ်စုံ ငွေကျပ် ၃၀၀၀ဖြင့် ဖုန်း-၂၄၄၇၀၊ ၂၁၆၄၅တို့သို့ ဆက်သွယ်၍ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း ပရိယတ္တိ သာသနပါလအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

✪ ရှေ့ဖုံးမှ

ထူးချွန်ထက်မြက်သော စွမ်းဆောင်ရည်များ၊ မိမိနိုင်ငံနှင့် မိမိအမျိုးအနွယ်ကို စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်တတ်သည့် အစဉ်အလာကောင်းများစသည့် ကောင်းမြတ်သော ဂုဏ်ရည်များကို ပိုမိုပေါ်လွင်ထင်ရှားအောင် ဂုဏ်ပြုမြှင့်တင်ပေးလိုက်ခြင်းဖြစ်သည်ဟု ပထမဦးစွာပြောကြားလိုကြောင်း။

ရှည်လျားခိုင်မာသော မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ မြန်မာအမျိုးသမီးစစ်စစ်များသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်အတန်းမြင့်မားသည့် မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံကြီး ပီပီပြင်ပြင် အခိုင်အမာဖြစ်ထွန်းလာစေရေးအတွက်သာမက လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံပြီး အင်အားခိုင်မာတောင့်တင်းသော အမျိုးသားနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးမှာပါ အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး ထိုက်တန်သော နေရာက စွမ်းစွမ်းတမံ ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ ရှိခဲ့ကြောင်း။

ပူးပေါင်းစွမ်းဆောင်

ထို့ကြောင့် ယနေ့အချိန်အခါမျိုးတွင် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရန်နှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ်နှင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် တစ်မျိုးသားလုံး၏ စုစည်းညီညွတ်သော စွမ်းပကားနှင့် အားထုတ်ကြိုးပမ်းဆောင်ရွက်နေကြသည့် အချိန်အခါကာလတွင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကလည်း မိမိတို့၏ သမိုင်းအစဉ်အလာကောင်းများနှင့်အညီ တက်ညီလက်ညီ ပါဝင်ပူးပေါင်းစွမ်းဆောင်ပေးကြရမည့် အချိန်အခါရောက်နေပါပြီဟု မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းစေရန်နှင့် နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအားလုံး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများကို စိတ်အေးချမ်းမြေ့စွာနှင့် တင်းပြည့်ကျပ်ပြည့်ရရှိခံစားနိုင်စေရန်အတွက် ယခုအခါတွင် ဘက်စုံ ကဏ္ဍစုံက အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အသိအမှတ်ပြု

ဤကဲ့သို့ အမိနိုင်ငံတော်ကြီး ဘက်စုံ ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေးကြိုးပမ်းဆောင်ရွက်မှုတိုင်းမှာ ထိုက်တန်သောနေရာက အမြဲတမ်းပါဝင်ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသည့် မျိုးချစ်စိတ်ပြည့်ဝသော မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုပြီး အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေးစွမ်းအားစု တစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာသည့်အပြင် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းစွမ်းဆောင်မှုများမှာ ထိုက်တန်သောနေရာက ပါဝင်ကြိုးပမ်း စွမ်းဆောင်နိုင်စေရေးတို့အတွက် အလေးအနက်ထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အမျိုးချစ်သော မြန်မာအမျိုးသမီးများ ဘက်စုံ ကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်နိုင်စေမည့် ရေခံမြေခံကောင်း၊ အခြေခံကောင်းများလည်း မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှာ ရှိထားပြီးဖြစ်ခြင်းကြောင့် မြန်မာအမျိုးသမီး ဖြစ်ရသည်ကိုက အလွန်ကံကောင်းသည်ဟု ဆိုနိုင်ကြောင်း။

မြန်မာလူမျိုးတို့သည် မျိုးချစ်စိတ်ရှိကြသော အမျိုးသမီးများ၏ အရေးပါသော အခန်းကဏ္ဍကို မည်သည့်ခေတ် မည်သည့်ကာလမှာမှ လျစ်လျူရှုမထားခဲ့သည့်အပြင် ထိုက်တန်စွာ နေရာပေး အလေးထားခဲ့ကြသည်မှာ အထင်အရှားပင်ဖြစ်ကြောင်း။

တန်းတူအခွင့်အရေးရ

မြန်မာအမျိုးသမီးများသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ကဏ္ဍစုံတွင် အမျိုးသားများနှင့် တန်းတူရည်တူအခွင့်အရေးရရှိခဲ့ကြသည့်အပြင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် အမျိုးသားများနှင့် အမျိုးသမီးများအကြား အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန် အလေးဂရုပြုလေးစားမှု၊ အပြန်အလှန် နေရာပေး အလေးထားမှု အခြေခံကောင်းများလည်း အခိုင်အမာဖြစ်ထွန်းထားပြီး ရှိနေကြောင်း။

ထို့အပြင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် လူပုဂ္ဂိုလ်တစ်ဦးချင်းကို အခြေခံပြီး ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ မိခင်နှင့် ဖခင် ဦးဆောင်သော မိသားစုကို အခြေခံပြီး ဖွဲ့စည်းဖြစ်တည်နေခြင်းဖြစ်သည့်အတွက် မိသားစုအတွင်းမှာ မိခင်ဖြစ်သူသည် ဖခင်နှင့် တန်းတူစီမံခန့်ခွဲနိုင်မှု အခွင့်အရေးရထားပြီးဖြစ်ခြင်းကြောင့် မြန်မာ့လူ့ဘောင်မှာ အမျိုးသမီးများအတွက် အခွင့်အရေး ဆုံးရှုံးမှုမရှိဘူးဆိုသည်မှာ အမှန်အကန်ပင်ဖြစ်ကြောင်း။

ဤသို့ အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိသော မြန်မာ့လူ့ဘောင်မှာ မွေးဖွားလာခဲ့သော မြန်မာအမျိုးသမီးစစ်စစ်များသည် အခြားသော နိုင်ငံများက အမျိုးသမီးများကဲ့သို့ အခွင့်အရေးများ တောင်းဆိုတိုက်ပွဲဝင်နေစရာ မလိုတော့ဘဲ အမျိုးသမီး အခွင့်အရေးများကို မွေးရာပါ အခွင့်အရေးများအဖြစ် ရရှိခံစားနေရပြီးဖြစ်ခြင်းကြောင့် မြန်မာအမျိုးသမီးတိုင်းအဖို့ ဂုဏ်ယူမဆုံးဖွယ်ပင်ဖြစ်ကြောင်း။

အားပေးမြှင့်တင်

ထို့ကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနှင့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိရာတွင် မြန်မာအမျိုးသမီးထုကြီး၏ ပင်ကိုရှိရင်း ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို ပိုမိုတိုးတက်ထွန်းကား လာစေရအောင် အားပေးမြှင့်တင်ပေးနိုင်စေရန် ရရှိဖြစ်ထွန်းပြီးဖြစ်သော မြန်မာအမျိုးသမီးအခွင့်အရေးများ ပိုမိုပီပြင်ခိုင်မာပြီး ခေတ်စနစ်နှင့် လျော်ညီစွာ တိုးတက်ဖြစ်ထွန်းလာစေရန်၊ မြန်မာအမျိုးသမီးများ၏ ထူးခြားထက်မြက်သော စွမ်းရည်များ ပိုမိုတိုးတက်မြင့်မားစေရန်နှင့် ဤကဲ့သို့ ထက်မြက်သော စွမ်းရည်များကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် ထိုက်တန်စွာ အသုံးပြုနိုင်စေရန်အတွက် စနစ်တကျ စီမံအားပေးဆောင်ရွက်ပေးလျက်ရှိခြင်းဖြစ်ကြောင်း။

အထူးသဖြင့် မြန်မာပီသသော၊ မြန်မာစစ်စစ်ဖြစ်သော၊ မြန်မာအမျိုးသမီးဂုဏ်ရည်ကို ထိန်းသိမ်းသော၊ ကောင်းမြတ်သော အစဉ်အလာများနှင့် ပြည့်စုံသော မြန်မာအမျိုးသမီးစွမ်းအားစုကြီး ဖြစ်ထွန်းလာစေရေး ဦးတည်ပြီး စိတ်ဓာတ်ပိုင်းဆိုင်ရာ အရည်အသွေးများ ပိုမိုတောက်ပြောင်လာစေရအောင် မြန်မာအမျိုးသမီးထုကြီးအတွင်း ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုးသော စိတ်ဓာတ်၊ အမျိုးကိုချစ်သောစိတ်ဓာတ်၊ နိုင်ငံကိုချစ်သော စိတ်ဓာတ်၊ အမျိုးအနွယ်ကို စောင့်ထိန်းသော စိတ်ဓာတ်တို့ တိုးတက်ထွန်းကားပြန့်ပွားလာစေရေးအတွက် အထူးအလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

တာဝန်ပေးအပ်

ဤကဲ့သို့ နိုင်ငံတော်အစိုးရ၏ အမျိုးသမီးကဏ္ဍဖွံ့ဖြိုးရေး မျှော်မှန်းချက်များ၊ ကြိုးပမ်းချက်များကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပီပီပြင်ပြင်

၂၀၀၃ခုနှစ် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ၂၀၀၂ခုနှစ် ထူးချွန်မြန်မာအမျိုးသမီး ရဲတပ်ဖွဲ့ဝင် ဒုတိယရဲမှူး ဒေါ်ခင်မြမြအား မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ပေးအပ်သည့် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ချီးမြှင့်စဉ်။ (ကြေးမုံ)

မြန်မာအမျိုးသမီးများကဏ္ဍဖွံ့ဖြိုးမှုနှင့် အမျိုးသမီးဂုဏ
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့်ပြ
မြန်မာအမျိုးသမီးထုကြီး၏ ထူးခြားကောင်းမြ

စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်စေရန်ကို နိုင်ငံတော်အစိုးရအနေနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းနေမှုကို ပြန်ကြည့်လျှင် မြန်မာအမျိုးသမီးများသည် ရေခံမြေခံကောင်းလှသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ ကျေးဇူးကြောင့် ဘက်စုံကဏ္ဍစုံမှာ ထိုက်သင့်သလောက် ဖွံ့ဖြိုးတိုးတက်ခဲ့သော်ငြားလည်း ဤအမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို စွမ်းအားရှိသရွေ့ အစွမ်းကုန် ပွင့်လင်းလာအောင် စီမံဆောင်ရွက်ပေးရန်နှင့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းနိုင်မှု လမ်းကြောင်းမှန်ပေါ်မှာ တည့်မတ်ခိုင်မာစွာ ထိန်းသိမ်းမြှင့်တင်ပေးနိုင်စေရန်ကို ယခုအခါ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီလည်းဖြစ်ကြောင်း။

ဤမျှမက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို နိုင်ငံတကာ အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် ဆက်စပ်အကောင်အထည်ဖော်မှုများကိုလည်း နိုင်ငံတော်ကို ကိုယ်စားပြုပြီး အခါအားလျော်စွာ စီမံဆောင်ရွက်နေကြပြီလည်းဖြစ်ကြောင်း။

ဖော်ထုတ်သတ်မှတ်

ထို့ကြောင့် မြန်မာအမျိုးသမီးများ၏ ထူးခြားလေးနက်သော ဂုဏ်ရည်များ၊ ထူးချွန်ပြောင်မြောက်သော စွမ်းဆောင်ရည်များ၊ ထူးခြားကောင်းမွန်သော သမိုင်းကြောင်း အစဉ်အလာများကို ဂုဏ်ပြုဖော်ညွှန်းနိုင်မည့် **မြန်မာအမျိုးသမီးများနေ့**ကို ဖော်ထုတ်သတ်မှတ်ရာမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ စတင်ပေါ်ထွန်းလာခဲ့သည့် ဇူလိုင်လ ၃ရက်နေ့ကို သတ်မှတ်ခဲ့ခြင်းသည် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအတွက် အလွန်ပင် ဂုဏ်ယူဖွယ်ဖြစ်သည်ဟု ဂုဏ်ပြုပြောကြားလိုကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ စွမ်းဆောင်ချက်များကို ကြည့်မည်ဆိုလျှင်လည်း နိုင်ငံတော်အစိုးရ၏ တာဝန်ပေးအပ်ချက်များနှင့်အညီ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းပြီး မြန်မာအမျိုးသမီးထုကြီး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍကြီးများ ခွဲခြားကာ စနစ်တကျ မြှင့်တင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

ထို့အပြင် မြန်မာအမျိုးသမီးထုကြီးကို စုစည်းခိုင်မာပြီး စွမ်းရည်ထက်မြက်သော အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စည်းရုံးဦးဆောင်ပြီး အမျိုးသမီးများကဏ္ဍတွင်သာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုကဏ္ဍစုံမှာ တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး အခြားသော လူမှုရေးအသင်းအဖွဲ့များနှင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

စနစ်တကျဆောင်ရွက်နိုင်

အထူးသဖြင့် အမျိုးသမီးငယ်ရွယ်များကဏ္ဍတွင် ပညာရေး၊ ကျန်းမာရေး မြှင့်တင်ပေးမှု၊ မျိုးဆက်ပွားအသိပညာပေးမှုတို့အပြင် မြန်မာအမျိုးသမီးငယ်များအကြား ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် ထုံးတမ်းစဉ်လာများ မြတ်နိုးထိန်းသိမ်းမှု၊ ကိုယ်ကျင့်သိက္ခာစောင့်စည်းမှု၊ ဟီရိဩတ္တပ္ပတရား၏ ထိန်းကွပ်ပဲ့ပြင်မှုနှင့်အညီ ဝတ်စားဆင်ယင်ပြောဆိုနေထိုင်မှုစသည့် မြန်မာအမျိုးသမီးစစ်စစ်တို့၏ ဂုဏ်ရည်များ ပြန့်ပွားထွန်းကားလာအောင် စနစ်တကျ စီမံဆောင်ရွက်ပေးနိုင်လျက်ရှိသည်ကို တွေ့ရကြောင်း။

ဤမျှမက အမျိုးသမီးများကဏ္ဍနှင့် ပတ်သက်ပြီး ယနေ့နိုင်ငံတကာတွင် အလေးထားဆောင်ရွက်နေသော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများနှင့် ကလေးငယ်များအား တရားမဝင်လူကုန်ကူးမှုမှ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့နှင့် လူမှောင်ခိုကုန်ကူးမှု တားဆီး

နိုင်ငံတော် အေးချမ်း
ဒုတိယ တပ်မတော်ကာကွ
ဒုတိယဗိုလ်ချုပ်မှူးကြီးမော
များနေ့အထိမ်းအမှတ် အခ
တွင် ခြောက်ဘာသာဂုဏ်ထူ
မန္တလေးတိုင်း ပြင်ဦးလွင်မြို့
ထူးချွန်ကျောင်းသူ မနော်သ
ပေးအပ်သည့် ဂုဏ်ပြုဆုနှင့်

ကာကွယ်ရေးလုပ်ငန်းကော်
စေလျက်ရှိသည်ကို တွေ့ရ

ဗဟိုမှ အမျိုးသမီး
မြန်မာအမျိုးသမီး ငယ်ရွယ်မှ
များ၊ လူမှုကျင့်ဝတ်များ၊
ဦးစားပေးကာကွယ်ပေးမှုမျ
များကို သိရှိနားလည်လာ
ကျေးရွာများအထိ ကွင်းဆင်း
လျက်ရှိနေသည်ကိုလည်း အ

ဤသို့ တာဝန်ရှိပုဂ္ဂိုလ
စည်းရုံးပညာပေးဆောင်ရွက
များအကြား အသိအမြင် အပ
များ လျော့ပါးကင်းစင်စေ

အမှာစကား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားတွင် ၂၀၀၂ခုနှစ် ထူးချွန် မြန်မာအမျိုးသမီး အားကစားမယ် မခိုင်ခိုင်မော်အား အမျိုးသမီးရေးရာ ကော်မတီက ပေးအပ်သည့် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ချီးမြှင့်စဉ်။ (ကြေးမုံ)

ဖွံ့ဖြိုးမှုနှင့် အမျိုးသမီးဂုဏ်ရည်ကျဆင်းအောင်လုပ်နေသော အဖျက်လုပ်ရပ်များသတိပြု
ရေးစိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားခိုင်မာအောင် တုံ့ပြန်စည်းရုံး
ထူးခြားကောင်းမြတ်သောဂုဏ်ရည်များ ပိုမိုရှင်သန်ဖွံ့ဖြိုးအောင်စွမ်းဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားတွင် ၂၀၀၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး၌ ပထမအဆင့်ရရှိသော မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အနီးစခန်းအခြေခံပညာအထက်တန်းကျောင်းမှ ထူးချွန်ကျောင်းသူ မနော်သစ္စာမိုးမြင့်အား အမျိုးသမီးရေးရာကော်မတီက ပေးအပ်သည့် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ချီးမြှင့်စဉ်။ (ကြေးမုံ)

ကာကွယ်ရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပြီးတာဝန်ပေးအပ် ဆောင်ရွက်စေလျက်ရှိသည်ကို တွေ့ရကြောင်း။

ဗဟိုမှ အမျိုးသမီးရေးရာ တာဝန်ရှိသူများကိုယ်တိုင် ဦးဆောင်၍ မြန်မာအမျိုးသမီး ငယ်ရွယ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ အစဉ်အလာများ၊ လူမှုကျင့်ဝတ်များ၊ မြန်မာ့လူနေမှုစနစ်၏ အမျိုးသမီးများအပေါ် ဦးစားပေးကာကွယ်ပေးမှုများ တည်ရှိထားပြီးဖြစ်သော ဥပဒေအကာအကွယ်များကို သိရှိနားလည်လာအောင် တိုင်းနှင့် ပြည်နယ်အနှံ့ အခြေခံအဆင့် ကျေးရွာများအထိ ကွင်းဆင်းပြီး စည်းရုံးပညာပေးမှုများ အခါမလပ် ဆောင်ရွက်လျက်ရှိနေသည်ကိုလည်း အားရဖွယ်တွေ့မြင်နေရပြီဖြစ်ကြောင်း။

အသိတရားရှိရှိ

ဤသို့ တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင်က ဖိဖိစီးစီး တက်တက်ကြွကြွ စည်းရုံးပညာပေးဆောင်ရွက်ခြင်းများကြောင့် မြန်မာအမျိုးသမီးငယ်ရွယ်များအကြား အသိအမြင် အယူအဆလွဲမှားမှုနှင့် တိုင်းတစ်ပါး အားကိုးလိုစိတ်များ လျော့ပါးကင်းစင်စေပြီး အဖျက်သမားများ၏ သွေးထိုးသပ်လျှိုမှု၊

စီးပွားရေးသမားများ၏ သွေးဆောင်ဖြားယောင်းမှုတို့ကို အသိတရားရှိရှိ ရှောင်ရှားနိုင်မှုများသည် တဖြည်းဖြည်းချင်း တိုးတက်လာသည်ကို တွေ့ရကြောင်း။

လျော့နည်းကျဆင်း

ဗဟိုမှတာဝန်ရှိသူများ အခါမလပ် ကွင်းဆင်းစည်းရုံးဆောင်ရွက်ပေးမှုများကြောင့်လည်း ယခုဆိုလျှင် လူမှောင်ခိုပွဲစားများ၏ တစ်ဖက်လှည့်ဖြင့် ရောင်းစားခံရမှုများ တဖြည်းဖြည်းချင်း လျော့နည်းကျဆင်းလာသည်ကိုလည်း တွေ့ရှိနေရကြောင်း၊ ဤကဲ့သို့ တိုးတက်ဖြစ်ပေါ်လာမှုများသည် အမျိုးသမီးရေးရာကော်မတီအဆင့်ဆင့် တာဝန်ရှိသူများ၏ တက်ညီလက်ညီ ကြိုးပမ်းမှုများကြောင့်ဟု ဆိုနိုင်ကြောင်း၊ ဤသည်ကို အသိအမှတ်ပြုကြရမှာဖြစ်ကြောင်း။

ယနေ့နိုင်ငံတကာ အမျိုးသမီးကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများသည် အမျိုးသမီးအခွင့်အရေးများ တောင်းဆိုမှုများသာမက အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုမှ ပေါ်ပေါက်လာသော ဆင်းရဲမွဲတေမှုများ ပပျောက်ရေး၊ ငြိမ်းချမ်းသာယာသော ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းရေးစသည့် ပိုမိုကျယ်ပြန့်သော လှုပ်ရှားဆောင်ရွက်မှုများကို အလေးပေးဆောင်ရွက်လာသည်ကို တွေ့ရကြောင်း။

တက်ကြွစွာဆောင်ရွက်နိုင်

ထို့ကြောင့် အခြေခံ အမျိုးသမီးအခွင့်အရေးများ ရရှိထားပြီးဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဦးတည်ဆောင်ရွက်နေသော မြန်မာအမျိုးသမီးများကဏ္ဍမြှင့်တင်ရေးကြိုးပမ်းဆောင်ရွက်မှုများသည် နိုင်ငံတကာ အမျိုးသမီးကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများနှင့် ပိုမိုပြီး သဟဇာတဖြစ်လာသည်နှင့်အမျှ ပိုမိုပြီးတက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်လျက်ရှိသည်ကို တွေ့ရကြောင်း။

ဤသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေနှင့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ လုပ်ငန်းစဉ်များ ချမှတ်ပြီး ဖွံ့ဖြိုးမှုကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နေကြသော ကော်မတီအသီးသီးအနေနှင့် ပညာပေးစည်းရုံးမှုများ၊ ဆွေးနွေးပညာပေးမှုများ တိုင်းနှင့်ပြည်နယ်အနှံ့ ကွင်းဆင်းစည်းရုံး ကူညီပံ့ပိုး ဆောင်ရွက်ပေးမှုများအပြင် နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို ရယူဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မျှော်မှန်းချက်များ တစ်စထက်တစ်စ ပိုမိုအောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည်ကိုလည်း တွေ့ရှိနေရပြီဖြစ်ကြောင်း။

အဖျက်လုပ်ရပ်သတိပြု

သို့ရာတွင် မြန်မာအမျိုးသမီးများအပေါ် အဆိုးမြင်ရှုထောင့်ကနေ အထင်အမြင်သေး ရှုမြင်ပြောဆိုနေကြသော အဖျက်အမှောင့်သမားများ၊ မြန်မာအမျိုးသမီးများ၏ နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံရေး တိုးတက်ဖြစ်ထွန်းနေမှုကို ဖျက်လိုဖျက်ဆီး ဖန်တီးလုပ်ဆောင်နေသည့် အဖျက်အမှောင့်သမားများ၊ မြန်မာအမျိုးသမီးများအကြား ဖြစ်ထွန်းနေသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို စနစ်တကျ သွေးခွဲသပ်လျှိုရန်လုပ်ကြံဖန်တီးနေသည့် လူမျိုးရေးဆန်သော သောင်းကျန်းသူအဖွဲ့များက မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ပျက်ပြားအောင်၊ အမျိုးသမီးများ ဂုဏ်ရည်ကျဆင်းအောင် လုပ်ဆောင်နေကြသော အဖျက်လုပ်ရပ်များကို သတိပြုကြရန် လိုအပ်မှာဖြစ်ကြောင်း။

ဤအဖျက်အမှောင့်သမားများ လက်နက်ကိုင် သောင်းကျန်းသူ အဖွဲ့အစည်းများသည် ဖြူစင်ရိုးသားသော တိုင်းရင်းသူ အမျိုးသမီးငယ်များကို စီးပွားရေးအရ သွေးဆောင်ဖြားယောင်း သိမ်းသွင်းမှုများ၊ လွဲမှားသည့် အယူအဆများ သွတ်သွင်းမြှောက်ပင့်ပေးမှုများ ပြုလုပ်ပြီး အိမ်နီးချင်းနိုင်ငံများသို့ စီးပွားဖြစ်တရားမဝင် တင်သွင်းနေမှုများ၊တစ်ဖက်နိုင်ငံကို တရားမဝင်

သွားရောက်ရန် မသမာသူများ၏ သွေးထိုးလှုံ့ဆော်မှုများကို ကာကွယ်တားဆီးရင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားခိုင်မာလာအောင် စနစ်တကျတုံ့ပြန် စည်းရုံးဆောင်ရွက်သွားကြပါဟု မြန်မာအမျိုးသမီးထုကို တိုက်တွန်း ပြောကြားလိုကြောင်း။

ပိုမိုအရေးပါလာ

ယခုဆိုလျှင်မည်သို့ပင်ပြည်တွင်း၊ ပြည်ပစည်းလားရိုက်ပြီး ဖျက်လိုဖျက်ဆီး လုပ်ဆောင်နေကြပေမဲ့ နိုင်ငံတော်အစိုးရအနေနှင့် မိမိတို့၏တိုင်းရင်းသူ အမျိုးသမီးများ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် ဖြူစင်မှန်ကန်သော စေတနာကောင်းနှင့် ကြိုးပမ်းစွမ်းဆောင်ပေးနေခြင်းဖြစ်သောကြောင့် မသမာသူများနှင့် အဆိုးမြင်ဝါဒီများ၏ လုပ်ကြံဖန်တီးမှုများသည် အောင်မြင်မှုမရမှာ သေချာသကဲ့သို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ လုပ်ငန်းတာဝန်များသည်လည်း ပိုမိုအရေးပါမှု ရှိလာသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ၊ လုပ်ငန်းကော်မတီများ၊ တိုင်း၊ ပြည်နယ်၊ မြို့နယ် အမျိုးသမီးရေးရာ ကော်မတီအဆင့်ဆင့်

စိတ်ဓာတ်တို့ ရှင်သန်ပွားများ...
ရေးတို့အတွက် အမျိုးသားရေး...
အသိဖြင့်တက်ကြွသောအားမာ...
ဖြင့် ဝိုင်းဝန်းထိန်းသိမ်းဆော...
ရွက်သွားကြပါ–

ဟု တိုက်တွန်းပြောကြားသွားသည်...

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၇-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ကြေးမုံရိပ်သွင်တေးနယည်
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ ရွှေလီတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ English for Everyday Use.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၂၅ ၇။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၅:၃၅ ၈။ တေးဂီတအစီအစဉ်
၅:၅၀ ၉။ **သစ်ဆိမ့်ဖူးစာ (သျှားညို၊ မိုးဒီ၊ မြင့်မြင့်ခိုင်၊ ခိုင်နှင်းဝေ) [ဒါရိုက်တာ– ကြည်စိုးထွန်း]**
၆:၀၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
၆:၁၀ ၁၁။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တေးများ
၆:၂၀ ၁၂။ Discovery.
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ **ကြည်နူးပျော်ရွှင်ဟာသခွင်**
၇:၂၀ ၁၆။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အကြောင်း သိကောင်းစရာ
၇:၃၀ ၁၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **ရုပ်မြင်သံကြားဇာတ်လမ်း မိုးသက်လေကို ခြေတဲ့ဆောင်း (အပိုင်း–၂) (နေအောင်၊ နိုင်းနိုင်း၊ ခင်သန်းနု၊ အိန္ဒြာကျော်ဇင်၊ ပပဝင်းခင်၊ မြင့်မြင့်ခိုင်) [ဒါရိုက်တာ–စင်ရော် မောင်မောင်]**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ပြည်သာယာဝါတွင်း သံဃဒါနဆွမ်းလောင်းပွဲ

ရန်ကုန် ဇူလိုင် ၃

ရန်ကင်းမြို့နယ်(၁၆)ရပ်ကွက် ပြည်သာယာဓမ္မာရုံတွင် ရပ်ကွက်အတွင်းရှိ ကျောင်းလေးကျောင်းအား ဇူလိုင် ၁၃ရက် (ဝါဆိုလပြည့်နေ့) နံနက် ၉ နာရီတွင် ဝါဆိုသင်္ကန်းဆက်ကပ်၍ မွန်းတည့် ၁၂ နာရီတွင် ဓမ္မစကြာအခါတော်နေ့ ကျင်းပပြီး ဝါတွင်း တနင်္ဂနွေနေ့ နံနက်တိုင်း သံဃာတော်အပါး ၁၀၀ ကျော်တို့အား အရဏ်ဆွမ်းလောင်းလှူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဗဟိုစာရင်းအင်းအဖွဲ့ (၁၁)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၃

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့နံနက်က ဗဟိုစာရင်းအင်းအဖွဲ့၊ ခြောက်ထပ်ရုံးကြီး၊ ကမ်းနားလမ်း ရန်ကုန်မြို့တွင် ကျင်းပသည်။

အစီအစဉ်အရ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဘုရားကြီး အရှေ့ဘက်မုခ်အနီးရှိ လယ်တီဝိပဿနာကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ အာသဖအမှူးရှိသော သံဃာတော် အရှင်သူမြတ်များအား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိန်တင်နှင့် ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ကြေးမုံ

ပြည်ထဲရေးဝန်ကြီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးသားဖောက် သင်တန်း အမှတ်စဉ်(၂/၂၀၀၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂ရက် နံနက် ၇နာရီက အင်းစိန်မြို့ အကျဉ်းဦးစီးဌာန ကျွမ်းကျင်မှုဆိုင်ရာ အတတ်သင် ကျောင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် တက်ရောက်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ်(၂၈) ဖွင့်မည်

ရန်ကုန် ဇူလိုင် ၃

ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းက ဧည့်လမ်းညွှန် အခြေခံသင်တန်း အမှတ်စဉ်(၂၈)ကို ဇူလိုင် ၇ရက်တွင် ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါသင်တန်းသို့ တက်ရောက်ခွင့်ရရှိသည့်ပုဂ္ဂိုလ်များစာရင်းကို အမှတ် (၄၀) ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန သင်တန်းကျောင်း၌ ထုတ်ပြန်ကြေညာထားရှိပြီးအရည်အချင်း ဆန်းစစ်မှုအောင်မြင်ပြီး သင်တန်း တက်ရောက်မည့်သူများသည် ဇူလိုင် ၄ရက် နောက်ဆုံးထား၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၌ စာရင်း ပေးသွင်းရမည်ဖြစ်သည်။ (သတင်းစဉ်)

ကြီးမြတ်ဂုဏ်ဖြာ မြန်မာအမျိုးသမီးများနေ့အား ဂုဏ်ပြုသည့် ထုတ်သြဘာ မင်္ဂလာကောဗိုဒ်ရတု

ပဉ္စဂုဏ် အဟံဝန္ဒာမိ သဗ္ဗဒါ

“မြန်မာအမျိုးသမီး”၊ ဂုဏ်ရှိန်ကြီးသား၊
ရိပ်ထီးတန်ဆောင်၊ မြန်ပြည်ထောင်ဝယ်၊
“စွမ်းဆောင်နိုင်သူ”၊ တံခွန်ထူ ရှင့်၊
ဇမ္ဗူတစ်လွှား၊ မိန်းမများသည်၊
ကြီးမားဂုဏ်ရှင်၊ “မွေးမိခင်”ဟု၊
ဂိုဏ်းဝင်အနန္တ၊ ဦးညွှတ်ကြလျက်၊
ခယရိုသေ၊ ဂုဏ်တင်ပေ ရှင့်၊
မွေးမေကျေးဇူး၊ ဂုဏ်အင်ထူးကို၊
ကြည်နူးဝမ်းသာ၊ ပြည်မြန်မာဝယ်၊
“ရေးရာကော်မတီ”၊ ဘွဲ့ထူးချီ၍၊
ကိုယ်စီကိုယ်ငှ၊ ခန်းကဏ္ဍဖြင့်၊
“မြန်မာ့အမြုတေ”၊ “သာကီဆွေ”ဟု၊
ပျိုမေအားလုံး၊ ပေါင်းစုရုံးလျက်၊
“ဆုံးရှုံးမှုကင်း”၊ “ဘေးရန်ရှင်း၍”၊
“ဖြည့်တင်းဥစ္စာ”၊ “မြတ်ပညာနှင့်”၊
“ကျန်းမာယဉ်ကျေး”၊ “ပညာပေးခဲ့”၊
မနေးရှက်ဆောင်၊ ဤလူ့ဘောင်ဝယ်၊
“ထူထောင်ဖွံ့ဖြိုး”၊ “ဘက်စုံတိုးရန်”၊
အမျိုးသမီး၊ ရှုမငြီးသည့်၊
ကြီးမြင့်ဂုဏ်ရည်၊ အာဇာနည်တို့၊
စောင့်ပြီမျိုးနွယ်၊ အန္တရာယ်ကို၊
ကာကွယ်ဖယ်ရှား၊ မျိုးမာန်အားနှင့်၊
မျိုးသားစိတ်ဓာတ်၊ လွန်မြင့်မြတ်လျက်၊
“ဂုဏ်ဒြပ်ထွန်းပြောင်”၊ “လုတန်ဆောင်ရှင့်”၊
အောင်စည်ဆော်ရွမ်း၊ အောင်မော်ကွန်းနှင့်၊
စွမ်းဆောင်နိုင်ပြီ၊ “ကုမ္မာရီတို့”၊
မြန်ပြည်သတင်း၊ ဂုဏ်ရောင်လင်း၍၊
ပျံ့သင်းကြေညာ၊ “မျိုးမြန်မာဟု”၊
ကမ္ဘာတစ်ဝန်း၊ အောင်စည်ရွမ်းလျက်၊
ဖော်ညွှန်းသြဘာ၊ ဂုဏ်ပြုပါသည်...
ဧယျာရွှန်းတင့်၊ မြင့်စေသောဝ်၊ ၊
တေဇာသွန်းဆင့်၊ ဝင့်စေသောဝ်၊ ၊
မာလာထွန်းပွင့်၊ စွင့်စေသောဝ်။ ။

တက္ကသိုလ်နွယ်သဇင်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ လေ့ကျင့်ရေးဝတ်စုံများ ပေးအပ်

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ဇူလိုင် ၁ရက် နံနက် ၈ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသော ပဏာမလက်ရွေးစင် တိုက်ကွမ်ဒို အားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြားကာ တိုက်ကွမ်ဒိုပဏာမလက်ရွေးစင် အားကစား မောင်မယ်များသို့ အားကစားလေ့ကျင့်ရေး ဝတ်စုံများတစ်ဦးချင်းချီးမြှင့်ပေးအပ်ပြီး လေ့ကျင့်မှုများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းတွင် စခန်းသွင်း လေ့ကျင့်လျက်ရှိကြသော ပဏာမလက်ရွေးစင် မြားပစ်အားကစား မောင်မယ်များအား တွေ့ဆုံအားပေးစကား ပြောကြားကာ အားကစားလေ့ကျင့်ရေး ဝတ်စုံများ တစ်ဦးချင်းချီးမြှင့်ပေးအပ်ပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဆက်လက်လေ့ကျင့်မည့် အစီအစဉ်များကို ပြန်လည်တင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်မြောက်ပိုင်း အားကစားပြိုင်ပွဲရုံတွင် စခန်းသွင်း လေ့ကျင့်လျက်ရှိကြသော ပဏာမလက်ရွေးစင်သိုင်း အားကစားသမားများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ပဏာမလက်ရွေးစင် အားကစားမောင်မယ်များအတွက် အားကစား လေ့ကျင့်ရေးဝတ်စုံများ တစ်ဦးချင်း ချီးမြှင့်ပေးအပ်ပြီး လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။ (ကြေးမုံ)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရသူများစာရင်း ကြေညာ

ရန်ကုန် ဇူလိုင် ၃

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရသူများစာရင်းကို ပြည်သူ့အင်အားဦးစီးဌာနက ဇူလိုင် ၂ရက်က ထုတ်ပြန်ကြေညာထားသည်။

ပိုစတာ

ပိုစတာပြိုင်ပွဲဆုရသူများမှာ အဆင့်(၁) အသက်(၆-၈)နှစ် အတန်းတွင် ပထမဆု မောင်ဟိန်းဝဏ္ဏ ဒုတိယတန်း အ-မ-က(၁၀) ကြည့်မြင်တိုင်၊ ဒုတိယဆု မောင်ထက်နိုင်လင်း တတိယတန်း အ-လ-က (၁) ဒဂုံ၊ တတိယဆု မောင်ကောင်းထက်ကျော်တတိယတန်း အ-မ-က(၁၈) တာမွေတို့က ရရှိပြီး အထူးဆုများကို မမေထူးမြတ်မွန် ဒုတိယတန်း မြို့မ အ-လ-က ကျောက်တန်း၊ မဖြိုးအိဇင်တတိယတန်း အ-မ-က(၉)တာမွေ၊ မောင်ထူးထက်ကျော် တတိယတန်း မြို့မ အ-လ-က ကျောက်တန်း၊ မအေးချမ်းမိုး ပထမတန်း အ-ထ-က(၁)မြိတ်၊ မစွဲ့နွယ်နွယ်ဝင်း တတိယတန်း အ-လ-က(၃) မြစ်ကြီးနားတို့က ရရှိကြသည်။

အဆင့်(၂)

အဆင့်(၂) အသက်(၉-၁၂)နှစ် အတန်းတွင် ပထမဆု မဆုမြတ်နိုးနွယ် ပဥ္စမတန်း အ-ထ-က (၂)ဒဂုံ၊ ဒုတိယဆု မပွင့်သရဖီအောင် ဆဋ္ဌမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး ကျောင်း(ရန်ကင်း)၊ တတိယဆု မောင်သီဟတင် ဆဋ္ဌမတန်း အ-ထ-က(၁)ဒဂုံတို့ကရရှိပြီး အထူးဆုများကို မအေးမြတ်မြင့်မိုရ်ပဥ္စမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (ရန်ကင်း)၊ မဒွေးဦးသူ ပဥ္စမတန်း အ-ထ-က(၂)ဗဟန်း၊ မောင်စည်သူအောင် တတိယတန်း အ-မ-က(၃၂) တာမွေ၊ မောင်အောင်ပိုင်စိုး စတုတ္ထတန်း အ-လ-က(၂) ပဲခူး၊ မနန်းမိုဟွမ်နွန်း သတ္တမတန်း အ-ထ-က(၄) တောင်ကြီးတို့က ရရှိကြသည်။

အဆင့်(၃)

အဆင့်(၃) အသက်(၁၃-၁၅)နှစ် အတန်းတွင် ပထမဆု မောင်ဇင်ကိုကို အဋ္ဌမတန်း အ-ထ-က (၄)အလုံ၊ ဒုတိယဆု မောင်ရဲထွဋ်အောင် ဒသမတန်း အ-ထ-က(၁)ဒဂုံ၊ တတိယဆု မခင်ချမ်းမြေ့သူ အဋ္ဌမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (ကမာရွတ်)တို့ကရရှိကြပြီး အထူးဆုများကို မောင်ဝင်းမြတ်သူ နဝမတန်း အ-ထ-က(၃)တာမွေ၊ မောင်ကောင်းမြတ်မင်းစိုး နဝမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (ကမာရွတ်)၊မောင်ချမ်းမြေ့စိုးနဝမတန်း အ-ထ-က(၁) ဘားအံ၊ မနော်ကေကေလွင် ဒသမတန်း အ-ထ-က(၃) ထားဝယ်၊မောင်တေဇာနိုင်ထူးဒသမတန်း အ-ထ-က(၁၆) ချမ်းအေးသာစံမြို့နယ်တို့က ရရှိကြသည်။

အဆင့်(၄) အသက်(၁၆-၁၈)နှစ် အတန်းတွင်ပထမဆုမောင်စည်သူအောင် ဒုတိယနှစ် (စီးပွားရေး) ဒဂုံတက္ကသိုလ် ရန်ကုန်၊ ဒုတိယဆု မအေးအိစိုးစံ ပထမနှစ်(စီးပွားရေး) ရန်ကုန် အရှေ့ပိုင်း တက္ကသိုလ်၊ တတိယဆု မပို့ပို့ကြည် ဒုတိယနှစ်(ဂျာမန်) နိုင်ငံခြား ဘာသာတက္ကသိုလ် ရန်ကုန်တို့က ရရှိကြပြီး အထူးဆုများကို မောင်နန္ဒအောင် ပထမနှစ်(ရူပဗေဒ) ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၊ မောင်သိုက်ထွေးငြိမ်းချမ်း ဒသမတန်း အ-ထ-က(၂) လှိုင်ကော် ကယားပြည်နယ်၊ မောင်နိုင်ထူးကျော် ပထမနှစ် ရေကြောင်း ပညာတက္ကသိုလ် ရန်ကုန်၊ မောင်အောင်မျိုးထွန်း ဒုတိယနှစ် (ပန်းချီ) ယဉ်ကျေးမှု တက္ကသိုလ် မန္တလေး၊ မောင်အောင်သူရ ဒသမတန်း(ပြင်ပဖြေဆို) ရွှေတောင်မြို့နယ် ပဲခူးတိုင်း(အနောက်ပိုင်း)တို့က ရရှိကြသည်။

အဆင့်(၅)

အဆင့်(၅) အသက်(၁၉)နှစ်အထက် အလွတ်တန်းတွင် ပထမဆု မောင်ဇာနည်ထွန်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒုတိယဆု မောင်ရဲအောင်မြတ် သင်္ဃန်းကျွန်း၊ တတိယဆု မောင်အောင်မိုး တောင်ဥက္ကလာပတို့က ရရှိကြပြီးအထူးဆုများကို ကိုသန်းဇော် ဗဟန်း၊ ဒီဇိုင်းကိုသက် စမ်းချောင်း၊ မောင်ရဲထွဋ်အောင် ကျောက်တန်း၊ ဦးစိုးလေး (ပဲခူးစိုးလေး) ကျောက်တန်း၊ မသဇင်စိုးမြင့် တာမွေတို့က ရရှိကြသည်။

စာစီစာကုံး

စာစီစာကုံးပြိုင်ပွဲဆုရရှိသူများမှာ အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆု မောင်ပြည့်မောင်လတ် အဋ္ဌမတန်း အ-ထ-က(၁) ညောင်လေးပင်မြို့နယ်၊ ဒုတိယဆု မအေးမြတ်သူ အဋ္ဌမတန်း အ-လ-က (၅) ဟင်္သာတမြို့နယ်၊ တတိယဆု မမြင့်မြတ်သူ နဝမတန်း အ-ထ-က(၂)သထုံမြို့နယ်တို့က ရရှိပြီး အထူးဆုများကို မောင်ဖြိုးပိုင်သော် အဋ္ဌမတန်း အ-လ-က(၁) တောင်ဥက္ကလာပမြို့နယ်၊ မအေးငြိမ်းစံ ဒသမတန်း အ-ထ-က(၄) စစ်တွေမြို့နယ်၊ မနန်းဟေမာကျော် ဒသမတန်း အ-ထ-က(၄) ကျိုင်းတုံမြို့နယ်၊ မချစ်ဆုထွေး ဒသမတန်း အ-ထ-က(၁) မကွေးမြို့နယ်၊ မဖြူပြာမိုး ဒသမတန်း အ-ထ-က (၂) စစ်ကိုင်းမြို့နယ်တို့က ရရှိကြသည်။

အခြေခံပညာ အလယ်တန်းအဆင့်တွင် ပထမဆု မနုထက်ထက်လွင် သတ္တမတန်း အ-ထ-က(၄) စစ်တွေမြို့နယ်၊ ဒုတိယဆု မဖြူဇာနွယ် သတ္တမတန်း အ-ထ-က(၂)ပုသိမ်မြို့နယ်၊ တတိယဆု မရွှေစင် သတ္တမတန်း အ-လ-က(၁)တောင်ဥက္ကလာပမြို့နယ်တို့က ရရှိပြီး အထူးဆုများကို မဆုသိင်္ဂ ဆဋ္ဌမတန်း အ-လ-က(၄) မကွေးမြို့နယ်၊ မနွှန်ဦးလှိုင် ဆဋ္ဌမတန်း အ-လ-က ညောင်လေးပင်မြို့နယ်၊ မသဲစုနှင်း သတ္တမတန်း အ-ထ-က ချောင်းဆုံမြို့နယ်၊ မထူးရွှေရည်အိမ် သတ္တမတန်း အ-ထ-က ယင်းမာပင်မြို့နယ်၊ မဖြိုးနန္ဒာထွန်း သတ္တမတန်း အ-ထ-က (၁၂) ချမ်းအေးသာစံမြို့နယ်တို့က ရရှိကြသည်။

ဆုများချီးမြှင့်မည်

အဆိုပါ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဇူလိုင် ၁၁ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ရာ ပိုစတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ရရှိသူများသည် ဦးအောင်သန်း၊ ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာနသို့ လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယရရှိသူများသည် ဦးချစ်ရင် ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အား ဦးစီးဌာနသို့လည်းကောင်း၊ ပတ်စပို့ဓာတ်ပုံ သုံးပုံနှင့်အတူ ဇူလိုင် ၈ရက်တွင် လာရောက်သတင်းပေးပို့ကြရမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲတွင် အစမ်းလေ့ကျင့်ပွဲကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကျင်းပမည့် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ပြုလုပ်မည်ဖြစ်သည်။

အထူးဆု

ပိုစတာပြိုင်ပွဲတွင် အထူးဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်း လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများမှတစ်ဆင့် ဆုများချီးမြှင့်မည်ဖြစ်ပြီး စာစီစာကုံးပြိုင်ပွဲတွင် အထူးဆုရရှိကြသူများအား အမှတ်(၃) အခြေခံ ပညာဦးစီးဌာနမှ တစ်ဆင့် ဇူလိုင်၁၂ရက်တွင် ဆုများပေးပို့သွားမည်ဖြစ်သည်။

(သတင်းစဉ်)

● စာမျက်နှာ ၉ မှ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က ဝိဇ္ဇာဘွဲ့၊ ပညာရေးဘွဲ့ လွန်ဒီပလိုမာနှင့် ဥပဒေဘွဲ့များရရှိခဲ့ပြီး အသက်(၈၄)နှစ်အရွယ်တွင် Certificate in International Marketing၊ အသက်(၈၅)နှစ်မှ (၈၈)နှစ်အရွယ်အထိ Certificate in Basic Library Technical Services (Level 1,2,3)နှင့် အသုံးချစိတ်ပညာဘွဲ့လွန်ဒီပလိုမာဘွဲ့များရရှိသည်အထိ ပညာဆည်းပူးခဲ့ပြီး ကျမ်းများ၊ ဝတ္ထု၊ ဆောင်းပါးများ ရေးသားနေသူ အဆင့်မြင့်ပညာ ဆည်းပူးလျက်ရှိသူများအနက် အသက်အရွယ်အကြီးဆုံးဖြစ်သည့် အသက်(၈၉)နှစ်ရှိပြီဖြစ်သော စာရေးဆရာမကြီး မမြတ်လေး(ခေါ်)ဒေါ်သိန်းဆိုင်အားလည်းကောင်း၊ မြန်မာနိုင်ငံ၌ ပထမဦးဆုံး မြန်မာအမျိုးသမီး အင်ဂျင်နီယာများ ဆောက်လုပ်သည့် ပဲခူးတိုင်း ပြွန်တန်ဆာမြို့အနီးရှိ အရှည်ပေ ၃၆၀၊ အကျယ်ပေ ၆၀ရှိ ရဲနွယ်ချောင်းတံတားကို တည်ဆောက်ခဲ့သည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြန်မာအမျိုးသမီး အင်ဂျင်နီယာမှူးဒေါ်စီသန်းဦးဆောင်သော အမျိုးသမီးအင်ဂျင်နီယာအဖွဲ့အားလည်းကောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ပေးအပ်သည့် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုချီးမြှင့်သည်။

ဂုဏ်ပြုချီးမြှင့်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက ၂၀၀၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး၌ ပထမအဆင့်ရရှိသော မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အနီးစခန်း အခြေခံပညာ အထက်တန်းကျောင်းမှ ထူးချွန်ကျောင်းသူ မနော်သစ္စာမိုးမြင့် အားလည်းကောင်း၊ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (၁၉၉၇)ခုနှစ်တွင် ထိုက်ချီချွမ်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု၊ (၄)ကြိမ်မြောက် ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ (၁၉၉၇)ခုနှစ်တွင် ထိုက်ချီချွမ်ပြိုင်ပွဲ၌ အဆင့်(၉)၊ ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ (၁၉၉၉)ခုနှစ်တွင် ထိုက်ချီချွမ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု၊ ထိုက်ချီကျန့်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု၊ ထိုက်ချီစွယ်စုံပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု၊ (၅)ကြိမ်မြောက် အာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲ (၂၀၀၀)ပြည့်နှစ်တွင် ထိုက်ချီချွမ်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု၊ ထိုက်ချီကျန့်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု၊ ထိုက်ချီစွယ်စုံပြိုင်ပွဲ၌ ငွေတံဆိပ်ဆု၊ (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (၂၀၀၁)ခုနှစ်တွင် ထိုက်ချီချွမ်ပြိုင်ပွဲ+ထိုက်ချီကျန့်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု၊ (၆)ကြိမ်မြောက် ကမ္ဘာ့ဝူရှူး တံခွန်စိုက်ပြိုင်ပွဲ(၂၀၀၁)ခုနှစ်တွင် ထိုက်ချီချွမ်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု၊ ထိုက်ချီချွမ်+ထိုက်ချီကျန့်ပြိုင်ပွဲ၌ အဆင့်(၄)၊ (၁၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ (၂၀၀၂)ခုနှစ်တွင် ထိုက်ချီချွမ်+ထိုက်ချီကျန့် ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်မြန်မာအမျိုးသမီး အားကစားမယ် မခိုင်ခိုင်မော်အားလည်းကောင်း၊ တတိယအကြိမ်မြောက် မသန်စွမ်းသူများ လုပ်ငန်းကျွမ်းကျင်မှုပြိုင်ပွဲ (၁၉၉၁)ခုနှစ်တွင် ဓာတ်ပုံပညာပြိုင်ပွဲ၌ကြေးတံဆိပ်ဆု၊ (၇)ကြိမ်မြောက် အရှေ့ဖျားနှင့် တောင်ပစိဖိတ်နိုင်ငံများ မသန်စွမ်းအားကစားပြိုင်ပွဲ (၁၉၉၉)ခုနှစ်တွင် လှံတံပစ်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု၊ ပထမအကြိမ် အာဆီယံနိုင်ငံများ မသန်စွမ်းအားကစားပြိုင်ပွဲ (၂၀၀၀)ပြည့်နှစ်တွင် လှံတံပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု၊ သံပြားပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု၊ သံလုံးပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု၊ (၈)ကြိမ်မြောက် အရှေ့ဖျားနှင့် တောင်ပစိဖိတ်နိုင်ငံများဆိုင်ရာ မသန်စွမ်းသူများအားကစားပြိုင်ပွဲ (၂၀၀၂)ခုနှစ်တွင် လှံတံပစ်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု၊ သံပြားပစ်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု၊ သံလုံးပစ်ပြိုင်ပွဲ၌ စတုတ္ထဆုရရှိသော နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်မြန်မာအမျိုးသမီး မသန်စွမ်းအားကစားမယ် မညွန့်ညွန့်ဝင်းအားလည်းကောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ပေးအပ်သည့် ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်သည်။

ယင်းနောက် ၂၀၀၃ခုနှစ် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက နိုင်ငံ့တာဝန်ကို အမျိုးသမီးပင်ဖြစ်လင့်ကစား ကြောက်ရွံ့စိတ် စိုးစဉ်းမျှမရှိဘဲ ပေးအပ်သောတာဝန်ကို သက်စွန့်ကြိုးပမ်း စွမ်းဆောင်ခဲ့သည့် ထူးချွန်အမျိုးသမီးရဲတပ်ဖွဲ့ဝင် ဒုတိယရဲမှူးဒေါ်ခင်မြမြအား လည်းကောင်း၊ အဆင့်မြင့်အဆောက်အအုံများ၌ မီးလောင်လျှင် ဒုက္ခကြုံတွေ့ရသူများ၏အသက်ကိုကယ်တင်ရန် အထပ်မြင့်အဆောက်အအုံများ၏ လှေကားထစ်များအား မော်တော်ဆိုင်ကယ်ဖြင့် လျှပ်တစ်ပြက် တက်ရောက်ကယ်တင်နိုင်ရေး လုပ်ငန်းများကို ထူးချွန်စွာလုပ်ကိုင်နိုင်သူဖြစ်ပြီး အသက်ကယ်နည်းစနစ်တွင် အကျုံးဝင်သော ကြိုးကူးခြင်း၊ ကြိုးဆင်းခြင်း၊ ကြိုးတက်ခြင်း၊ မော်တော်ဆိုင်ကယ်စီးခြင်းတို့ကို စွန့်စွန့်စားစားဆောင်ရွက်ခဲ့သည့်အပြင် မီးသတ်ဆိုင်ရာနည်းစနစ်များ သရုပ်ပြခြင်းကို အကြိမ်(၈၀၀)အထက် ဆောင်ရွက်ခဲ့သူ ထူးချွန်အမျိုးသမီး မီးသတ်ဦးစီးဌာန သင်တန်းကျောင်းမှ မီးသတ်ဒုတိယတပ်ကြပ် ဒေါ်စောဥမ္မာခိုင်အား လည်းကောင်း၊ တနင်္သာရီတိုင်းအတွင်း မီးဘေး၊ ရေဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကယ်ဆယ်ခြင်းစသည့် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် အာရှပစိဖိတ်ဒေသဆိုင်ရာ လူငယ်များ တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံကြက်ခြေနီ လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်၊ ၂၀၀၃ခုနှစ်တွင် လူမှုထူးချွန်(တတိယဆင့်)ရရှိခဲ့သည့် ထူးချွန်အမျိုးသမီးကြက်ခြေနီတပ်ဖွဲ့ဝင် ဒေါ်အေးအေးသန်းအားလည်းကောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ပေးအပ်သည့် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော အမျိုးသမီးရေးရာလှုပ်ရှားမှု ဓာတ်ပုံပြကွက်များ၊ အမျိုးသမီးရေးရာနှင့် ပတ်သက်သော စာအုပ်စာတမ်းများနှင့် မဂ္ဂဇင်းများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင်၃ရက်က လှိုင်မြို့နယ် အထက(၁)ဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်နှင့် ကော်မတီဝင်များ စုပေါင်းသစ်ပင် စိုက်ပျိုးကြစဉ်။ (က-ပ)

မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံအမတ်ကြီးအဖြစ် မစ္စတာပီတာဟိုးဝပ်ရိုက်ဒါအား ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဇူလိုင် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည့် မစ္စတာ အလန်ဝီလီယံ၏ နေရာတွင် မစ္စတာပီတာဟိုးဝပ်ရိုက်ဒါအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။ မစ္စတာ ရိုက်ဒါသည် ဗန်ကောက်မြို့၌ အခြေစိုက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည် ဖြစ်သည်။

တာဝန်ထမ်းဆောင်ခဲ့

မစ္စတာ ပီတာဟိုးဝပ်ရိုက်ဒါသည် ၁၉၅၁ခုနှစ် ဇန်နဝါရီလရက်တွင် မွေးဖွားခဲ့သည်။ မစ္စတာ ရိုက်ဒါသည် သိပ္ပံဘွဲ့နှင့် မဟာသိပ္ပံဘွဲ့ကို ရရှိခဲ့ပြီး ၁၉၇၈-၇၉ခုနှစ်တွင် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၂ခုနှစ်အထိ ဘာရိန်းနိုင်ငံရှိ နယူးဇီလန်နိုင်ငံ သံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ် လည်းကောင်း၊ ၁၉၈၃ခုနှစ်မှ ၁၉၈၄ခုနှစ်အထိ နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာနတွင် မူဝါဒရေးရာအရာရှိအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတွင် ၁၉၈၄ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ တွဲဖက် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ခုနှစ်မှ၁၉၈၉ခုနှစ်အထိ ရိယာ့ဒ်မြို့ နယူးဇီလန်သံရုံး၌ ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၈၉ခုနှစ်မှ ၁၉၉၂ခုနှစ်အထိ ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ နယူးဇီလန်အဖွဲ့ရုံး၌ ဒုတိယအမြဲတမ်း ကိုယ်စားလှယ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ နယူးဇီလန်အဖွဲ့ရုံး၌လည်း ၁၉၉၅ခုနှစ်မှ ၁၉၉၈ခုနှစ်အထိ ဒုတိယ အမြဲတမ်းကိုယ်စားလှယ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ နိုင်ငံခြားရေး ဝန်ကြီးဌာန ဘဏ္ဍာစိစစ်ရေးဌာနတွင် ၁၉၉၈ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ ညွှန်ကြားရေးမှူး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာရိုက်ဒါသည် ၂၀၀၀ပြည့်နှစ်မှ ယခုအချိန်အထိ ဝန်ကြီးချုပ်ရုံးနှင့် အစိုးရ အဖွဲ့ရုံးတို့တွင် နိုင်ငံတကာရေးရာ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

(သတင်းစဉ်)

အမျိုးသမီးထု အင်အား

တိုင်းရပ်ပြည်ရပ်၊ တစ်တပ်တစ်အား
အမျိုးသမီးထု အင်အား.....။
များပြားပြည့်လျှံ၊ နိုင်ငံလူဦးရေ
ထက်ဝက်ကျော်ပေစွ။
တိတိကျဆို၊ ငါးဆယ်ဒသမကို
သုံးရာနှုန်းပို၊ အိုဘယ့်.....သည်စွမ်းအား။
အများအကျိုး၊ နိုင်ငံအကျိုး
ဆတိုးကျိုးရ၊ သုံးနိုင်မှသာ
မြန်မာအမျိုးသမီး၊ အမျိုးသားနည်းဆောင်
ရင်ပေါင်ညီညီ၊ စွမ်းရည်မီမြင့်မား
နိုင်ငံ့အင်အား။
သည်အင်အားအစ၊ တစ်ယောက်ကတစ်ရာ
တစ်ရွာကပြည်နယ်တိုင်း၊ ဖွံ့ဖြိုးနှိုင်းဆ
တစ်ပြေးညီရအောင်၊ ကူဆောင်ပံ့ပိုး
တိုးသည်ထက်တိုး၊ ကောင်းကျိုးဖွေမည်
မျက်ခြည်မပြတ်၊ လိုအပ်ချက်လေ့လာ
ဖြည့်ဆည်းကာဆောင်ရွက်
တိုင်းပြည်အတွက် ပေပဲ။
မခွဲမခြား၊ ပြည်မဖွား ၊ ပြည်နယ်သူ
တစ်အူထုံ့ဆင်း၊ မိမြန်မာ သမီးရင်းတွေမို့
သွေးချင်းတို့ဌာနေ၊ လှမ်းစို့လေလက်တွဲ
ဆကဲလို့ စည်းလုံး၊ ညီညွတ်မှုအပြုံးနှင့်
တစ်ခိုင်ရုံးပွင့်၊ တစ်ပင်လုံးတင့်
တစ်နိုင်ငံလုံးမြင့်။ ။

(မြန်မာအမျိုးသမီးများသို့ ရည်ညွှန်းပါသည်။)

မဦးဇွန်း

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မြို့နယ်အတွင်းရှိ အထက၊ အလက၊ အမက ကျောင်းပေါင်း ၆၄ကျောင်းသို့ စာရေးကိရိယာ၊ စာအုပ်များလှူဒါန်းပွဲနှင့် သားဖွားခန်း ထူးချွန်ဆုပေးအပ်ပွဲကို ဇွန် ၂၈ရက်က အထက(၃)၌ ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်စန်းတင့်က မြို့နယ်ပညာရေးမှူး ဒေါ်အမရာဒေဝီသို့ စာရေးကိရိယာနှင့်စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆွေ ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာ အမျိုးသမီးများ နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ရက်က (၁၂)ရပ်ကွက် ရေကန်ပတ်လည်တွင် ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (ဗဥ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၇-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၄။ နားဝင်ငြိမ့်စီး သီချင်းကြီး
၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၈ ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်းများ
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က) ဒုတိယနှစ်(မြန်မာစာ)
(ခ) ဒုတိယနှစ် (ဒဿနိကဗေဒ)
၅း၃၀ ၁၀။ ပညာခေတ်
၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဖြူရောင်လွင်ပြင် (အပိုင်း-၁၃)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား (အပိုင်း-၃၀)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

❒ ပုံညာတောင်မှ

၇၀၇၂ချောင်းရှိသည့်အနက် သံလမ်းချောင်း ၁၀၆၀ ချောင်း၊ သံလမ်းကျောက်ခင်းခြင်းလုပ်ငန်းတွင် ၂၆မိုင်ရှိသည့်အနက် ၅ဒသမ၉မိုင်၊ ဇလီဖားတုံးခင်းခြင်း လုပ်ငန်းတွင် ၂၆ မိုင်ရှိသည့် အနက် ၅ ဒသမ ၉ မိုင်၊ သံလမ်းခင်းခြင်းလုပ်ငန်းတွင် ၂၆ မိုင်ရှိသည့်အနက် ၅ဒသမ ၂မိုင်၊ ကျောက်ဖြည့်ခြင်းလုပ်ငန်းတွင် ၂၆ မိုင်ရှိသည့်အနက်၃ဒသမ၄မိုင်တို့အား ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရသည်။

တည်ဆောက်ရမည့် တံတားများမှာ ကျောဘက်ခြမ်းတွင် တံတား ၄၈ စင်း၊ ရေမျက်နှာဘက်ခြမ်းတွင် ၄၈ စင်းပါရှိရာ ယခုအခါ ၁၀ ပေအောက်တံတား ကျောဘက်ခြမ်းတွင် အမိုးပိတ် ၂၂စင်း၊ မျက်မြောင်ဘက်တွင်အမိုးပိတ် ၁၆ စင်း၊ ၁၀ ပေနှင့် ပေ ၄၀ ကြားရှိ အမိုးပိတ် တံတား ကျောဘက်ခြမ်းတွင် ရှစ်စင်းနှင့် မျက်မြောင်ဘက်တွင် ခြောက်စင်း၊ ပေ ၄၀ နှင့် ပေ ၁၀၀ အကြားတံတားမှာ ကျောဘက်ခြမ်းတွင် တစ်စင်းတို့ တည်ဆောက်ပြီးနေပြီဟု သိရသည်။

ရထားလမ်း၏ အများဆုံးကွေ့ဒီဂရီမှာ ၁၁ ဒသမ ၅ ဖြစ်ပြီး ကွေ့အရေအတွက်မှာ ကျောဘက်ခြမ်းတွင် ၄၂ ကွေ့ ပါဝင်ပြီး ရေမျက်နှာဘက်တွင် တိုင်းတာသတ်မှတ်ဆဲဖြစ်သည်။အများဆုံး ဆင်ခြေလျှောမှာ ရထားလမ်းအန္တရာယ် ကင်းရှင်းရေးနှင့် တွဲများများဆွဲနိုင်ရေးအတွက် ၁း၈၀ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ဘူတာများမှာ ကျောဘက်တွင် ဘူတာရုံတစ်ရုံနှင့် ရေမျက်နှာဘက်တွင် ဘူတာရုံလေးရုံ တည်ဆောက်ရန်လည်း စီစဉ်ထားသည်ဟု သိရသည်။

ကြေးမုံသတင်းအဖွဲ့သည် ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ပုံညာတောင် ဥမင်အရှေ့၊အနောက်ချဉ်းကပ်လမ်း ၂၆ မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်လျက်ရှိသော စီမံကိန်းအမှုဆောင်အင်ဂျင်နီယာဦးမောင်မောင်သွင်အား တွေ့ဆုံမေးမြန်းကြည့်ရာ ဦးမောင်မောင်သွင်က "မြန်မာ့မီးရထားက ဤဒေသ၌ ဥမင်ရထားလမ်းဖောက်လုပ်နေသည့်နည်းတူ ဥမင်ချဉ်းကပ်လမ်းကိုလည်း ဥမင်၏ အရှေ့ဘက်ပိုင်း ကျောဒေသတွင် ၉ ဒသမ ၃မိုင်နှင့် ဥမင်အနောက်ဘက်ခြမ်း ရေမျက်နှာ ဒေသတွင် ၁၆ ဒသမ ၉၇ မိုင်ကို ဥမင်တည်ဆောက်ခြင်းနှင့်အတူ တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိနေကြောင်း၊ ဥမင်အဝင်လမ်း ရည်မှန်းချက်မှာ ကျောနှင့်ရေမျက်နှာဘက်ဆက်ရန်ဖြစ်ကြောင်း၊ ကျောဒေသမှာ မြေကြီးလုပ်ငန်းအတွက် နှစ်ဖွဲ့ခွဲ ဆောင်ရွက်နေကြောင်း၊ တစ်ဖွဲ့က မြန်မာ့မီးရထားမှစက်များနှင့် ရထားဝန်ထမ်းများဆောင်ရွက်နေပြီး နောက်တစ်ဖွဲ့မှာ T.W.P ကုမ္ပဏီက ကုမ္ပဏီပိုင်စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိရာ မြေကြီးလုပ်ငန်း ၉ ဒသမ ၃ မိုင်အနက် ယနေ့အထိ ၅ ဒသမ ၂၅ မိုင်မှာ မြေသားအချော ဆောင်ရွက်ပြီးဖြစ်ကြောင်း။

တစ်ပြိုင်နက်တည်းမှာပင် တံတားများလည်း တည်ဆောက်လျက်ရှိကြောင်း၊ ဥမင်၏အရှေ့ဘက်ခြမ်းတွင် တံတားများ ၄၈ စင်း တည်ဆောက်ရန်ရှိသည့်အနက် တံတား ၁၇ စင်းမှာ တည်ဆောက်ပြီးဖြစ်ကြောင်း၊ တည်ဆောက်ဆဲမှာရှစ်စင်းဖြစ်ပြီး ကျန်သည့်တံတားများပုံစံထုတ်ခြင်း၊ အသေးစိတ်တိုင်းထွာခြင်းများ ဆက်လက်လုပ်ကိုင်လျက်ရှိနေကြောင်း။

ဥမင်၏အနောက်ဘက်ခြမ်းမှာဆိုလျှင်လည်း ရေမျက်နှာဘူတာမှ အနောက်ဥမင်ဝအထိ ဖောက်ရမှာဖြစ်ကြောင်း၊ ယခုအခါ ပထမတစ်ဖြတ် ရေမျက်နှာဘူတာမှမျက်မြောင်အထိ ၃မိုင်၄ ဖာလုံအား မြေကြီးနှင့် တံတားလုပ်ငန်းပြီး၍ သံလမ်းခင်းခြင်းလည်း ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဒုတိယတစ်ဖြတ်အနေဖြင့် မျက်မြောင်မှကျောချောင်းဘူတာအထိ လေးမိုင်မှာလည်း မြေကြီးလုပ်ငန်းနှင့် တံတားများတစ်ပြိုင်တည်းတည်ဆောက် ဆောင်ရွက်လျက်ရှိနေကြောင်း၊ မြေကြီးလုပ်ငန်းမှာ ယခုအခါ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ တံတားမှာမူ ၂၃စင်းခန့် တည်ဆောက်ရမှာဖြစ်ကြောင်း၊ ယခု တံတားခြောက်စင်း ဆောင်ရွက်နေပြီဖြစ်ပြီး ကျန်တံတားများ တည်ဆောက်ရန်အတွက် အသေးစိတ် တိုင်းတာခြင်း၊ ပုံစံထုတ်ခြင်းများ ဆောင်ရွက်နေကြောင်း။

မိုးရာသီလမ်းပန်းဆက်သွယ်မှုခက်ခဲချိန်မှာလည်း မိမိတို့က ဥမင်အချောသပ်တည်ဆောက်ရေးရော၊ ဥမင်ချဉ်းကပ်လမ်း ဖောက်လုပ်မှုလုပ်ငန်းများပါ ရပ်နားထားမှုမရှိဘဲ ဆက်လက်လုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ကိုင်နိုင်အောင်လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း၊ ဥမင်ဆိုလျှင် မိုးရာသီတွင် တူးဖော်ခြင်းလုပ်ငန်း အခက်အခဲရှိကြောင်း၊ ထို့ကြောင့် ကွန်ကရစ်လောင်းခြင်းကို ဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း၊ ကွန်ကရစ်လောင်းရန်အတွက် သဲ၊ ဘိလပ်မြေ၊ သံချောင်းနှင့် ဒီဇယ်ဆီတို့ ကြိုတင်စုဆောင်းထားပါကြောင်း၊ မိုးရာသီအတွက် ကွန်ကရစ်လောင်းရန် သဲဆိုလျှင် ကျင်း ၅၀ စုထားကြောင်း၊ ကျောက်ဆိုလျှင်လည်း ခွဲထားပြီးကျင်း ၂၀၀ကျော်ရှိကြောင်း၊ ဥမင်သို့သယ်ယူထားကြောင်း။

ဥမင်ချဉ်းကပ် အဝင်လမ်းဆိုလျှင် မြေကြီးလုပ်ငန်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေရသည်ဖြစ်၍ မြေကြီးလုပ်ငန်းဆောင်ရွက်နေသည့် စက်ကြီးများရှိရာ စခန်းများကို ဒီဇယ်ဆီများ ရောက်ရှိထားရေးအတွက် ဆောင်ရွက်ထားပါကြောင်း၊ဥမင်အနောက်ဘက်ခြမ်းဆိုလျှင်လည်း ပြီးပြီးသားရထားလမ်းတွေကိုအသုံးပြုပြီး ဒီဇယ်ဆီများ၊ ဘိလပ်မြေများ၊ သံချောင်းများပို့နိုင်ရေးအတွက် အစီအစဉ်များရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း"တို့ကို ကြေးမုံသို့ ပြောကြားလိုက်သည်။

ပုံညာတောင်ဥမင်နှင့် ဥမင်ချဉ်းကပ်လမ်း ၂၆ မိုင်ဖောက်လုပ်ရေးလုပ်ငန်းတွင် ဝန်ထမ်းအင်အားမှာ အမှုဆောင်အင်ဂျင်နီယာတစ်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ လက်ထောက်အင်ဂျင်နီယာ(စက်မှု)၊ လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်)၊ အငယ်တန်းအင်ဂျင်နီယာများ၊အလုပ်ရုံစုမှူး(စက်မှု)၊ (လျှပ်စစ်)၊ အလုပ်ရုံစိတ်မှူးများ၊ စက်မှုကျွမ်းကျင်သူများ၊စက်ပြင်စက်မောင်း၊ စာရေးဝန်ထမ်း အပါအဝင် ဝန်ထမ်းအင်အား ၁၁၉ဦးနှင့် ဥမင်အတွင်းလုပ်ငန်းကို ၂၄နာရီ ဆောင်ရွက်လျက်ရှိနေသည်။

ထိုဝန်ထမ်းများကျန်းမာရေးအတွက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက လက်ထောက်ဆရာဝန်တစ်ဦး၊ ကျွမ်းကျင်ဆေးစပ်တစ်ဦးခန့်ထားပြီး ကျောကျေးရွာတွင် ၂၄ နာရီ ဆေးခန်းဖွင့်၍ ဆေးဝါးများ ကုသပေးလျက်ရှိသလို ဥမင်၏ အရှေ့ဘက်နှင့် အနောက်ဘက်ခြမ်း ဝန်ထမ်းသား၊သမီးများ၏ပညာရေးအတွက် မူလတန်းကြိုကျောင်းနှင့်ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းများ ဖွင့်ပေးထားသည်ဟု သိရသည်။

ပခုက္ကူ–ဂန့်ဂေါ–ကလေး လမ်းပိုင်း၏ နောက်ဆုံးကျန်ရှိနေသော ရေမျက်နှာ– ကျော ရထားလမ်းပိုင်းသည် တောတောင်ထူထပ်သည့် ပုံညာတောင်တန်းကြီးအား ကျော်ဖြတ်ဖောက်လုပ်ရသည့်လမ်းကြောင်းဖြစ်ရာ ဆောင်ရွက်ရသည့်ပမာဏများ များပြား ခက်ခဲသော်လည်း နိုင်ငံတော် အကြီးအကဲနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးတို့၏ လမ်းညွှန်ချက်များကို အလေးအနက်ခံယူ၍ လုပ်ငန်းများ ပြီးစီး အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြပုံကို ကြေးမုံက ကွင်းဆင်းသွားရောက်လေ့လာ၍ ရေးသား မှတ်တမ်းတင်ရခြင်း ဖြစ်ပေသည်။ ॥ (ကြေးမုံ)

ဘိန်းစိုက်ပျိုးမှု လုံးဝ(လုံးဝ)ပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ကိုးကန့်တိုင်းရင်းသားများအား ဘိန်းအစားထိုးသီးနှံ၊ ဆန်၊ ဆား ထောက်ပံ့ (၁၅)နှစ်စီမံကိန်းရည်မှန်းချက်များ အပြည့်အဝအကောင်အထည်ဖော်လျက်ရှိ

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဘိန်းစိုက်ပျိုးမှု လုံးဝ(လုံးဝ)ပပျောက်အောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကိုးကန့်တိုင်းရင်းသားများအား ဘိန်းအစားထိုးသီးနှံ ကော်ဖီပင်၊ အစေ့ထုတ်ပြောင်း၊ အထူးအထွက်တိုး ယာစပါး၊ ဟင်းသီးဟင်းရွက်၊ မျိုးစေ့များ၊ ရိက္ခာဆန်နှင့် ဆားများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဇွန် ၂၈ရက် မွန်းလွဲ ၁နာရီခွဲတွင် လောက်ကိုင်မြို့ရှိ ကိုးကန့်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေးပြတိုက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ – အဖွဲ့ဝင်များ ဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်း၊ ပြည်နယ်၊ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ အထူးဒေသ (၁) ကိုးကန့် တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့် ကိုးကန့်တိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ – အဖွဲ့ဝင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဘိန်းစိုက်ပျိုးမှု လုံးဝ(လုံးဝ)ပပျောက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ကိုးကန့်တိုင်းရင်းသားများအား ဘိန်းအစားထိုးသီးနှံ ကော်ဖီပင်၊ အစေ့ထုတ်ပြောင်း၊ အထူးအထွက်တိုးယာစပါး၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ရိက္ခာဆန်နှင့် ဆားများကို ထောက်ပံ့ပေးရသည့်အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့–အဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများအားကြိုးမာန်တက် ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်းက ကိုးကန့်ဒေသအတွင်း၌ မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးကိုယ်စား လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်းက အထူး ဒေသ(၁) ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်အား ဘိန်းအစားထိုး သီးနှံများဖြစ်သည့် ကော်ဖီပျိုးပင်များ၊ အစေ့ထုတ်ပြောင်းနှင့် အထူးအထွက်တိုး ယာစပါးမျိုးစေ့များကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဟင်းသီးဟင်းရွက်မျိုးစေ့များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဆန်အိတ်ငါးထောင်နှင့် ဆားအိတ်တစ်ရာတို့ကိုလည်းကောင်း အထူးဒေသ(၁) ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်အား ပေးအပ်ကြသည်။

ထို့နောက် အထူးဒေသ(၁) ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်က ကျေးဇူးတင်စကားပြောကြားရာတွင် မိမိတို့ ကိုးကန့်တိုင်းရင်းသားများသည် ဘိန်းကို လွန်ခဲ့သော နှစ်ပေါင်းများစွာက စိုက်ပျိုးခဲ့ကြသော်လည်း နိုင်ငံတော်က မူးယစ်ဆေးဝါး ပပျောက်ရေးအတွက်(၁၅)နှစ်စီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်သည့် ခုနှစ်မှ စတင်၍ ဘိန်းစိုက်ပျိုးခြင်းကို မလုပ်ခဲ့ကြတော့ကြောင်း၊ (၁၅)နှစ်စီမံကိန်းက ချမှတ်ထားသည့် ရည်မှန်းချက်များကိုလည်း မိမိတို့ ကိုးကန့်တိုင်းရင်းသားများက အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယမန်နှစ် မိုးရာသီနှင့်ဆောင်းရာသီ ဘိန်းစိုက်ပျိုးချိန်၌ ဘိန်းမစိုက်ပျိုးရန် ဘိန်းအစားထိုး သီးနှံမျိုးစေ့များနှင့် လိုအပ်မှုများကို နိုင်ငံတော်အစိုးရက ကူညီထောက်ပံ့ပေးခဲ့ကြောင်း၊ထို့ကြောင့်လည်း ကိုးကန့်ဒေသ၌ ဘိန်းစိုက်ပျိုးမှု ပျောက်ကွယ်သွားခဲ့ကြောင်း၊ ကိုးကန့်တိုင်းရင်းသား တောင်သူများကိုလည်း ပန်းတိုင်သစ် စီမံကိန်းအရ သီးနှံမျိုးစေ့များကို ကူညီပံ့ပိုးမှုများပေးခဲ့ကြောင်း။

စိုက်ပျိုးမည်

ထိုသီးနှံမျိုးစေ့များကို တောင်သူများက စိုက်ပျိုးသွားကြမည်ဖြစ်ရာ အောက်တိုဘာနှင့် နိုဝင်ဘာလရောက်မှသာ သီးနှံများ ထွက်ရှိမည်ဖြစ်ကြောင်း၊ သီးနှံများ မထွက်မီ ကာလအတွင်း၌ တောင်သူများအနေဖြင့် စားသောက်ရေး အခက်အခဲကိစ္စရပ်များ အမှန်ပင်ကြုံတွေ့ရကြောင်း၊ ယင်းအခက်အခဲကို ကူညီဖြေရှင်း ဖြည့်ဆည်းပေးသည့်အတွက် မိမိတို့ ကိုးကန့်တိုင်းရင်းသားများက နိုင်ငံတော်အပေါ် လှိုက်လှိုက်လှဲလှဲ အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဘိန်းအစားထိုး သီးနှံများအောင်မြင်သည်ထက် အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့–အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောက်တိုင် ဘီပီ(၁၂၇) အနီးရှိ ဦးရန်ကျိုးဝေ၏ နှစ်ရှည်သီးနှံစိုက်ခင်းနှင့် ကြက်မွေးမြူရေးခြံ၊ လောက်ကိုင်မြို့နယ် ရန်လုံကျိုင်းကျေးရွာရှိ ကိုးကန့်ဒေသ ဘိန်းအစားထိုး နှစ်ရှည်သီးနှံ စံပြစိုက်ပျိုးရေးခြံတို့ကို သွားရောက်ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုလေ့လာကြသည်။

ကိုးကန့်ဒေသ ဘိန်းအစားထိုး နှစ်ရှည်သီးနှံ စံပြစိုက်ပျိုးရေးခြံ၌ မြေ ၃၃ဒသမ ၆၂ဧကတွင် သရက်ပင် ၃၉၀၀၊ မြေ ၅ဒသမ ၂၀ဧကတွင် လိုင်ချီးပင် ၁၀၀၀၊ မြေ ၁၅ဒသမ ၄၆ဧကတွင် လိမ္မော်ပင် ၃၀၀၀၊ မြေ ၅၀ဒသမ ၇၃ဧကတွင် ကမ္ဘလာပင် ၃၀၀၀၀၊ မြေ ၂၄ဒသမ ၃၉ဧကတွင် ဇီးချွမ်ရတ်ကောင်းပင် ၆၀၀၀ တို့ကို စိုက်ပျိုးထားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကိုးကန့်စုပေါင်းညီညာကုမ္ပဏီ၏ စိုက်ပျိုးရေးနှင့် ဝက်မွေးမြူရေးခြံ၊ ကူမင်းဂျီလီကုမ္ပဏီ၏ ဘိန်းအစားထိုး နှစ်ရှည်သီးနှံစိုက်ပျိုးရေးခြံ၊ ကုန်းဆာကျေးရွာရှိ ကိုးကန့်–မြန်မာ ကြက်မွေးမြူရေးခြံနှင့် နားလီကျေးရွာရှိ ဦးမြဲရောက်ခြမ်းနှင့် ဦးလူအားပေါင်တို့၏နှစ်ရှည်သီးနှံ စိုက်ခင်းတို့ကို သွားရောက်ကြည့်ရှုလေ့လာကြပြီး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။

(သတင်းစဉ်)

လောက်ကိုင်မြို့၌ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဘိန်းစိုက်ပျိုးမှုလုံးဝ(လုံးဝ) ပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဒေသခံ ကိုးကန့်တိုင်းရင်းသားများအား ဘိန်းအစားထိုးသီးနှံနှင့် ရိက္ခာဆန်၊ ဆား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့–အဖွဲ့ဝင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်ကအထူးဒေသ(၁) ကိုးကန့် တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်အား ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်စဉ်။

(သတင်းစဉ်)

မင်္ဂလာဗျူဟာဝတ်ရွတ်စဉ်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၃

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ်တွင် အကြိမ်(၂၀)မြောက် မင်္ဂလာဗျူဟာဝတ်ရွတ်စဉ်သင်တန်းကို ဇူလိုင် ၅ရက်မှစ၍ (စနေ၊ တနင်္ဂနွေနေ့တိုင်း) မွန်းလွဲ ၂နာရီခွဲမှ ညနေ ၄နာရီအထိ ဖွင့်လှစ်၍ သင်တန်းနည်းပြဆရာ ဦးကျော်မြင့်က သင်ကြားပို့ချမည်ဖြစ်ရာ ဖုန်း–၃၇၀၉၅၈သို့ ဆက်သွယ်စာရင်းသွင်းနိုင်သည်ဟု သိရသည်။ (က–ပ)

ကျန်းမာရေးဆိုင်ရာဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃

Nu Life International Myanmar Co.,Ltd ကကြီးမှူး၍ ကျန်းမာရေးဟောပြောပွဲကို Grand Plaza Parkroyal Hotel တွင် ယနေ့ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် Nu Life International ရုံးချုပ်မှ Health & Nutrition Consultant Director Mr.Jawid Iqbal Khan က The Revival of Your Health Through Detoxification of Chlorophyll ခေါင်းစဉ်ဖြင့်ဟောပြောသွားပြီး ဆရာဝန်ကြီးများ၊ ကျန်းမာရေးကို စိတ်ပါဝင်စားသူများနှင့် Nu Life အဖွဲ့ဝင်မိသားစုများ စုံညီစွာတက်ရောက်ခဲ့ကြောင်း သိရသည်။ (က–ပ)

(၂၁)ရာစုခေတ်၏ မြန်မာ့လူမှုဗေဒသမိုင်း အမြင်သစ်



မိမိသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ လူမှုဗေဒဆိုင်ရာ သမိုင်းပညာရှင်များ၊ မနုဿဗေဒပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ ရှေးဟောင်းယဉ်ကျေးမှုပညာရှင်များနှင့် သုတေသီများက ရေးသားပြုစုခဲ့ကြသော ကျမ်းစာအုပ်၊ စာစောင်စာတမ်းများ၊ ဆောင်းပါးများအား လက်လှမ်းမီသမျှ လေ့လာသူတစ်ဦးမျှ ဖြစ်ပါသည်။

ထို့ကြောင့် ဗိုလ်မှူးချုပ်သန်းထွန်း ရေးသားပြုစုသော **မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်း** စာအုပ်မှာလည်း မိမိ၏ လက်လှမ်းမီသော လေ့လာမှုနယ်ပယ်မှ ဖတ်မှတ်နိုင်သော စာအုပ်တစ်အုပ်အဖြစ် လေ့လာဖတ်မှတ်ခဲ့ရသည်။ယင်းသို့ လေ့လာဖတ်မှတ်ရာတွင် အခြားအခြားသော လူမှုဗေဒဆိုင်ရာ စာအုပ်များနှင့် ခြားနားသော အယူအဆသစ်များ၊ အတွေးအမြင်သစ်များ၊ အကြောင်းအရာသစ်များကို သတိပြုမိသည်။

မည်သို့ဆိုစေ ယင်းစာအုပ်၏ အဓိကအခြေခံကျသော စာရေးသူ၏ စေတနာနှင့် ယုံကြည်ချက်ဖြစ်သည့် မြန်မာတို့၏ မြင့်မားသော အမျိုးဂုဏ်ဒြပ်သည် ရှည်လျားသော လူ့သမိုင်းစဉ်၏ ဆင့်ကဲဖြစ်စဉ်များတွင် ဆက်နွှယ်စုစည်းဖြစ်ထွန်းလာသော **လူသားမျိုးနွယ်အစ မြန်မာက** အယူအဆကို အခိုင်အမာ ဖော်ထုတ်ရည်ညွှန်းလိုသော ဆန္ဒဖြင့် စာရေးသူ၏ လက်တွေ့လုပ်ငန်းနယ်ပယ်မှရရှိလာခဲ့သည့် အထောက်အထားများ၊ လေ့လာမှုများ၊အတွေ့အကြုံများကို မြန်မာတိုင်းရင်းသား ပြည်သူများ လေ့လာနိုင်ရေးအတွက် လက်ဆင့်ကမ်းမျှဝေနိုင်ရန် ကြိုးပမ်းအားထုတ်ထားခြင်းဖြစ်သည်ဟု ယူဆသည်။

စင်စစ် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ ဖြစ်တည်ရှင်သန်ရာ သက်တမ်းကာလနှင့် ပတ်သက်သော အယူအဆ အဆိုအမိန့်များအနက် မြန်မာအစတကောင်းကဟူ၍လည်းကောင်း၊ မြန်မာအစ ကျောက်ဆည်ကဟူ၍လည်းကောင်း ရှိခဲ့သည်။ ယင်းအယူအဆ၊ အဆိုအမိန့်များနှင့် ပတ်သက်သောဖြစ်စဉ်များ၊ အခြေအနေများ၊ အထောက်အထားတင်ပြချက်များ၊ ယင်းအယူအဆနှင့် အဆိုအမိန့်ကို ယူဆဆိုမိန့်ခဲ့ကြသော သမိုင်းပညာရှင်များ စသည့်တို့ကိုလည်း **မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်း** စာအုပ်တွင် နှိုင်းယှဉ်ဖော်ပြရှင်းလင်းထားသည်။

အထူးသဖြင့် **မြန်မာအစ ကျောက်ဆည်က**ဟူသော အဆိုအမိန့်နှင့် အယူအဆ၊ ရပ်တည်ချက်သည် မြန်မာတို့၏ အမျိုးသားရေးအမြင်ဖြင့် လေ့လာပါက ရိုးသားမှုမရှိဟုဆိုနိုင်သည်။ ယင်းအယူအဆနှင့် အဆိုအမိန့်မှာ ဗြိတိသျှကိုလိုနီခေတ်က ရန်ကုန်တက္ကသိုလ်အရှေ့ဖျားဆိုင်ရာ ရာဇဝင်ပါမောက္ခ **ဂျီ–အိတ်ချ်–လုစ်**ကစတင်ခဲ့သော အဆိုအမိန့်ဖြစ်သည်။ ပါမောက္ခလုစ်၏ **မြန်မာအစ ကျောက်ဆည်က** ဟူသော အယူအဆ အဆိုအမိန့်သည် သက်တမ်းရှည်လျားသော မြန်မာတို့၏ သမိုင်းကို ခါးလယ်မှ ရိုက်ချိုးခြင်း၊ သေးသိမ်မှေးမှိန်စေခြင်းဖြစ်စေရန် ကြံစည်အားထုတ်မှုဖြစ်သည်ဟု အမျိုးသားရေးခံယူချက်ရှိသည့် မြန်မာပညာရှင်များ၊ သုတေသီများကပြန်လည်တုံ့ပြန် ဝေဖန်ခဲ့သည်။ ယင်းတို့အနက်သမိုင်းပညာရှင်ကြီး ဆရာကြီး ဦးဖိုးလတ်၊ သတင်းစာဆရာ စာရေးဆရာ ဦးသိန်းဖေမြင့်၊မြန်မာစာပါမောက္ခဦးအေးမောင်(တက္ကသိုလ်မောင်သန့်စင်)၊ သတင်းစာဆရာကြီး ဦးထွန်းဖေတို့မှာ ထင်ရှားခဲ့သည်။

ယင်း **မြန်မာအစကျောက်ဆည်က** ဟူသော အဆိုအမိန့် အယူအဆနှင့် ပတ်သက်ပြီး သတင်းစာဆရာ၊ စာရေးဆရာဦးသိန်းဖေမြင့်က ဗိုလ်တထောင်သတင်းစာတွင် ပွင့်ပွင့်လင်းလင်းအခန်းမှ တုံ့ပြန်ကန့်ကွက်ဝေဖန်ရေးသားရာမှာ **မြန်မာရာဇဝင်နှင့် ပတ်သက်၍ နိုင်ငံခြားသားများ၏ ထင်မြင်ယူဆချက်များကို ပိုမိုအကိုးအကားပြု၊ အလေးအနက်ထားနေကြသော ပါမောက္ခလုစ်၏ တပည့်များ အနေဖြင့် မျက်မမြင်ပုဏ္ဏားခြောက်ယောက်ကဲ့သို့ တစ်စွန်းတစ်စ၊ ကိုယ်တွေ့မှုဖြင့် အတည်မပြုသင့်ကြောင်း၊ မြန်မာစာအစ တကောင်းကဆိုသော အစဉ်အလာအဆိုအမိန့်ကို လေ့လာရန် လိုသေးကြောင်း၊ တကောင်းမြို့နေရာဟောင်းကိုပင် (ထိုစဉ်က)မတူးဖော်ရသေး၍ သုတေသနပြုရန်ရှိနေပါလျက် တစ်မျိုးသားလုံး၏ ရာဇဝင်ကို မိမိတို့သဘောမျှဖြင့် တီထွင်အတည် မပြုသင့်**ဟူ၍ သတိပေးထောက်ပြခဲ့သည်။

မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်း စာအုပ်တွင် ယင်းဖြစ်စဉ်များကိုလည်း ပြည့်စုံစွာ ရည်ညွှန်းရှင်းလင်း ဖော်ပြထားသည့်အပြင် မြန်မာလူမှုဗေဒသမိုင်းတွင် ဖြစ်ပေါ်တိုးတက်ပြောင်းလဲလာခဲ့သော အယူအဆများ၊အဆိုအမိန့်များနှင့်ပတ်သက်ပြီး တကောင်းနိုင်ငံတော်၏ သမိုင်းဆိုင်ရာ အဆိုအမိန့်၊အထောက်အထားများကို မွန်၊ မြန်မာ၊ကရင်၊ ရခိုင်တိုင်းရင်းသားလူမျိုးများ၏ သက္ကရာဇ်အလိုက် နှိုင်းယှဉ်ရှင်းလင်း ဖော်ပြထားသည့်မှာလည်း စာရေးသူက ရှုထောင့်စုံအမြင်ဖြင့် စာဖတ်သူကို လေ့လာနိုင်ရန် ကြိုးပမ်း အားထုတ်မှုပင်ဖြစ်သည်။

အလားတူပင် မြန်မာတို့၏ ဇာတိပုည၊ ဂုဏ်မာနကို ထင်ဟပ်ထားသော ဗုဒ္ဓစာပေမှ ကောက်နုတ်ချက်သက်သေများ၊ ရှေးဟောင်းမြန်မာနိုင်ငံ သမိုင်းစာအုပ်စာတမ်းနှင့် ကျမ်းများ၏ အဆိုအမိန့်များ၊ ရပ်တည်မှုများ၊ အထောက်အထားများအား ကြိုးပမ်းလေ့လာတင်ပြထားသည်ကို မှတ်သားမိသည်။

ယင်းအပြင် စာရေးသူ၏ ကြိုးပမ်းအားထုတ်မှု ထင်ရှားသိသာသော စေတနာမှာလည်း မြန်မာ့လူ့ဘောင်အဖွဲ့အစည်း စတင်ဖြစ်တည်လာခြင်းနှင့်ပတ်သက်ပြီး မြန်မာတို့သည် ရေမျောကမ်းတင်၊ အုတ်ကြားမြက်ပေါက်များ ပေါင်းစုဖွဲ့စည်းထားခြင်းမဟုတ်ဘဲ မူလကပင် အတည်တကျဒေသတစ်ခုတည်း၌ စုစုစည်းစည်း၊ ညီညီညွတ်ညွတ်၊ အခြေတကျ နေထိုင်လာသော ဇာတိရင်းမြေတွင် မွေးဖွားရှင်သန်လာသူများဖြစ်ကြောင်း ဖော်ထုတ်တင်ပြခြင်းဖြင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ဒြပ်၏ မြင့်မြတ်မှုအား ရည်ညွှန်းခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

ထို့ကြောင့်လည်း မြန်မာ့လူမှုဗေဒကို အခြေခံကျစွာဖော်ထုတ်ရာတွင် **မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်း** စာအုပ်သည် ပုံတောင်ကျောက်လွှာများမှ ရှာဖွေတွေ့ရှိသော ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ကျောက်ခေတ်၊ ကြေးခေတ်တို့မှ လေ့လာသုတေသနပြု၍ ရရှိထားသော ရုပ်ကြွင်းများ၊အသုံးအဆောင်ပစ္စည်းများ၊ ကျောက် လက်နက်များ၊ နံရံဆေးရေးပန်းချီများကို အထောက်အထားအဖြစ်ရှားပါးဓာတ်ပုံများနှင့်တကွ ပြည့်ပြည့်စုံစုံဖော်ပြထား သကဲ့သို့ မြန်မာ့ကျောက်ခေတ်ကိုလည်း ချဉ်းကပ်လေ့လာသုံးသပ်ထားသည်မှာ စာရေးသူ၏ မြန်မာ့လူမှုဗေဒဆိုင်ရာ ရပ်တည်မှုသဘောထားသည် အမျိုးသားရေးအမြင်ဖြစ်ကြောင်း ပေါ်လွင်လျက်ရှိသည်။

ဆိုရလျှင် **မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်း** စာအုပ်သည် မြန်မာ့လူမှုဗေဒဆိုင်ရာ သမိုင်းနယ်ပယ်မှ စာအုပ်စာတမ်းများ၊ စာစောင်များ၊ ဆောင်းပါးများထဲတွင် ထူးခြားသော သမိုင်းရေးအမြင်သစ်ကို စနစ်တကျ အခိုင်အမာအုတ်မြစ်အဖြစ် တည်ဆောက်နိုင်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာဏမျှ ပါဝင်လိုသောဆန္ဒဖြင့် စာရေးသူက ယင်း၏ လက်တွေ့လုပ်ငန်းနယ်ပယ်အတွင်းမှ လေ့လာဆည်းပူးမှုများ၊ သုတေသနပြုမှုများကိုအခြေခံပြီး ကြိုးပမ်းရေးသားပြုစုခြင်းဖြစ်သည်ဟု လေ့လာခံစားရသည်။

အလားတူပင် **မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်း** စာအုပ်တွင် စာရေးသူ၏ ကျေးဇူးတင်လွှာအမှာစကားအရ စာပေသမားဟုလည်း ပြောရခက်၊ သုတေသီလည်းမမည်၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်လည်း မဟုတ်ဟုဆိုထားစေကာမူ စာရေးသူတင်ပြလိုသော၊ ပြောလိုသော အကြောင်းအရာများကို အပိုင်းကဏ္ဍအလိုက်နှင့် အခန်းစဉ်အလိုက် ဆင့်ပွားဆက်စပ်ရှင်းလင်းထားသည်မှာ ကျယ်ဝန်းလေးနက်သော လူမှုဗေဒဆိုင်ရာ ဘာသာရပ်များကို မိမိကဲ့သို့ သာမန်စာဖတ်သူများအတွက် ဘာသာရပ်ဆိုင်ရာ ဝေါဟာရများ၊ အသုံးအနှုန်းများ၏ အရင်းအမြစ်အဓိပ္ပာယ်ဖွင့်ဆိုချက်များအား အခက်အခဲမရှိ ယေဘုယျ နားလည်သဘောပေါက်လာစေသည်အထိ အရေးအဖွဲ့မှာ လွယ်ကူချောမွေ့ပြီး ရှင်းလင်းပြေပြစ်သည်ဟု လေ့လာမှတ်သားရသည်။

တစ်နည်းအားဖြင့် ခံယူချက်၊ ယုံကြည်ချက်ရှိသော အရေးအဖွဲ့များသည် သမားဂုဏ်ပြခြင်း၊ တတ်ကြောင်း၊ သိကြောင်းကြွားဝါခြင်းစသော ပညာပြအရေးအသားများနှင့် ခြားနားဆန့်ကျင်သည့် စာဖတ်သူကို မိမိနှင့်ထပ်တူမျှ နားလည်ခံစားနိုင်ရန်ဟူသော စေတနာပါပြီးဖြစ်ရာ **မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်း** စာအုပ်သည် ယင်းစေတနာ ပါရှိသည်ဟု ဆိုနိုင်သည်။ ဤသည်မှာ ရိုးဂုဏ်မြောက်သော အရေးအဖွဲ့ဖြစ်သည်ဟု စာပေပညာရှင်များ၏ အဆိုအမိန့်နှင့် ညီညွတ်ခြင်းဖြစ်သည်။

ထို့ကြောင့်ပင် **မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်း** စာအုပ်သည်ကျယ်ဝန်းလေးနက်သော လူမှုဗေဒဆိုင်ရာ ဘာသာရပ်စာအုပ်ဖြစ်သော်လည်း ယင်းကျယ်ဝန်းလေးနက်သော ပညာရပ်ဆိုင်ရာ အကြောင်းအရာများကိုပင် စာဖတ်သူများ လွယ်ကူရှင်းလင်းစွာ နားလည်သဘောပေါက်စေသည်အထိ စာရေးသူ၏ အရေးအဖွဲ့များက ပြေပြစ်ချောမောလျက်ရှိသည်ဟု လေ့လာမိသည်။

မည်သို့ဆိုစေ **မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်း** စာအုပ်သည် မြန်မာ့လူမှုဗေဒသမိုင်း၏ ရှည်လျားသော သက်တမ်းကာလနှင့် မြင့်မားသော အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို အမျိုးသားရေးအားမာန်ဖြင့် မြန်မာ့လူမှုဗေဒ သမိုင်းအမြင်သစ်ကို ကျစ်လျစ်စွာ တည်ဆောက်နိုင်ရေးအတွက် စာရေးသူက ကြိုးပမ်းအားထုတ်ခြင်းဖြစ်သည်မှာ ထင်ရှားသိသာသည်။

သို့သော်လည်း ထိုမျှလေးနက်ခိုင်ခံ့သော မြန်မာ့လူမှုဗေဒဆိုင်ရာသမိုင်းစာအုပ်တွင် အကြောင်းအရာအလိုက် ဖော်ပြသော မာတိကာမပါဘဲရှိနေသည်မှာ စာဖတ်သူများအတွက် အကြောင်းအရာအလိုက် လေ့လာလိုပါက အခက်အခဲဖြစ်နိုင်သည်ဟု ဆိုချင်သည်။ ယင်းချွတ် ယွင်းချက်မှာ စာရေးသူ၏ ကျေးဇူးတင်လွှာ အမှာစကားတွင် ဖော်ပြထားသကဲ့သို့ လုပ်ငန်းတာဝန်များကြားမှ ရသရွေ့အချိန်ကလေးအတွင်း ရသလောက် စုဆောင်းလေ့လာမှတ်သားပြီး တစ်ကြောင်းရတစ်ကြောင်း၊ တစ်ပိုဒ်ရတစ်ပိုဒ်၊ တစ်မျက်နှာရ တစ်မျက်နှာနှင့် လေ့လာကြိုးပမ်းရေးသား ပြုစုခဲ့ရခြင်းဖြစ်သဖြင့် မာတိကာဖော်ပြရန် လစ်ဟင်းခဲ့သည်ဟု ယူဆပါသည်။ နောင် ထပ်မံပုံနှိပ်ထုတ်ဝေသော အခြေအနေရရှိလာပါက မာတိကာကို ထပ်မံဖြည့်စွက်ဖော်ပြရန် အကြံပြု စကားဆိုချင်သည်။

ချုပ်၍ဆိုရလျှင် **မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်း** စာအုပ်သည် မြန်မာ့လူမှုဗေဒသမိုင်းဆိုင်ရာ နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ သုတေသီများ၊ လေ့လာသူများအတွက် အမျိုးသားရေး အတွေးအခေါ်နှင့် ခံယူချက်ဖြင့် အမြင်သစ်တစ်ရပ်ကို ဆင့်ပွားလေ့လာဆင်ခြင်နိုင်ရန်ကိုလည်းကောင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ သမိုင်းကြောင်းကို အမျိုးသားရေးအမြင်သစ်ဖြင့် ဆန်းစစ်နိုင်ရန်ကိုလည်းကောင်း စာရေးသူက မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ပိုမိုထက်မြက်ရှင်သန်လာစေရန် တတ်စွမ်းသမျှ ပုံဖော်ထုဆစ်ဖန်တီးပြီး ကြိုးပမ်းအားထုတ်ခြင်းဖြစ်သည်မှာမည်သို့မျှ အငြင်းပွားဖွယ်မရှိဟု လေ့လာဖတ်မှတ်ခံစားမိသည်။

စင်စစ် ဗိုလ်မှူးချုပ်သန်းထွန်း ရေးသားပြုစုသော **မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်း** စာအုပ်သည် **၂၁ရာစုခေတ်၏ မြန်မာ့လူမှုဗေဒသမိုင်း အမြင်သစ်** ဖြစ်သည်ဟူ၍ ဆိုရပါလျှင် မှားနိုင်ဖွယ်မရှိဟု ယူဆမိသည်။ ။

ကေတုနီလာ

❀ **မြေဆီလွှာမှ**

အမှာစကားပြောကြားရာတွင်နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် လယ်ယာကဏ္ဍသည် အရေးအပါဆုံး ကဏ္ဍကြီးတစ်ခုဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ ထုတ်လုပ်မှုတန်ဖိုး မြင့်တက်လာသည်နှင့်အမျှ စီးပွားရေးကဏ္ဍမှာလည်း တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သီးနှံများအထွက်တိုးစေရန် စိုက်စနစ်များ မှန်ကန်အောင် စိုက်ပျိုးရေး၊ သီးနှံ အလိုက် အထွက်ကောင်းမျိုးများ စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက် သဘာဝမြေဩဇာများ ပေါင်းစပ်သုံးစွဲရေးနှင့် ရေတော်မိုးတော် စိုက်ဧကများ တိုးတက်လာအောင် ဆောင်ရွက်ရေးဆိုသည့်နည်းလမ်းလေးသွယ် ချမှတ်ပေးထားကြောင်း။

သီးနှံအထွက်တိုးရေး

ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ ပေါင်းစပ် သုံးစွဲရေး ဆိုသည့်အချက်သည် သီးနှံများ အထွက်တိုးရေး အတွက် အဓိကကျသည့် အချက်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၌ ဓာတ်မြေဩဇာများသာ သုံးစွဲလာသည့်အတွက်မြေဆီလွှာဖွဲ့စည်းတည်ဆောက်မှုများ တဖြည်းဖြည်း ပျက်သုဉ်းလာသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ မြေဆီလွှာ အာဟာရတန်ဖိုး တိုးတက်လာစေရန် ဓာတ်မြေဩဇာသာမက သဘာဝမြေဩဇာများကို ပေါင်းစပ်သုံးစွဲကြရမှာ ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် စားဖိုဆောင်စွန့်ပစ်ပစ္စည်းများကို အီးအမ်အသုံးပြုပြီး ပုံးစနစ်ဖြင့် စနစ်တကျသဘာဝမြေဩဇာပြုလုပ်နည်း သင်တန်းသည် သီးနှံအထွက်တိုးရေးသာမက စွန့်ပစ်ပစ္စည်းများကို စနစ်တကျအသုံး ချနိုင်သည့်အတွက် အမှိုက်သရိုက်များ ကင်းစင်ပြီး မြို့ပြနှင့်ကျေးလက်သန့်ရှင်းသာယာမှု၊ အနံ့ဆိုးများ ကင်းစင်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ပပျောက်၍ ရောဂါဘယလည်း ကင်းဝေးမှာဖြစ်သည့်အတွက် သင်တန်းကပို့ချပေးမည့် နည်းပညာများကို အကျိုးရှိရှိ အသုံးချသွားကြရန် လိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။(သတင်းစဉ်)

မဟာဝိသုတာရာမ ရာပြည့်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃

ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးကို ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ကြီးသည် ၁၂၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော်၄ရက်၌ မြေသန့်ပန္နက်တင်မင်္ဂလာကျင်းပ၍ စတင်တည်ထောင်ကာ ပရိယတ္တိ သာသနာတော်ကြီး တည်တံ့ပြန့်ပွား ထွန်းကားအောင် ထူးထူးခြားခြား အားသွန်ခွန်စိုက် ကြိုးစား အားထုတ်ဆောင်ရွက်တော်မူခဲ့သည်။ယခုလာမည့် ၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ရက်၌ မဟာဝိသုတာရာမတိုက်တော်ကြီး နှစ်(၁၀၀) ပြည့်တော့မည်ဖြစ်၍ မဟာဝိသုတာရာမိက ဂေါပကအဖွဲ့က နှစ်(၁၀၀)ပြည့်ပွဲကျင်းပနိုင်ရေးအတွက် နာယကဆရာတော်များ၏ ဩဝါဒကိုခံယူပြီး ကြိုတင်ဆောင်ရွက်ဖွယ်များကို ဆောင်ရွက်လျက်ရှိသည်။ (က–ပ)

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နှစ်ပတ်လည်ရေစက်ချပွဲ

ရန်ကုန် ဇူလိုင် ၃

ရွှေတိဂုံစေတီတော် ဗုဒ္ဓဟူးညနေ သန့်ရှင်းရေးအသင်းမှ ရင်ပြင်ပေါ်ရှိ ဘုရားလေးဆူနှင့် ပတ္တမြားမျက်ရှင်ဘုရားများနှင့် ပင့်သံဃာ ၁၁ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပြီးနှစ်ပတ်လည်ရေစက်ချပွဲကို ဝါဆိုလပြည့် ဇူလိုင် ၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၆နာရီတွင်ရင်ပြင်တော်တောင်ဘက်အသင်းတန်ဆောင်း၌ ကျင်းပမည်ဖြစ်သည်။(က–ပ)

၂၀၀၃ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်အထူးအောင် စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၃ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ဓမ္မာစရိယစာမေးပွဲတွင် ဖြေဆိုခဲ့သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် သုံးကျမ်းပြီး ၃၆၈ပါး၊ နှစ်ကျမ်းပြီး ၃၄၁ပါး၊ တစ်ကျမ်းပြီး ၅၂၆ပါး၊ မြန်မာဂုဏ်ထူး ၁၀ပါး၊ ပါဠိဂုဏ်ထူး ခြောက်ပါး အောင်မြင်တော်မူကြသည်။

၂၀၀၃ခုနှစ် ပထမပြန် အထူးရွေးချယ်ရေးစာမေးပွဲတွင် ဖြေဆိုခဲ့သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် ပထမကြီးတန်း၌ လေးပါး၊ ပထမလတ်တန်း၌ လေးပါး၊ ပထမငယ်တန်း၌ လေးပါး အောင်မြင်တော်မူကြသည်။

အထူးအောင်

အထူးအောင်ပုဂ္ဂိုလ်များမှာ ဓမ္မာစရိယတန်း ပထမ (အဂ္ဂမဟာအကျော်) ခုံအမှတ်(ကရ-၁၈၀၇) အရှင်သုနန္ဒ နိကာယ်စာသင်တိုက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒုတိယခုံအမှတ်(ကရ-၆၀၈) ဦးဇောတိကာလင်္ကာရ ဓမ္မစက္ကီကျောင်းတောင်ဥက္ကလာပမြို့နယ် ရန်ကုန်၊ တတိယ ခုံအမှတ်(ဂ-၁၅) အရှင်ကဝိသာရ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ပုသိမ်မြို့၊ သီလရှင် ပထမ ခုံအမှတ်(ဆ-၂၈၂) မသီရိစန္ဒာ မင်္ဂလာရန်အောင်ကျောင်းတိုက် ပဲခူးမြို့တို့ဖြစ်ကြသည်။

ပထမကြီးတန်း ပထမ(ပထမကျော်) ခုံအမှတ်(တောင်း-၃၁) ရှင်မာနိတ ခေမာသီဝံစာသင်တိုက် ကျောက်ပန်းတောင်းမြို့၊ဒုတိယ ခုံအမှတ်(မရ-၄၅၁) အရှင်ပါကဋာလင်္ကာရ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့၊ တတိယ ခုံအမှတ်(မဟာမ-၃၄၉) အရှင်နန္ဒောဘာသာလင်္ကာရ ဓမ္မသိမ်ကျောင်း မစိုးရိမ်တိုက်သစ် မန္တလေးမြို့၊ သီလရှင် ပထမ ခုံအမှတ်(ပဘ-၄၄)မတိက္ခဉာဏီ မင်းကျောင်း သာသနာ့ရိပ်သာ ပျော်ဘွယ်မြို့၊ ပထမလတ်တန်း ပထမ ခုံအမှတ်(ဗဟ-၁၇၇) ရှင်ဝိစ္ဆာနန္ဒာလင်္ကာရ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ ဒုတိယ ခုံအမှတ်(မဟာမ) အရှင်သုစိတ္တ ဓမ္မသမိဒ္ဓိ ဆွမ်းစားကျောင်း မစိုးရိမ်တိုက်သစ် မန္တလေးမြို့၊ တတိယ ခုံအမှတ်(မဟာမ-၂၃၅)အရှင်တိက္ခာနန္ဒ ဓမ္မကာယကျောင်း မစိုးရိမ်တိုက်သစ် မန္တလေးမြို့၊ အမျိုးသမီး ပထမ ခုံအမှတ် (ပဘတ-၁၈) ဒေါ်ဝင်းဝင်းမော် မဟာသိမ်တော်ကြီး ကျောင်းတိုက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့တို့ ဖြစ်ကြသည်။

ပထမငယ်

ပထမငယ်တန်း ပထမ ခုံအမှတ် (သိမ်-၂) ဦးဝံသပါလ သစ်ဆင် ပရိယတ္တိစာသင်တိုက် သိမ်ဇရပ်မြို့၊ ဒုတိယ ခုံအမှတ် (ည-၄၆) ရှင်အဘိဓဇ တောင်ညိုကျောင်းတိုက် ညောင်တုန်းမြို့၊ တတိယ ခုံအမှတ် (ဗဟ-၃၉၁) အရှင်ဇဝနာလင်္ကာရ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ သီလရှင် ပထမ ခုံအမှတ် (ဗဟ-၅၃၂)မသီရိမာလာ သက္ကနိမ္မိတာရုံစာသင်တိုက် ဗဟန်းမြို့နယ် ရန်ကုန်မြို့တို့ ဖြစ်ကြသည်။

ယခုနှစ် ဓမ္မာစရိယ စာမေးပွဲအောင်စာရင်းနှင့် ပထမပြန် အထူးအောင် စာမေးပွဲအောင်စာရင်းများကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ရုံးများ၌ လည်းကောင်း၊ ပြည်နယ်/တိုင်း သာသနာရေးမှူးရုံးများ၌ လည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

သံတမန်သင်တန်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၃

နိုင်ငံခြားရေးဝန်ကြီးဌာန အခြေခံသံတမန် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၅) နံနက်ပိုင်း သင်တန်းသား၊ သင်တန်းသူများ၏ ဒုတိယအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၆ရက်(တနင်္ဂနွေနေ့) နံနက်တွင် ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက် ပုလဲမြို့သစ် မင်္ဂလာဒုံမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ သင်တန်းသား၊ သင်တန်းသူများအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ရှေ့ စုရပ်မှ ထိုနေ့နံနက် ၈နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ဝါဆိုသင်္ကန်း ဝယ်ယူနိုင်ပြီ

ရန်ကုန် ဇူလိုင် ၃

ဝိနည်းအညီ ဆိုက်ပြည့် အသစ်ချုပ်ထားသော ကရဝိက် ဝါဆိုသင်္ကန်းများကို နှစ်(၅၀)ပြည့် အထူးရွှေရတုအထိမ်းအမှတ်အဖြစ် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနေပြီဖြစ်သည်။

ကရဝိက် ဝါဆိုသင်္ကန်း ဝယ်ယူလှူဒါန်းလိုကြသော ရဟန်းရှင်လူပြည်သူများ ဦးမြင့်-ဒေါ်လှမြင့် သမီးမန္တဲ့နွဲ့ရီ ရန်ကုန်ပင်ရင်း အမှတ်(၆၅/၆၇) အထက်ကြည့်မြင်တိုင်လမ်း ဖုန်း-၅၁၁၇၁၄၊ ၅၄၂၆၅၆၊၀၉-၅၀-၁၆၆၃၅၊ e-mail-mthu. Baganmail. net.mm၊ ရန်ကုန်ဆိုင်ခွဲ-အမှတ်(၈၃) ဗိုလ်ချုပ်အောင်ဆန်းလမ်း (၄၉)လမ်းနှင့် လမ်း(၅၀)ကြား ပုဇွန်တောင်မြို့နယ်၊ ပြည်မြို့ပင်ရင်း-အမှတ်(၅၄) ပန်းတိမ်တန်းလမ်းနှင့် အမှတ်(၈၂၂) ဗိုလ်ချုပ်လမ်း ပြည်မြို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(က-ပ)

ဝါတွင်းအပတ်စဉ် ဓမ္မာနုပဿနာဟောစဉ်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မြင်သာ (၁၅)ရပ်ကွက် (၁)လမ်းရှိ သစ္စာဒီပက ဝိပဿနာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့် ဓမ္မကထိက သာသနာပြုဆရာတော် အရှင်ဣန္ဒောဘာသ (ဓမ္မာစရိယ) အရှင်သူမြတ်က ၁၃၆၅ခုနှစ် ဝါဆိုလပြည့်နေ့မှစ၍ ရရက် လပြည့်၊ လကွယ် ဝါတွင်းအပတ်စဉ် ဥပုသ်နေ့တိုင်း မြတ်စွာဘုရား၏ ဓမ္မာနုပဿနာသတိပဋ္ဌာန် ဝိပဿနာ အခြေခံမှစ၍ မဇ္ဈိမာပဋိပဒါကျင့်စဉ်မှန်ကို သစ္စာဒီပက ကမ္မဋ္ဌာနာစရိယဆရာကြီး ဦးကြည်၏ ဥပနိသျှည်းအတိုင်း စည်းကမ်းစည်းမျဉ်းစည်းရုံးရေးနည်းစနစ်မှန်ဖြင့် တောင်ဥက္ကလာပ အမှတ်(၇)ရပ်ကွက် လူထုဓမ္မာရုံကြီးတွင် မွန်းလွဲ ၁နာရီမှ ၂နာရီထိလည်းကောင်း၊ (၁၅)ရပ်ကွက် သစ္စာဒီပက ဝိပဿနာကျောင်းတော်ကြီးတွင် မွန်းလွဲ ၂နာရီခွဲမှ ညနေ ၃နာရီခွဲအထိလည်းကောင်း ဝါတွင်းအပတ်စဉ် ဟောကြားပို့ချမည်ဖြစ်ပါကြောင်း အသိပေးထားသည်။(ကြေးမုံ)

ဇောဓိနမ့်ဆန်ကျောင်း (စမ်းချောင်း) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၃

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားအနီး ဥယျာဉ်တိုက် ဇောဓိနမ့်ဆန်ကျောင်း၌ စတုတ္ထအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၅ခုနှစ် ဝါဆိုလပြည့်နေ့ ဇူလိုင် ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်၍ ရန်ကုန်ရောက် တအောင်း- ပလောင်မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်နီးရပ်ဝေးမှ အလှူရှင်များ၊ ဒါယကာ၊ ဒါယိကာမများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဝါဆိုသင်္ကန်း ကပ်လှူနိုင်ရန်အတွက် သင်္ကန်းတစ်စုံလျှင် ကျပ် ၃၀၀၀နှုန်းဖြင့် ဖုန်း-၅၀၀၇၉၄၊ ၀၉၅၀-၁၂၉၃၆တို့သို့ ကြိုတင်စာရင်းပေးသွင်း လှူဒါန်းနိုင်ပြီး မိမိတို့အစီအစဉ်ဖြင့်လည်း နှစ်သက်ရာ သင်္ကန်း၊ ထီး၊ ဖိနပ်နှင့် အခြားလှူဖွယ်ဝတ္ထုပစ္စည်းများ ကပ်လှူပူဇော်နိုင်ကြောင်း သိရသည်။

(က-ပ)

မြလေးနွယ် ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် အနေကဇာတင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အာသာဝတီကျောင်းတိုက် တွံတေးသာသနာပြုကျောင်းဝင်းရှိ တည်ထားကိုးကွယ်ပူဇော်သော မြလေးနွယ် ဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပွဲနှင့် ဘုရားအနေကဇာတင် မင်္ဂလာ အခမ်းအနားကို နယုန်လပြည့်ကျော် ၁၄ရက်၊ ဇွန် ၂၈ရက် နံနက် ၉နာရီက ကျင်းပသည်။

တရားနာယူ

ရေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ ဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ပြီး နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလဇောတိက ဆရာတော်ထံမှ ရေစက်သွန်းချ တရားနာယူကာ အမျှပေးဝေကြသည်။

ယင်းနောက် သုခမာန်အောင်ကျောင်း ဆရာတော် ဦးကေသရ၊ မြလေးနွယ် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသီရိ၊ ရွှေနှင်းဆီ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသောဘိတနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးသန်းဇော်တို့က ရွှေထီးတော်ကြီးနှင့်တကွ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြသည်။

(က-ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ သီတာလမ်း၊ အမှတ်(၇၂)နေ
ဦးခင်စိန်(စိုးစံတေးသံကူး)-ဒေါ်ရီရီတို့၏ သားထွေး

မောင်ထင်ဇော်

2nd Year (Botany) ဓေတ္တ-ဂျပန်

နှင့်

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ်(၉၇)နေ
ဦးစောလှိုင်-ဒေါ်ကျင်အေးတို့၏ သမီးထွေး

မလှလှပြုံး

B.Sc(Physics) Q. ဓေတ္တ-ဂျပန်

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၁၉-၆-၂၀၀၃ ရက်တွင် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

ရုံးနေရာပြောင်းရွှေ့ခြင်း

Japan International Cooperation Agency (JICA) Myanmar ရုံးကို ဇွန်လ ၃၀ရက်၊ ၂၀၀၃ခုနှစ်မှစ၍ အောက်ပါလိပ်စာသို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဖြစ်ပါသည်။ ရုံးချိန်မှာ နံနက် ၈:၃၀ နာရီမှ ၁၂:၃၀ နာရီနှင့် မွန်းလွဲ ၁၄:၀၀နာရီမှ ညနေ ၁၇:၀၀နာရီအထိ ဖြစ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-

JICA Myanmar Office,
Room, 701,7th Floor, Sakura Tower,
No-339, Bogyoke Aung San Street,
Kyauktada Township, Yangon.
တယ်လီဖုန်းနံပါတ်-255473~6
ဖက်စ်နံပါတ်-255477
e-mailaddress
jicamyan @ mptmail.net.mm





တကောင်းမြို့ဟောင်း တစေ့တစောင်း

သတင်းဆောင်းပါး
မင်းဟန်(မန်းတက္ကသိုလ်)

ရန်ကုန် ဇူလိုင် ၃

တကောင်းမြို့ဟောင်းသည် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်တွင် တည်ရှိပါသည်။ မန္တလေးမြို့မှ ၁၂၇ မိုင်အကွာ မန္တလေး-ငအိုး-ဗန်းမော် မဟာဗျူဟာလမ်းမကြီး၏အနောက်ဘက် နှစ်ဖာလုံခန့်အကွာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနဖူးတွင်တည်ရှိသည်။ အထက်မြန်မာပြည် ဗြိတိသျှအုပ်ချုပ်ရေး စတင်ချိန်တွင် မိုးကုတ် ကျောက်တွင်းခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်၊ မန္တလေးခရိုင်များတွင်ထည့်သွင်းခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် သာမန်ရွာသိမ်ရွာငယ်လေးအဆင့်မျှသာ ရှိခဲ့သည်။ ၁၉၆၅ ခုနှစ် အောက်တိုဘာလမှစ၍ အုပ်စုရွာကြီးအဖြစ် တည်ရှိခဲ့ပါသည်။

တကောင်းအမည်

ရှေးဦး တကောင်းမြို့ဟောင်း၏ အမည်များနှင့် ပတ်သက်၍-

သင်းတွဲ၊ ရဋ္ဌပူရ၊ သံသယ၊ သဃ်သရဋ္ဌ၊ ပဥ္စာတကောင်း စသည်ဖြင့် ရာဇဝင်တို့က ဖော်ပြခဲ့သည်။ **တကောင်း** ဟူသောအမည်မှာ ရှမ်းဘာသာစကားဖြစ်ပြီး (တ=ကူးတို့ဆိပ်) (ကောင်=စည်)၊ (တ+ကောင်=စည်ကြီးကူးတို့) Drum Ferry ဟု အဓိပ္ပာယ်ရကြောင်း ဂျီ၊ အီး၊ ဟာဗေး (ဗြိတိသျှသမိုင်းပညာရှင်)၏ ရာဇဝင်ချုပ်၌ ဖော်ပြခဲ့ပါသည်။ မိုးမိတ် ရာဇဝင်တော်ကြီး (စာ-၆၄)၌ **တကောင်း**ဆိုသည်မှာ (တာ+ကောင်)မှ လာသည်။ (တာ=ကူးတို့ဆိပ်)၊ (ကောင်=စည်၊သေနတ်လက်နက်၊အစုအပုံ)ဖြစ်၍ **တာကောင်=တကောင်း** ဆိုသည်မှာ **ကုန်ပစ္စည်းများ စုပုံရာကူးတို့ဆိပ်** ဟု ဆိုလိုကြောင်း ဖော်ပြပါသည်။ သက္ကတဘာသာရေး သကဏ္ဍပူရာဏ်ကျမ်းစာအဆိုအရ တောင်ဘက်ပိုင်းတွင် လှည်းဦးသဏ္ဌာန် သုံးထောင့်အစွန်းရှိသည့် သကဌ မည်သော နယ်တွင် **ပဥ္စတိကောဏ** ပြည်ရှိကြောင်း၊ ပဥ္စတိကောဏပြည်ဆိုသည်မှာ အိန္ဒိယတိုင်းရင်းအသံထွက်(ပံကျိတိကောဏ်) ပါဠိ-မြန်မာအသံထွက် (ပဥ္စတကောဏ်)၊ (ပါဠိပျက်အသံ) ပဥ္စတိကောဏ်=ပဥ္စတိကောဏ်း=ပဥ္စတကောင်း=ပျင်စာဒကောင်း စသည်ဖြင့် အသံဖလှယ်ရာမှ တစ်စတစ်စ ပြောင်းလဲလာခဲ့ပုံရကြောင်း၊ **ပံကျိတိကောဏ်**သည် အိန္ဒိယတိုင်းရင်းသံဖြစ်ကြောင်း ထီးချိုင့်တည်တော ဆရာတော်ထံမှ မှတ်သားခဲ့ရဖူးပါသည်။ ပုဂံခေတ်ပြိုင်(ခရစ်နှစ် ၁၂-၁၃ ရာစု) အထောက်အထားများအရ **တကောင်းပြည်၊ သင်းတွဲပြည်** အမည်များဖြင့် ထင်ရှားခဲ့ကြောင်း တွေ့ရပါသည်။

ခေတ်ပြိုင်ကျောက်စာအထောက်အထား

တကောင်းဒေသသို့ ၁၈၉၅ ခုနှစ် (သီပေါမင်း ပါတော်မူအပြီး)တွင် အစောဆုံးရောက်ရှိခဲ့သည့် သမိုင်းပညာရှင် ဒေါက်တာဖူးရားက ရှေးဟောင်းကျောက်စာတစ်ချပ်ရရှိခဲ့ပြီး ထိုကျောက်စာကို အဓိပ္ပာယ်ဖွင့်ဆိုရာ **ဟတ္ထိနပူရပြည်နှင့် ပါလမင်းဆက် လေးဆက်အုပ်စိုးခဲ့ပုံ၊ ကျောင်းဆောက်လုပ် လှူဒါန်းခဲ့ပုံများ ပါဝင်ကြောင်း** ပြောဆိုခဲ့သော်လည်း အဆိုပါကျောက်စာကို ဗြိတိသျှပညာရှင်များက ထပ်မံရှာဖွေသည့်အခါ မတွေ့ရတော့ချေ။

ပုဂံခေတ် အေဒီ-၁၂၂၈ ခုနှစ်ထိုး ကျောက်စာမှာ **တကောင်း** ဟူသောအမည်ကို အစောဆုံးတွေ့ရှိခဲ့ရပြီး အခြားပုဂံခေတ် (အေဒီ-၁၃ရာစု) ကျောက်စာများ၌လည်း-

တကောင် လုပ်ကာသူကြီး လက်ခါနာလက်ဝယ်၊ **တကောင်** စစ်ထိုဝ်သော
(တကောင်းလှော်ကား သူကြီး လက္ခနာလက်ဝဲ တကောင်းစစ်ထိုးသော)
တကောင် ဉယန်မွေ (တကောင်းဥယျာဉ်မြေ)
ပုညဓမ္မမဟာ(ထီ) ဂြီ ဓမ္မကာ သဃ်ာထိအလ္လောင်ရဝကာ
သင်တွဲပြည် ရောက်ညြင်လျှင် လီရယ်နိယ်စိယ်သတေ... စသည်ဖြင့် တွေ့ရပါသည်။

အေဒီ ၁၄ ရာစု၊ ခရစ်နှစ် ၁၃၅၄ ခုနှစ် (သက္ကရာဇ် ၇၁၆၊ မိဂသီနှစ်၊ ပြာသိုလဆန်း ၅ ရက် ကြာသပတေးနေ့) ထိုးကျောက်စာ၌-

သိန်ကပတိယ် ဆင်ဖြူသျှင်မောင်နှံ့ လက်ယှက်တွယ်လျှက်
ရှုယ်နန်တက်သော၊ သဟေတောဝမင်၏ မွေ သတိုင်မင်
တကောင်ပြည်ကိုဝ် အစိုင်မူသောအခါ ပင်သတိုဝ်ယောက်ဖ
လက်ျာ...မ် ရှုယ်ကျောင်ကိုဝ်မူသော... စသည်ဖြင့် ဖော်ပြခဲ့ရာ **တကောင်း၊ သင်းတွဲ**ပြည်အမည်များဖြင့် ထင်ရှားခဲ့ကြောင်း တွေ့ရပါသည်။

တကောင်းမြို့ စတင်တည်ထောင်ခြင်း

ရှေးဦးအစ ပထမတကောင်းမြို့ဟောင်းကို မည်သည့်အချိန်ကာလမှစ၍ တည်ထောင်ခဲ့ကြောင်း သုတေသီတို့အနေဖြင့် တိကျစွာ ရှာဖွေတွေ့ရှိခြင်းမရှိသေးချေ။ မြန်မာရာဇဝင်များတွင်မူ တကောင်းမြို့ကို မဇ္ဈိမဒေသမှ ဝင်ရောက်လာသော အဘိရာဇာမင်းကြီးသည် ဘီစီ ၁၃၀၀ (လွန်ခဲ့သော နှစ်ပေါင်း ၃၃၀၀)ကပင် တည်ထောင်ခဲ့ကြောင်း ဖော်ပြပါသည်။

အေဒီ ၁၇၀၄ ခုနှစ်ရေး ဦးကုလား မဟာရာဇဝင်တော်ကြီး၊ ရာဇဝင်ချုပ်၊ ရာဇဝင်လတ်များ၊ အေဒီ ၁၅၀၂ ခုနှစ်ရေး ရှင်မဟာသီလဝံသ (ရာဇဝင်ကျော်)တို့၌ တကောင်းနှင့် ပတ်သက်၍ မဖော်ပြခဲ့သော်လည်း မဇ္ဈိမဒေသ(အိန္ဒိယ)မှ သာကီဝင်မင်းသား(အဘိရာဇာ)နှင့် နောက်ပါအလုံးအရင်းတို့သည် တကောင်းဒေသသို့ အစောဆုံးဝင်ရောက်အခြေချကာ မြို့ပြတည်ထောင်ခဲ့ကြောင်း ခရစ်နှစ် ၁၈၂၉ ခုနှစ်ရေး မှန်နန်းရာဇဝင်တော်ကြီးက အစောဆုံးဖော်ပြလာခဲ့ပါသည်။

တကောင်းအဘိရာဇာနှင့် သကျသာကီ

သာကီဝင်မင်းသား(အဘိရာဇာ)နှင့် နောက်ပါအလုံးအရင်းသည် ဧရာဝတီမြစ်အထက်ပိုင်းဒေသသို့ ဝင်ရောက်၍ ရှေးဦးတကောင်းမြို့ကြီးကို တည်ထောင်ကာ တကောင်းမင်းဆက် ၃၃ ဆက် တည်ထောင်ခဲ့ကြောင်း မှန်နန်းရာဇဝင်တော်ကြီး (ခရစ်နှစ် ၁၈၂၉ ရေး)က ဖော်ပြခဲ့ရာ ခေတ်သစ်သမိုင်းသုတေသီတို့က ထိုအချက်ကို ငြင်းပယ်ခဲ့ကြပါသည်။ ထိုရာဇဝင်ရေးသားချိန် ၁၈၂၉ သည် ၁၈၂၄-၂၆ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲပြီးဆုံး၍ ရန္တပိုစာချုပ်ဖြင့် စစ်ပြေငြိမ်းကာ မြန်မာတို့ အရေးနိမ့်ခဲ့ရသည့်ကာလဖြစ်သည်။ မြန်မာ့နယ်အချို့ကို လက်လွှတ်ခဲ့ရချိန်လည်းဖြစ်၍ မြန်မာတို့၏ အမျိုးဇာတိဂုဏ်ကို ပြန်လည်ဖော်ကျူးမြှင့်တင်လိုခြင်းကြောင့် မြန်မာတို့သည် သကျသာကီနွယ်များ ဖြစ်ကြောင်း ရာဇဝင်ဆရာတို့က လုပ်ကြံဖန်တီးထားချက်သာဖြစ်သည်ဟု အနောက်တိုင်းသားတို့က ယူဆခဲ့ပါသည်။ သို့သော် စဉ်းစားရန်တစ်ချက်မှာ ထိုရာဇဝင်ဆရာများသည် တကောင်းတည်ထောင်ခြင်းနှင့်ပတ်သက်၍ အဘိရာဇာ(သကျသာကီ)မဟုတ်စေကာမူ အခြားသောနည်းအားဖြင့် တကောင်းဒေသသို့ အလုံးအရင်းဝင်ရောက်ခဲ့မှုများ၊ မြန်မာတို့၏ မြို့ပြနိုင်ငံ တည်ထောင်ခဲ့ခြင်း အကြောင်းများကို အခြေခံ စဉ်းစားခဲ့ကြပေလိမ့်မည်ဟု ယူဆရန်ရှိပါသည်။ ရှေးဦးတကောင်း တည်ထောင်ခဲ့ကြသူများမှာ ရှေးရှေးမြန်မာကြီးများပင်ဖြစ်ကြောင်း မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အစဉ်အလာ ပြောစကားများရှိခဲ့ခြင်းကို အခြေခံ၍သာ ပြုစုခဲ့ခြင်းဖြစ်သည်မှာ သေချာသည်။ ရှေးဦးမြန်မာကြီးများ(အဘိရာဇာနှင့် နောက်ပါများ) ဝင်ရောက်ခဲ့သည့် ထိုဒေသကို ဘာကြောင့် မညွှန်ပြခဲ့ပါသနည်း။ ကျောက်ဆည်နယ်ဝန်းကျင်၊ ပုဂံဝန်းကျင်ဒေသကြီး ရှိပါလျက် အဘယ်ကြောင့် တကောင်းနေရာဖြစ်သည်ဟု မြန်မာရာဇဝင်ပညာရှင်များက ရွေးချယ်ခဲ့ကြပါသနည်း။ အခြားနေရာ (မြို့ဟောင်းများ)ကို အဘယ်ကြောင့် မြန်မာတို့၏ ရှေးဦးဝင်ရောက်ရာနေရာဟု မဆိုမိန့်ခဲ့ကြပါသနည်း။

ပျူ နှင့် ပြည် ဝေါဟာရ

မြန်မာ့ပထဝီနယ်နိမိတ်အတွင်းသို့ ခရစ်မပေါ်မီ နှစ်ပေါင်းများစွာကပင် ရှေးဦးမွန်နှင့် မြန်မာကြီးများသည် လူမျိုးစုအလိုက် အုပ်သင်းဖွဲ့လျက် ရေကြည်ရာ၊ မြက်နုရာအရပ်များ၌ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရာမှ တဖြည်းဖြည်း သဘောတူရာစုဖွဲ့လျက် အတည်တကျနေထိုင်လာခဲ့ကြသည်။ ရှေးဦးအနုပညာ၊ ယဉ်ကျေးမှုစသည်များလည်း တီထွင်ကြံဆလာကြသည်။ ယင်းသို့ အတည်တကျနေထိုင်လျက် ယဉ်ကျေးမှုထုံးတမ်းဓလေ့ စည်းကမ်းများနှင့် နေတတ်သည့် မိမိတို့ကိုယ်ကို ရည်ညွှန်းလျက် ရှေးမွန်ကြီးက **ဗြို** ဟု သုံးနှုန်းခဲ့သည်။ အဓိပ္ပာယ်မှာ **မြင့်မြတ်သူ၊ မြင့်မြတ်ခြင်း** သဘောဖြစ်သည်။ မြို့ရွာတည်ထောင်နေကြသည့် ယင်းတို့အစုအစည်းကိုလည်း **ပရော်န်** ဟုသုံးနှုန်းခဲ့ကြသည်။ (ယင်းကို ဗြိတိသျှတို့ ပရမ်း PROMEဟု အသံထွက်ရေးသားခဲ့သည်။) မြန်မာလို **ပြည်** ဖြစ်သည်။

ဧရာဝတီလွင်ပြင်ဆီသို့ ရောက်ရှိခဲ့ကြသည့် ရှေးဦးမြန်မာမျိုးနွယ်စုများကလည်း တောင်ဘက်သို့ ပျံ့နှံ့ဝင်ရောက်ခဲ့ကြပြီးဖြစ်ရာ ၎င်းတို့ကလည်း ရှေးမွန်များအသုံးအနှုန်းအတိုင်းပင် ကိုယ့်ကိုယ်ကို **မြို့** ဟု ရည်ညွှန်းပြောကြားခဲ့ကြမည်သာဖြစ်သည်။ သို့သော် အသံဖလှယ်ရာတွင် ကွာခြားမှုရှိ၍ ဗြို=ပြို=ပျူ ဟု အသံထွက်ခဲ့ခြင်းဖြစ်သည်။ ဒဏ္ဍာရီပုံပြင်များတွင် ဖော်ပြသည့် ပျူမင်း၊ ပြူးမင်း ဆိုသည်မှာ ပြူမင်း(မြန်မာမင်း)၊ ပရော်န်မင်းကိုပင် ဆိုလိုခဲ့ခြင်းဖြစ်သည်။ မြင့်မြတ်သောမင်း၊ တိုင်းပြည်ရှိသောမင်းဟု ဆိုရမည်ဖြစ်သည်။ သို့သော် ရှေးမြန်မာမင်းကြီးများသည် ထိုသုံးနှုန်းမှုကို ဗုဒ္ဓဘာသာ ပျံ့နှံ့မလာမီကသာ သုံးနှုန်းခဲ့ကြဟန်ရှိပြီး ဗုဒ္ဓဘာသာရောက်ရှိလာခဲ့သည့်အခါ ရှေးဟောင်း အိန္ဒိယသက္ကတ စာပေ၊ ပါဠိစာပေများလည်း ပါလာခဲ့သဖြင့် (ဗြို=မြင့်မြတ်သူ)နှင့် သဘောချင်းတူသည့် (ဗြဟ္မာ=ဘရမ္မာ=ဘရမာ=ဗမာ)ဟူ၍ မိမိတို့ကိုယ်ကို ရည်ညွှန်းသုံးနှုန်းခဲ့ကြသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ ခေတ်သစ်သုတေသီတို့ ပျူစာပေ၊ ပျူယဉ်ကျေးမှုဟု ယူဆခဲ့ကြသည့် ရှေးဦးစာပေ၊ ယဉ်ကျေးမှုကြီးကို မြန်မာတို့က အစောပိုင်းကာလတွင် လက်ခံကျင့်သုံးခဲ့ကြသော်လည်း နောက်ပိုင်းတွင် ပါဠိ စာပေ၊ မွန်စာပေ၊ ရှေးဟောင်းစာပေ(ပျူစာပေ)တို့ကို နည်းနာယူလျက် ကိုယ်ပိုင်စာပေကို တီထွင်ခဲ့ကြသည်။ ယင်းသို့ တီထွင်ရာ၌လည်း ပါဠိစာပေကို အလေးထားခဲ့ဟန်ရှိပြီး (ပါဠိပျက်အနေဖြင့်) မြန်မာဝေါဟာရများအဖြစ် ယူငင်သုံးနှုန်းခဲ့ကြဟန်ရှိပါသည်။ မြန်မာတို့က အိန္ဒိယစာပေအသံအတိုင်း (ပူရီ-ပရီ-ပြည်)ဟု သုံးနှုန်းခဲ့ကြသည်။ မို့မောက် မြင့်တက်သည့် တံတိုင်း ပါဝင်သော အရပ်ကိုလည်း ရှေးယခင်က ပူရ်၊ ပူရဟု သုံးစွဲရာမှ မို့မို့ရို့ရို့(မြို့)ဟူ၍ သုံးစွဲလာခဲ့ကြသည်ကို တွေ့ရပါမည်။ ဆိုလိုသည်မှာ **ပျူ** ဟူသည် မွန်၊ မြန်မာနှင့်မတူသော သီးခြားလူမျိုးတစ်ခုမဟုတ်ပါ။ (ပျူ)စာပေ၊ ယဉ်ကျေးမှုဓလေ့များကို တွေ့ရ၍ **ပျူ**သည် သီးခြားလူမျိုး တစ်မျိုးဟု သုတေသီအချို့က မှတ်ယူခဲ့ခြင်းသာဖြစ်သည်။ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုများအရ **ပျူ** ဟု ယူဆခဲ့ကြသည့် ယဉ်ကျေးမှုလက္ခဏာများ ပါဝင်သည့် အဆိုပါပျူယဉ်ကျေးမှုပုံစံကို အရှေ့တောင်အာရှဒေသ အနှံ့အပြားတွင် တွေ့မြင်နေရပြီဖြစ်သည်။ ထို့ကြောင့် ၎င်း (ပျူ)စာပေ၊ ယဉ်ကျေးမှုမှာ လူမျိုးမဟုတ်ဘဲ စာပေ၊ ယဉ်ကျေးမှု အသွင်တစ်ရပ်အနေဖြင့်သာ ရှေးဟောင်း အရှေ့တောင်အာရှ ကျွန်းဆွယ်ပိုင်းတွင် ပျံ့နှံ့ခဲ့ခြင်းဖြစ်သည်ဟု ယူဆပါသည်။ လူမျိုးမှာ ရှေးမွန်၊ မြန်မာများသာဖြစ်၍ ထိုစာပေ၊ ယဉ်ကျေးမှုကို လက်ခံကျင့်သုံးခဲ့ကြဟန်ရှိပါသည်။ ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုအဆင့် မြင့်မားလာသည်နှင့် ထိုစာပေ၊ ယဉ်ကျေးမှုပုံစံ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်ခဲ့ရခြင်းဖြစ်သည်။

တကောင်းမြို့ဟောင်း၏ သမိုင်းနောက်ခံအကျဉ်း (ပုဂံခေတ်-ကုန်းဘောင်ခေတ်)

ခရစ်နှစ် ၁၀၄၄ ခုနှစ်တွင် အရိမဒ္ဒနပူရကို မြို့တော်ပြု၍ အနိရုဒ္ဓဒေဝ (အနော်ရထာ)မင်းကြီးသည် ပထမမြန်မာ့လက်နက်နိုင်ငံတော်ကို ထူထောင်ခဲ့ပါသည်။ နိုင်ငံတော်သို့ အဘက်ဘက်မှ ကျရောက်လာမည့် ကျူးကျော်ရန်များကို ခုခံကာကွယ်နိုင်ရန် ခံမြို့ ၄၃ မြို့ တည်လုပ်ခဲ့ရာ ဧရာဝတီမြစ်အထက်ပိုင်းရှိ တကောင်းမြို့ဟောင်းလည်း ပါဝင်ခဲ့ပေသည်။ ပုဂံခေတ်တစ်လျှောက် ဧရာဝတီအထက်ပိုင်း(မြန်မာ့မြောက်ဖျား)ဒေသတွင် ကောင်းစင်နှင့် တကောင်းခံမြို့များမှာ အထူးအရေးပါခဲ့လေသည်။ ပုဂံခေတ် အုပ်ချုပ်ရေးပုံစံအရ ပြည်၊ ခရိုင်၊ တိုက်၊ ရွာ၊ ရပ်၊ ခွင်များ ဖွဲ့စည်းခဲ့ရာ ဧရာဝတီမြစ်အရှေ့ပိုင်းကို ခရိုင်၊ အနောက်ဘက်ပိုင်းကို တိုက်ဟု ခွဲခြားသတ်မှတ်ခဲ့ပါ၏။ ၎င်းနယ်များတွင်လည်း တိုက်သူကြီး၊ မြို့သူကြီး၊ ရွာသူကြီး၊ ကျီသူကြီးများ ခန့်အပ်အုပ်ချုပ်စေခဲ့ရာ ပုဂံခေတ် တကောင်းမြို့ဟောင်း၌ မြို့သူကြီးအဆင့် အုပ်ချုပ်လျက်ရှိကြောင်း တွေ့ရပါသည်။ ရှေးဟောင်းသုတေသန တူးဖော်မှုများအရ ပုဂံခေတ် တကောင်းဒေသသည် အနုပညာ၊ ယဉ်ကျေးမှု၊ လက်မှုပညာများ ထွန်းကားလျက်ရှိပြီး ဆန်စပါးစိုက်လုပ်ငန်း၊ ဥယျာဉ်ခြံစိုက်လုပ်ငန်း၊ ပန်းပု၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းပဲ၊ သံချက်လုပ်ငန်း၊ အိုးလုပ်ငန်း၊ လက်သမားလုပ်ငန်းများ လုပ်ကိုင်လျက် စည်ပင်ဖွံ့ဖြိုးခဲ့ကြောင်း တွေ့ရပါသည်။

ပုဂံခေတ်ကုန်ခါနီးအချိန် ခရစ်နှစ် ၁၂၈၃ ဒီဇင်ဘာ ၃ ရက်နေ့တွင် မြောက်ပိုင်း ကျူးကျော်သူ(မွန်ဂို)များသည် မြန်မာတို့၏ ငဆောင်ချမ်းခံတပ်ကို သိမ်းပိုက်၍ ထိုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကောင်းစင်ခံတပ်ကို သိမ်းခဲ့ပြန်သည်။ တကောင်းခံမြို့သည် မြန်မာပြည်မြောက်ပိုင်း၌ အင်အားအတောင့်တင်းဆုံး မြန်မာ့ခံမြို့ကြီးဖြစ်ခဲ့ဟန်ရှိပြီး ခရစ်နှစ် ၁၂၈၄ ခုနှစ် ဇန်နဝါရီလတွင် **ယဂန်တောဂင်** ဦးဆောင်သော မွန်ဂိုတပ်များသည် တကောင်းခံမြို့ကြီးအား သိမ်းပိုက်နိုင်ခဲ့ကြောင်း ခေတ်ပြိုင်ကျောက်စာများက ဆိုပါသည်။ မြန်မာတို့ တကောင်းခံမြို့ ကျဆုံးသွားခြင်းမှာ မွန်ဂိုတို့အတွက် မြန်မာပြည်မြောက်ပိုင်း အုပ်ချုပ်ရေးကို စိတ်ချလက်ချဖြစ်ခဲ့ကြပုံရပြီး မကြာမီပင် စစ်ဘက်အရာရှိများရောက်လာ၍ မြန်မာပြည်မြောက်ပိုင်းတစ်ခုလုံးကို **ကျန်မိယင်န်** အမည်ဖြင့် မွန်ဂိုအင်ပါယာလက်အောက်ခံ ပြည်နယ်တစ်ခုအဖြစ် ကြေညာခဲ့သည်။ ခရစ်နှစ် ၁၃၀၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင် မွန်ဂိုတပ်များ မလည်သို့ ရောက်ရှိခဲ့ပြီး ထိုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင် မြင်စိုင်းကို တိုက်ခိုက်ခဲ့သည်။ မွန်ဂိုတို့သည် ထိုနှစ် ဧပြီလတွင် အကြင်ကု(ငစဉ့်ကူ)သို့ ရောက်ရှိပြီး မြန်မာတို့နှင့် ပြေလည်မှုရခဲ့သည်။ မြောက်ပိုင်းပြည်နယ်ရှိ တပ်များကို ရုပ်သိမ်းသွားခဲ့ကြသည်။

အဘိရာဇာမှစ၍ မင်းဆက်ပေါင်း ၅၀ ဖြင့် ခမ်းနားထည်ဝါရှိခဲ့သော မြန်မာ့ရှေးဟောင်းမြို့ တကောင်းတွင် ပုဂံခေတ်ဦးကာလအထိ မင်းဆက်မပြတ်ဘဲ တကောင်းမင်းကြီးသည် မင်းလုပ်စိုးအုပ်လျက်ပင် ရှိဆဲဖြစ်သည်။ တကောင်းမင်းကြီးသည် မြန်မာသက္ကရာဇ် ၂၆၆ ခု၊ ခရစ်နှစ် ၉၀၅ တွင် ပုဂံ၌ နန်းတက်သော သေဉ်လည်ကြောင်မင်းနှင့် ထီးပြိုင်ဖြစ်သည်။ ပန်းပဲဆရာမောင်တင့်တယ်ကို နန်းလုမည်စိုး၍ ဥပါယ်တံမျဉ်ဖြင့် ဖမ်းဆီးကာ စံကားပင်၌ ကြိုးချည်တုပ်နှောင် မီးရှို့သတ်ဖြတ်ခဲ့သော တကောင်းမင်းကြီးသည် စံကားပင်အမြစ်ကနုတ်ပြီး ရန်စလက်ငုတ်မကျန်အောင် ဧရာဝတီမှာမျှော၍ ဖျောက်ဖျက်ခဲ့သည်ကို ပုဂံမင်း သေဉ်လည်ကြောင် ဆယ်ယူကာ မင်းမဟာဂီရိနတ်မောင်နှမအဖြစ် ပုပ္ပားတောင်၌ နတ်ကွန်းတည်ဆောက်ချီးမြှောက်ပူဇော်ခဲ့သည့် အထောက်အထား ယနေ့တိုင် အထင်အရှားရှိနေပါသည်။

ပုဂံခေတ်ပျက်သုဉ်းအပြီး ခရစ်နှစ် ၁၃၆၄ တွင် တကောင်း၌ မင်းတစ်ပါးစိုးစံလျက်ရှိကြောင်း ကျောက်စာ အထောက်အထားအရ သိရှိရသည်။ (ယခုရွှေမြင်တင်ဘုရားအတွင်းရှိ ကျောက်စာ) ထိုမင်းလက်ထက်၌ တကောင်းမြို့ ပြန်လည်စည်ကားခဲ့ဟန်ရှိပြီး ဗုဒ္ဓသာသနာ ထွန်းကားနေကြောင်း သိရပါသည်။ ခရစ်နှစ် ၁၃၉၂ တွင် မင်းကြီးစွာစော်ကဲသည် တကောင်းမြို့သို့ ရေကြောင်းမှ ကြီးကျယ်ခမ်းနားစွာ ဆန်တက်ခဲ့ရာ **မင်းချင်းလေ...** အစချီသော ဖောင်ငင်အန်ချင်းပင် ပေါ်ပေါက်ခဲ့ပါသည်။ ထို့ကြောင့် ၁၄ ရာစုနှစ် တကောင်းမြို့ဟောင်းသည် မြန်မာမင်းများ လက်အောက်တွင် တည်ရှိခဲ့ပြီး စည်ကားသိုက်မြိုက်စွာ ရှိနေခဲ့မည်ဟု ယူဆရပါသည်။ ခရစ်နှစ် ၁၄၀၄ ခုနှစ် (အေဒီ ၁၅ ရာစုအစောပိုင်း)တွင် မွန်ဘုရင် ရာဇဓိရာဇ်သည် ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် တကောင်းမြို့သို့ ဆန်တက်ခဲ့ရာ အင်းဝဘုရင် မင်းခေါင်သည် ပြည်၊ မြေထဲ၊ စကု၊ စလင်း၊ ပုခန်းငယ်၊ စလေ၊ ပုဂံ၊ တလုပ်၊ ပုခန်းကြီး၊ စစ်ကိုင်း၊ ငစဉ့်ကူးမြို့များတွင် မြို့များကို အခိုင်အခံ့ပြုကာ နေခဲ့ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် တကောင်းမြို့ဟောင်းသည် ပုဂံခေတ်မှသည် နောက်ပိုင်းရာစုနှစ်များတိုင်အောင် စည်ပင်ကျော်ကြားလျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ခရစ်နှစ် ၁၄၁၂ တွင် တကောင်း၌ **ငနောက်ဆံ** ဆိုသူသည် မြို့စားအဆင့်ဖြင့် အုပ်ချုပ်လျက်ရှိခဲ့သည်။ အေဒီ ၁၅ ရာစုနှစ် အစောပိုင်းကာလတွင် တကောင်းဒေသအား သေန္တာဒိသာပဋ္ဌတိုင်း လက်အောက် **စိန့်သင်းတွဲ**ဟု ခေါ်ဆိုခဲ့ကြပါသည်။ ခရစ်နှစ် ၁၆ ရာစုအစောပိုင်း ၁၅၅၂ ခုနှစ်တွင် တကောင်း၌ ဗေဒင်တတ်ပုဏ္ဏား မဟာဓမ္မရာဇဂုရုကို ရွာစားခန့်အပ်ထားကြောင်း တွေ့ရသည်။ အေဒီ ၁၇ ရာစုနှစ်အစပိုင်း ၁၆၀၇ ခုနှစ်တွင် ညောင်ရမ်းမင်းတရားကြီးက မြန်မာနိုင်ငံတော်အတွင်း စစ်တမ်းများကောက်ယူခဲ့ရာ တကောင်းမြို့လည်း ပါဝင်ခဲ့သည်။ ထိုစစ်တမ်းသည် တကောင်းနယ်၏ အကျယ်အဝန်း၊ နယ်နိမိတ်ကို ပထမဆုံးဖော်ပြနိုင်ခဲ့သည့် စစ်တမ်းဖြစ်သည်။ ထိုစစ်တမ်းအရ တကောင်းနယ်သည်

အရှေ့ဘက် - တရုတ်လမ်းမ
တောင်ဘက် - ဖလူတောင်
အနောက်ဘက် - ပယင်းတွင်း
မြောက်ဘက်- တင်းမြစ်နားအထိ ပါဝင်ပါသည်။ ကုန်းဘောင်ခေတ်စတင်သည့်အခါ တကောင်းမြို့သည် ခရစ်နှစ် ၁၇၇၈ တွင် မြန်မာမင်းလက်အောက်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ထိုနှစ်၌ပင် စဉ့်ကူးမင်းသည် **နေမျိုးလကျာ်သီဟ**ကို တကောင်းမြို့စား ခန့်အပ်ခဲ့သည်။ အေဒီ ၁၈၄၆ တွင် တကောင်းမြို့သည် မြို့ဝန်အုပ်ချုပ်ရေးဖြစ်လာခဲ့သည်။ ဗဒုံမင်း၊ သာယာဝတီမင်း၊ မင်းတုန်းမင်း လက်ထက်တို့တွင် မြို့စားမင်းသမီးများ ဘွားစားရာ ဖြစ်လာခဲ့ပါသည်။ မင်းတုန်းမင်းလက်ထက် တကောင်းမြို့စားမင်းသမီးမှာ **သီရိသုမင်္ဂလာဒေဝီ** ဖြစ်သည်။ ထိုမင်းလက်ထက် ခရစ်နှစ် ၁၈၇၆ တွင် **ဦးတေနောင်**အား လေးမြို့ဝန် (တကောင်း၊ ဟသ်ာမော်၊ ကြံညှပ်၊ ချွန်းတောင်) ခန့်အပ်အုပ်ချုပ်စေခဲ့သည်။ ၎င်းကို ဆက်ခံသူမှာ ဦးသိ(လေးမြို့ဝန်) ဖြစ်သည်။ ၎င်းသည် ပုတိမ်စား ပုန်ကန်မှုအရေးတွင် ပါဝင်ခဲ့သဖြင့် နောက်ပိုင်းတွင် အုပ်ချုပ်ရေးပုံစံကို ဖျက်သိမ်းကာ တကောင်းမြို့ကို သီးခြားမြို့ဝန် ခန့်အပ်အုပ်ချုပ်စေခဲ့ပါသည်။ သီးခြား တကောင်းမြို့ဝန်မှာ **ဦးဝိုင်း** ဖြစ်သည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် တကောင်းမြို့သည် မြတောင်ခြောက်မြို့ဝန် (မြတောင်၊ ချွန်းတောင်၊ တကောင်း၊ ဟသ်ာမော်၊ ကြံညှပ်၊ ကသာ) ဦးဖေလက်အောက်၌ တည်ရှိခဲ့ပါသည်။ သီပေါမင်း ပါတော်မူအပြီး (၁၈၈၅ ခုနှစ်နောက်ပိုင်း) အထက်မြန်မာပြည် ဗြိတိသျှအုပ်ချုပ်ရေး စတင်သည့်အခါ တကောင်းကို မြို့အုပ်(မြို့ဝန်နှင့် မြို့သူကြီးအကြားရာထူး)အဆင့် ခန့်အပ်အုပ်ချုပ်စေခဲ့ပါသည်။ မြို့အုပ်မှတစ်ဆင့် ရွာသူကြီး၊ ရွာခေါင်းများ ခန့်အပ်အုပ်ချုပ်မှုရှိခဲ့ပါသည်။ အထက်မြန်မာပြည်တစ်ဝန်းလုံး၌ ဗြိတိသျှအုပ်ချုပ်ရေး ခိုင်မာလာသည့်အခါ ရှေးမြန်မာမင်းများလက်ထက် အစဉ်အလာကြီးမားခဲ့သော မြန်မာ့မြို့ကြီးများကို အုပ်ချုပ်ရေးပုံစံအရ စနစ်တကျဖြိုဖျက်၍ အဆင့်နိမ့်ကျသွားစေခဲ့ရာ တကောင်းမြို့လည်း အပါအဝင်ဖြစ်ခဲ့ပါသည်။ မြန်မာဘုရင်မင်းများလက်ထက် မင်းသမီး၊ မင်းသားများ ဘွားစားရာလည်းဖြစ်၊ ကြက်ပျံမကျစည်ကားဖွံ့ဖြိုးရာလည်းဖြစ်သော ဧရာဝတီအထက်မြစ်စဉ် မြန်မာ့မြို့ကြီးများမှာ တစ်စတစ်စ တိမ်ကောၢ လူနေမှုပုံစံ ပျက်ပြားမှေးမှိန်ကာ ရွာသိမ်ရွာငယ်လေးများအဆင့်သို့ ရောက်ရှိသွားခဲ့ပါတော့သည်။ ကိုလိုနီခေတ်အတွင်း တကောင်းမြို့သည် အိမ်ခြေ ၄၀ ကျော် ၅၀ ခန့်သာရှိသည့် တံငါ၊ တောခုတ်လုပ်ငန်းဖြင့် အသက်မွေးသည့် ဇနပုဒ်အဆင့်သို့ ရောက်ရှိကာ ပတ်ဝန်းကျင်ဒေသတစ်ခုလုံး တောအတိ ဖုံးလွှမ်းခဲ့ရသည့်ဘဝသို့ ရောက်သွားခဲ့ရပါတော့သည်။

မြန်မာ့ပုံရိပ် အတိတ်တကောင်း ရှေးမြို့ဟောင်းနှင့်စပ်လျဉ်း၍ ပြန်ပြောင်းအောက်မေ့ဖွယ်ရာအဖြစ် လေ့လာတွေ့ရှိချက်များကို မျိုးဆက်သစ်များနှင့် သုတေသီများ ဆက်စပ်စဉ်းစားနိုင်စေရန် အကျဉ်းချုပ်၍ တင်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။ ။

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာရိပ်မွန်အိမ်ရာနေ
ဗိုလ်မှူးစိုင်းချစ်ဆွေ(အငြိမ်းစား)-ဒေါ်နန်းခင်စုတို့၏သားကြီး

မောင်စိုင်းလုံ B.Sc (Chemistry)
NK Chemicals Pte. Ltd.
(Chemical Process Technician) (Singapore) နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ပုဂံအိမ်ရာနေ
(ဦးတင့်လွင်-ဒေါ်ညွှန့်စိန်) တို့၏သမီးငယ်

မသီတာလွင် B.Sc(Botany)
Dip in Electrical Power (Y.T.U)

တို့၏၂၉-၆-၂၀၀၃ရက်နေ့တွင် **Summit Parkview Hotel** ၌ ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာ ဧည့်ခံပွဲနှင့် **Panda Hotel** တွင် ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စိုင်းလုံ- မသီတာလွင်။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သားလေး ဝမ်ဝမ်(ခ)လူမောင်ချို၏ ၄-၇-၂၀၀၃ရက်နေ့တွင်ကျရောက်သော (၂)နှစ်ပြည့် မွေးနေ့မှစ၍ အသက်(၁၂၀)တိုင်အောင် ကျန်းမာပျော်ရွှင်စွာဖြင့် သာသနာ့အကျိုး၊ တိုင်းပြည်အကျိုး၊ မိသားစုအကျိုးတို့ကို ထူးချွန်ထက်မြက်စွာ သယ်ပိုးဆောင်ရွက်နိုင်သော သားကောင်းရတနာလေးဖြစ်ပါစေ---။

ချစ်မေမေ-ကိုလူမောင်
ချစ်မေမေ-မချိုချိုကြိုင်
မေမေဝင်းနှင့်မမများ-ဦး၊ လာ၊ ဆွိ
ကိုကိုများ-ဖိုး၊ အောင်။

မင်္ဂလာဦးဆွမ်းကျွေး ဧည့်ခံပွဲကျေးဇူးတင်လွှာ

Capt မြင့်သိန်း (ခေတ္တ Singapore)-ဒေါ်မေသစ္စာခင် တို့၏သားလတ်

မောင်ရဲမင်းသိန်း: First Year (Geography)
Senior Deck Cadet
(Eastwind Shipmanagement Pte,Ltd.) Singapore နှင့်

ရန်ကုန်မြို့၊ (၁၂)လမ်း၊ အမှတ်(၁၁၇)နေ ဦးဝင်းထွန်း (ခေတ္တ Malaysia)-ဒေါ်ခင်အုန်းမြင့် (ခိုင်ခိုင်-ဖိတ်စာနှင့်စာအိတ်လုပ်ငန်း) တို့၏သမီးကြီး

မယုဇနဝင်း: B.A (Geography) Diploma in Accounting (LCCI)

တို့၏ ၃-၇-၂၀၀၃ရက်နေ့တွင် တိပိဋက=နိကာယကျောင်းတိုက်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်သော မင်္ဂလာဧည့်ပရိသတ်အပေါင်းအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ရဲမင်းသိန်း-မယုဇနဝင်း။

PN ProNet Computer Centre
Network Engineer & MCSA Exam Prepare Course

MCSA

- Networking Fundamentals
- Desktop PC Hardware
- Desktop OS
- Server Hardware
- Network Design
- Network Management
- Network Security

Open 14/July

No.40,R-201,Aungthapyay St,Backside Yuzana Plaza, Mingalataungnyunt Tsp,Yangon.Ph: 206747 Ext-7316

မောင်လှမျိုး (ချင်းချောင်းခြံ)
အချစ်သီဆိုမှာသီချင်း
အင်ပါယာစာပေမှ ထွက်ပြီ

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်အပိုင်း(၃)၊ လှသိင်္ဂီလမ်း၊ အမှတ်(၆၈-၆၉)တွင် ရုံးခန်းနှင့်တကွစက်ရုံတည်ရှိသော Myanmar Lighting Manufacturing Co., Ltd.သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားနှင့်ဒီဇိုင်း၏ တစ်ဦးတည်းပိုင်ရှင် ဖြစ်ပါသည်။

NEOLAMP®

Registration No. 4/2887/2003

